ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

### ယောက်ျားအာဇာနည်

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)

၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက် ဗုဒ္ဓဟူးနေ့ | Wednesday, 12 July 2017 | (၈၉၈၃)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယား ဝါရင့်ဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်းအား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယား ဝါရင့်ဝန်ကြီးအား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃



## မိသားစုစီမံကိန်း ထိထိရောက်ရောက်အသုံးချနိုင်ရန် ပံ့ပိုးပေးခြင်းသည် လူဦးရေတိုးနှုန်းလျှော့ချရန် အထိရောက်ဆုံးနည်းလမ်းဖြစ်

# ၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးသိန်းဆွေနှင့် ဒေါက်တာမျိုးသိမ်းကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံအမတ်ကြီးများနှင့် သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာဆရာမ များ၊ ကျောင်းသား ကျောင်းသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ၊ INGOs, NGOs များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာ စကားပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂက ကမ္ဘာ့ လူဦးရေ သန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ပါ ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီး ဖြေရှင်း ရမည့် လူဦးရေဆိုင်ရာပြဿနာများကို အာရုံစိုက်မိလာ စေရန်အတွက် ၁၉၉၀ ပြည့်နှစ်မှစပြီး ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ဆောင်ပုဒ်မှာ "တိုင်းပြည် သာယာဖွံ့ဖြိုးဖို့ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်လို့၊ မိသားစု စီမံကိန်းချမှတ်စို့" "Family Planning: Empowering People, Developing Nations" ဖြစ်ပါကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪



ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနား၌ ခင်းကျင်းပြသထားမှုများကို ဒုတိယသမ္မတ ဦးမြင့်ဆွေ လှည့်လည်ကြည့်ရှုစဉ်။

## ချင်းတွင်းမြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၁ -** ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် သုံးပေခန့်၊ ဖောင်းပြင်မြို့တွင် နှစ်ပေခွဲခန့်၊ မော်လိုက်မြို့တွင် ငါးပေခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် သုံးပေခွဲခန့်စီနှင့် မုံရွာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် တစ်ပေခန့်နှင့် ဖောင်းပြင်မြို့တွင် တစ်ပေခွဲခန့်၊ နောက်သုံးရက်အတွင်း မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မုံရွာမြို့တွင် တစ်ပေခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## တော်လှန်ရေးရဲဘော်ဟောင်းကြီးတစ်ဦးပြောသည့် ဗိုလ်ချုပ်အောင်ဆန်းအမှတ်တရပုံရိပ်များ

**နှစ် (၇၀)ပြည့် အာဇာနည်နေ့အကြိုဆောင်းပါး**

စာမျက်နှာ - ၆



ကြေးမုံ

# ကြေးမုံ

# ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်း

ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ကြီးကို ဖြတ်သန်းလျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်ကို တည့်မတ်ခိုင်မာစွာတည်ဆောက်လုပ်ကိုင်ရာ၌ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံအစိုးရကို ကိုယ်စားပြုလုပ်ကိုင် ဆောင်ရွက်ကြရသူများဖြစ်သည်။

ဒီမိုကရေစီခေတ်ကာလတွင် ပြည်သူတို့ ရွေးချယ်တင်မြှောက်လိုက်သောအစိုးရသည် သတ်မှတ်ကာလအလိုက်သာ တာဝန်ယူဆောင်ရွက်ကြရသည်။ အစိုးရအဖွဲ့မှာ ကာလအလိုက် အပြောင်းအလဲဖြစ်နေသဖြင့် အုပ်ချုပ်ရေးယန္တရား အဆက်ပြတ်မသွားရေး၊ အဖွဲ့အစည်းတစ်ခုလုံးအတွက် မှတ်တမ်းမှတ်ရာများ မပျောက်မသွားစေရေး၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစသည့် နိုင်ငံတော်ယန္တရားကြီးကို ဟန်ချက်ညီညီ တည်တည်ငြိမ်ငြိမ် လည်ပတ်စေရေး ကိစ္စအရပ်ရပ်တို့ကို ထိန်းသိမ်းဆောင်ရွက်ရသည်မှာ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။

ထိုသို့ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံအတွက် အရေးပါသည့်အခြေအနေများနှင့် ဆောင်ရွက်ဖွယ်ကိစ္စတို့ကို ယမန်နေ့က နေပြည်တော်၌ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ထုတ်ပြန်ကြေညာသည့်အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားသွားခဲ့သည်။

နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းဆိုသည်မှာ အုပ်ချုပ်ရေးယန္တရားကို ကောင်းမွန်ချောမွေ့စွာဖြင့် လည်ပတ်မောင်းနှင်ပေးနေသော ပြည်သူ့ဝန်ဆောင်မှု အဖွဲ့အစည်းဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် ခက်ခဲနက်နဲသော အသွင်ကူးပြောင်းမှုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှု အဖွဲ့အစည်းများအတွင်း ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသည် ထိုပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးမောင်းနှင်နိုင်သော အင်အားတစ်ရပ်ဖြစ်ရပါမည်။

နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူ့ဝန်ဆောင်မှုများကို ထိရောက်စွာနှင့် ခွဲခြားဆက်ဆံခြင်းကင်းစွာ ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားများရှိနေပြီး ပြည်သူများကြားတွင် ရွေးချယ်ခံအစိုးရကို ကိုယ်စားပြုနေသူများ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ရှေ့ဆက်တိုးတက်စေရေးနှင့် နိုင်ငံတော်အစိုးရအပေါ် ပြည်သူလူထုမှ ယုံကြည်မှုပိုမိုရရှိစေရေးတွင် နိုင်ငံ့ဝန်ထမ်းများသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အစိုးရပုံရိပ်ကို ကောင်းမွန်အောင် ဖန်တီးနိုင်သည်မှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ပြီး အစိုးရပုံရိပ်ကို ကျဆင်းအောင်ပြုလုပ်နိုင်သည်မှာလည်း နိုင်ငံ့ဝန်ထမ်းများဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများဆိုသည်မှာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်ကြံပြုမူလုပ်ကိုင်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးလည်မသုန်ထမ်းဆောင်ရမည့်သူများ ဖြစ်သည်။ နိုင်ငံနှင့် ပြည်သူအကျိုးစီးပွားကို အလေးမထားဘဲ ဥပဒေစည်းကမ်းများကို ဖောက်ဖျက်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သည်အထိ အရေးယူခြင်း ခံရနိုင်သည်။ ဒီမိုကရေစီစနစ်တွင် မလုပ်၊ မရှုပ်၊ မပြုတ် ဟူသော အတွေးအခေါ်များ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မထားရှိဘဲ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရအပေါ်တွင် တာဝန်ခံရမည်ဖြစ်သည်။

အစိုးရ၏လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သမာသမတ်ရှိရှိ၊ လုပ်ငန်းတာဝန်သိသိ၊ အသိဉာဏ်ပါပါ၊ နိုးနိုးကြားကြား၊ တက်တက်ကြွကြွ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းများမှာ ပြုပြင်ပြောင်းလဲဆောင်ရွက်လာမှုများကြောင့် ပြည်သူ့ဝန်ထမ်းများအဖြစ် အတိုင်းအတာတစ်ခုအထိ ပြောင်းလဲလာပြီဟုဆိုနိုင်သည်။ အစိုးရက နိုင်ငံ့ဝန်ထမ်းများအား ကောင်းမွန်သည့်အခြေအနေကောင်းများကို ဖန်တီးဆောင်ရွက်ပေးနေချိန်တွင် အစိုးရနှင့် ပြည်သူတို့အပေါ်တွင် သစ္စာရှိစွာဖြင့် စေတနာထားဆောင်ရွက်ပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ အစီအမံများသည် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာများတွင် ပါဝင်သဖြင့် အဆိုပါမျှော်လင့်ချက်များကို အပြည့်အဝ ဝိုင်းဝန်းအကောင်အထည်ဖော်ကာ နိုင်ငံတကာအဆင့်မီ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရပါမည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မကွေးတိုင်းဒေသကြီးအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇူလိုင် ၉ ရက် နံနက်ပိုင်းက မန်းရေနံမြေ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လအလိုက်နေ့စဉ်ပျမ်းမျှလျာထားချက်နှင့် အမှန်ထုတ်လုပ်နိုင်မှု အခြေအနေ၊ သုံးလပတ်အလိုက်လျာထားချက်နှင့် အမှန်ထုတ်လုပ်မှုအခြေအနေ၊ ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



ထို့နောက် မန်းရေနံမြေစက်ရုံအတွင်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စက်ရုံ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူက ရှင်းလင်းတင်ပြရာ ရေနံစိမ်းထုတ်လုပ်မှု အဆင့်ဆင့်နှင့် ရေနံမြေအတွင်းရှိ ဓာတ်ငွေ့သုံး လျှပ်စစ် ဓာတ်အားပေးစက်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များမှာကြားသည်။

ယင်းနောက် ထောက်ရှာပင်/ကမ်းနီရေနံမြေ လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စီမံကိန်းတာဝန်ခံက ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး တွင်းအမှတ်(၈၇၅) တွင် တွင်းတူးစက် ZJ 70 L SR -II ဖြင့် ရေနံသဘာဝဓာတ်ငွေ့တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပုရာကန်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း ရေနံစိမ်းရရှိမှုနှင့် ချက်လုပ်မှု၊ ရေနံထွက်ကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု အခြေအနေတို့ကို လည်းကောင်း၊ ဧရာဝတီမြစ်ကမ်းဘေးရှိ Product Barge Jetty နှင့် LPG Terminal Jetty အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ယင်းနောက် မင်းလှ - မင်းဘူး လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေ၊ ဧရာဝတီတံတား (မကွေး) ကြံ့ခိုင်မှုနှင့် နေပြည်တော်- တောင်ညို- မြို့သစ်- ကန်ပြား (မကွေး)လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

## မြောက်ဦးမြို့နယ်၌ ယခုနှစ် စိုက်ပျိုးစရိတ်ချေးငွေ ၁၀ ဒသမ ၃၅၆၃ ဘီလီယံ ထုတ်ချေးပေးရန် လျာထား

**မြောက်ဦး ဇူလိုင် ၁၁**

မြောက်ဦးမြို့နယ်သည် ရခိုင်ပြည်နယ်အတွင်း ဆန်စပါးစိုက်ပျိုးမှု အများဆုံးမြို့နယ်တစ်ခုဖြစ်၍ ယခုနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၀ ဒသမ ၃၅၆၃ ဘီလီယံအထိ ထုတ်ချေးသွားရန်လျာထားကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေရယူလိုသည့် တောင်သူလယ်သမားများကို လယ်တစ်ဧကလျှင် တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း မြောက်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးမိုးဇော်ရွှေက ပြောသည်။

မြောက်ဦးမြို့နယ်အတွင်းရှိ တောင်သူများ မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေချေးရန် ကျန်ရှိနေသောတောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း မြောက်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

လက်ရှိအချိန်တွင် မြောက်ဦးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများက မိုးစပါးများကို စတင်စိုက်ပျိုးနေကြပြီဖြစ်ပြီး ယမန်နှစ်က စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ပေးဆပ်သည့် တောင်သူလယ်သမားများအား ယခုနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



**သီလရှင်ဆရာကြီး ဒေါ်သုတနန္ဒီ (သဘာဝတရားရိပ်သာ)က မြတ်သောဒါနကုသိုလ်အဖြစ် ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ ငွေကျပ် ၁၃၂၂၀၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းမျိုးစုံ ပေးအပ်လှူဒါန်းရာ သူနာပြုအုပ် ဆရာမကြီး ဒေါ်သင်းသင်းမာက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၆၈၄)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်(ရွှေဈေး) ၈၈၈၀၀၀ - ၈၈၈၀၀၀၊ မန္တလေး(ရွှေဈေး) ၈၈၈၀၀၀ - ၈၈၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၅၀/၆၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၅/၆၇၃ ကျပ်၊ | ၆၈၀/၇၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၅/၅၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၀/၆၁၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၅၇၀/၅၈၀ ကျပ်

**၄-၇-၂၀၁၇ ရက်နေ့မှ ၁၀-၇-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၅၈၅ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၁၅ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၁၀ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၂၅ ကျပ် ဖြစ်ပါသည်။** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၅၄. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၀. ၄၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၉၇၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၅၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၄. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၆၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၇. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၄. ၇၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လူတန်းစေ့စေ့ နေနိုင်ဖို့

ကျွန်တော်တို့ ပြောကောင်းရုံကလေးအတွက် ကြိုးပမ်းနေကြတာမဟုတ်ဘူး။ ခပ်တိုတိုပြောရင် လူတန်းစေ့စေ့နေနိုင်အောင် လုပ်ပေးဖို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတာ၊ အဲဒီတော့ လွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့စေ့နေနိုင်ဖို့ အလုပ်တွေကို မလုပ်ရဘဲ ကဖျက်ယဖျက်သမားတွေရဲ့ နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနဲ့သာ အချိန်ကုန်နေကြရမယ်ဆိုရင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ကို ရှိမှာမဟုတ်ဘူး။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ ရေဒီယိုအသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယား ဝါရင့်ဝန်ကြီး မစ္စတာပရတ်ဆုတ်ခွန်းအား လက်ခံတွေ့ဆုံ


**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကမ္ဘောဒီးယားနိုင်ငံ၏ ဝါရင့်ဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာပရတ်ဆုတ်ခွန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့်ကုန်သွယ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နှစ်နိုင်ငံပြည်သူများထိတွေ့ဆက်ဆံမှုပိုမိုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီးဦးကျော်တင်၊ ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ဝါရင့်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Sok Chea လည်း တက်ရောက်သည်။

**(သတင်းစဉ်)**





# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယား ဝါရင့်ဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာပရတ်ဆုတ်ခွန်းအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား မွန်-ခမာ ယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်သွားရေး၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များ ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့နိုင်ရေးအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ၌ တရားဝင်ခရီးရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီးနှင့် အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်နှင့် လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကြကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်မုခ် ရတနာဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အမျိုးသားပြတိုက်သို့ရောက်ရှိပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ထိုမှတစ်ဆင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ရောက်ရှိပြီး ကျောက်မျက်ရတနာပြတိုက် အရောင်းခန်းမအတွင်းရှိ ပြခန်းများ၊ မြန်မာ့ကျောက်မျက်ရတနာများ၊ ပုလဲနှင့် ကျောက်စိမ်းလက်ဝတ်ရတနာများကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**






# တောင်ကိုရီးယားအခြေစိုက် အမေရိကန်တပ်ဖွဲ့ မြို့တော်တောင်ဘက်ရှိ စစ်စခန်းသစ်သို့ ရွှေ့ပြောင်း

**ဆိုးလ် ဇူလိုင် ၁၁**
တောင်ကိုရီးယားနိုင်ငံ အခြေစိုက် အမေရိကန်တပ်ဖွဲ့များသည် နိုင်ငံအတွင်းပျံ့နှံ့ တည်ရှိနေသော စစ်စခန်းများကို တစုတစည်းရှိနေရန် ရည်ရွယ်လျက် ဆိုးလ်မြို့တောင်ဘက်တွင် ဖွင့်လှစ်ထားသည့် စစ်အခြေစိုက်စခန်းသစ်သို့ ပြောင်းရွှေ့လျက်ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

**-- ရွှေ့ပြောင်း --**

တောင်ကိုရီးယားနိုင်ငံ အမှတ်-၈ ကြည်းတပ် ဌာနချုပ်ကို ဆိုးလ်မြို့တောင်ဘက် ကီလိုမီတာ ၇၀ အကွာ ပြုံတက်မြို့ရှိ ဟမ်ဖရေးစခန်းသို့ ရွှေ့ပြောင်းခဲ့ပြီး ဇူလိုင် ၁၁ ရက်တွင် စစ်ဌာနချုပ်အသစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ **(အပေါ်ပုံ)** အဆိုပါ စစ်ဌာနချုပ်သည် ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ဆိုးလ်မြို့မြောက်ဘက်ရှိ အမှတ်(၂) မြေလျှင်တပ်မဌာနချုပ်၊ ဆိုးလ်မြို့အလယ်ပိုင်း ယောင်ဆန်ရှိ အမှတ်-၈ အမေရိကန်ကြည်းတပ်ဌာနချုပ်တို့သည် နေရာရွှေ့ပြောင်းရေးအစီအစဉ်တွင် အကျုံးဝင်သည်။

**-- ဆုံးဖြတ်ခဲ့ --**

၁၉၅၀-၁၉၅၃ ခုနှစ် ကိုရီးယားစစ်ပွဲအပြီး တောင်ကိုရီးယားနိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ ဖြန့်ကြက်ရေးအစီအစဉ်အရ အမေရိကန်၏ အမှတ်-၈ ကြည်းတပ်ကို ရှေ့တန်းတပ်ဖွဲ့အဖြစ် အမြဲတမ်း ဖြန့်ကြက်ထားရန် ဆုံးဖြတ်ခဲ့သည်။

တောင်ကိုရီးယား အခြေစိုက် အမေရိကန်တပ်ဖွဲ့များကို ယခုနှစ်ကုန်ထက်နောက်မကျဘဲ စစ်စခန်းသစ်သို့ရွှေ့ပြောင်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယား အခြေစိုက် အမေရိကန်တပ်ဖွဲ့ ၂၈၅၀၀ ကျော် အနက်အများစုကို ပြုံတက်သို့ ပြောင်းရွှေ့ထားမည်ဖြစ်ကြောင်း သိရသည်။

**-- သဘောတူခဲ့ --**

အမေရိကန်တပ်ဖွဲ့များ နေရာသစ် ပြောင်းရွှေ့ချထားရေးအစီအစဉ်ကို ၂၀၀၃ခုနှစ် အစောပိုင်းတွင် တောင်ကိုရီးယား သမ္မတ နိုမူဟွန်းနှင့် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်တို့က သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ အစီအစဉ်အရ တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်စစ်စခန်း ၉၁ခုကို တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းဒေသနှင့် ပြုံတက်အနီးပတ်ဝန်းကျင်ရှိ အဓိကစစ်အခြေစိုက်စခန်းနှစ်ခုသို့ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်သည်။

**ဆင်ဟွာ။**

# ရေနံနှင့် ဓာတ်ငွေ့သိုက်များကို မောင်ပိုင်မစီးရန် ဂရိနွယ်ဖွား ဆိုက်ပရပ်ကို တူရကီ သတိပေး

**အစ္စတန်ဘူလ် ဇူလိုင် ၁၁**
နှစ်ပိုင်းကွဲကွာနေသော ဆိုက်ပရပ်ကျွန်း အနီးတစ်ဝိုက်ရှိ ရေနံနှင့်ဓာတ်ငွေ့သိုက်များကို မောင်ပိုင်မစီးရန် တူရကီနိုင်ငံက ဂရိနွယ်ဖွား ဆိုက်ပရပ်ခေါင်းဆောင်များကို သတိပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂရိနွယ်ဖွား ဆိုက်ပရပ်နှင့် တူရကီနွယ်ဖွား ဆိုက်ပရပ်ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ဆွေးနွေးပွဲသည် ဇူလိုင် ၇ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ၌ အငြင်းအခုန်ဖြစ်မှုများနှင့် စောဒကတက်မှုများဖြင့် အဆုံးသတ်ခဲ့ရပြီးနောက် တူရကီနိုင်ငံက အထက်ပါအတိုင်း သတိပေးလိုက်ခြင်းဖြစ်သည်။

ဆိုက်ပရပ်ကျွန်း ပြန်လည်ပေါင်းစည်းရေးနှင့်ပတ်သက်၍ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခကို အဆုံးသတ်စေရန် ဆွေးနွေးပွဲက အထောက်အကူပြုလိမ့်မည်ဟု ဒေသတွင်းနိုင်ငံများက မျှော်လင့်ချက်ထားရှိခဲ့ကြသော်လည်း နှစ်ဖက်သဘောထားကွဲလွဲမှုများကို စေ့စပ်ညှိနှိုင်း၍မရနိုင်အောင် ဖြစ်ခဲ့ရပြီး ဒေါသတကြီး ဝေဖန်ပြောဆိုမှုများနှင့်အတူ ဆွေးနွေးပွဲ ပျက်ပြားသွားခဲ့ရသည်။

**သိမ်းပိုက်**

ဆိုက်ပရပ်ကျွန်းသည် ၁၉၇၄ ခုနှစ်မှစ၍ တူရကီနွယ်ဖွား ဆိုက်ပရပ်နှင့် ဂရိနွယ်ဖွား ဆိုက်ပရပ်ဟူ၍ နှစ်ပိုင်းကွဲခဲ့ရသည်။ ယင်းနှစ်တွင် တူရကီ တပ်ဖွဲ့များက မြောက်ပိုင်းဒေသအတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ သိမ်းပိုက်ခဲ့ကြသည်။

ဆိုက်ပရပ်ကျွန်းကို နိုင်ငံပိုင်နက်နှင့် ချိတ်ဆက်ရန် ရည်ရွယ်လျက် ဂရိအစိုးရ ထောက်ခံသော အာဏာသိမ်းပွဲတစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် တူရကီတပ်ဖွဲ့များက ကျူးကျော်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ ဆိုက်ပရပ်မြို့တော် နီကိုးရှားတွင် လူမျိုးစုအလိုက် စည်းခြားထားသော နယ်နိမိတ်မျဉ်းကြောင်း သတ်မှတ်ထားပြီး စစ်မဲ့ဇုန်တွင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ကို ဖြန့်ကြက်ထားသည်။ **(အောက်ပုံ)** **ရိုက်တာ။**




## နိုင်ငံတကာ စီးပွားရေး ပိတ်ဆို့မှုများကြောင့် ဓာတ်ဆီဈေးတက်ရဟု မြောက်ကိုရီးယား ဝန်ခံ

**ပြုံယမ်း ဇူလိုင် ၁၁**
နိုင်ငံတကာမှ အရေးယူဒဏ်ခတ်ပိတ်ဆို့မှုကြောင့် မြောက်ကိုရီးယားတွင် လပေါင်းအတန်ကြာမျှ ဓာတ်ဆီဈေးနှုန်း တရိပ်ရိပ်မြင့်တက်မှုကို ခံစားရကြောင်း မြောက်ကိုရီးယားအစိုးရ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၀ ရက်တွင် ပထမဆုံးအကြိမ် ဝန်ခံပြောကြားလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံတွင် ဓာတ်ဆီဈေးနှုန်းသည် ဧပြီလဝန်းကျင်တွင်ရှိခဲ့သည့်ဈေးနှုန်းထက် တစ်ဆခွဲခန့်ပိုမိုမြင့်တက်ခဲ့ကြောင်း ယင်းနိုင်ငံ၏ နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ သုတေသီများအဖွဲ့မှ ညွှန်ကြားရေးမှူး ကင်ချုံးက ပြုံယမ်းမြို့၌ ကျိုဒိုသတင်းဌာနနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံတွင် စက်သုံးဆီဈေးနှုန်း ထိန်းချုပ်ရေးအတွက် ပြည်သူများအနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များ ပိုမိုအသုံးပြုကြရန်နှင့် စက်ဘီးစီးကြရန်တိုက်တွန်းကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**

# အမေရိကန် စစ်လေယာဉ် မစ္စစ္စပီပြည်နယ်တွင် ပျက်ကျ လူ ၁၆ ဦးထက်မနည်း သေဆုံး

**ဂျက်ဆန် ဇူလိုင် ၁၁**
အမေရိကန် စစ်ဘက်ဆိုင်ရာ လေယာဉ်တစ်စင်းသည် ဇူလိုင် ၁၀ ရက် ညနေပိုင်းက မစ္စစ္စပီပြည်နယ်၏ ကျေးလက်တောနယ်တစ်နေရာ၌ ပျက်ကျခဲ့ရာ လူ ၁၆ ဦးထက်မနည်းသေဆုံးကြောင်းဒေသဆိုင်ရာ အရေးပေါ်လုပ်ငန်းများ စီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(အောက်ပုံ)**



မစ္စစ္စပီပြည်နယ်မြို့တော် ဂျက်ဆန်၏ မြောက်ဘက် ကီလိုမီတာ ၁၆၀ (မိုင် ၁၀၀) အကွာရှိ လီဖလောစီရင်စုတွင် ယင်းလေယာဉ်ပျက်ကျခြင်းဖြစ်ပြီး ယင်းလေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းကို မသိရသေးပေ။

အမေရိကန် ကမ်းတက်တပ်ဖွဲ့မှ ကေစီ-၁၃၀ ဟာကျူလီအမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းသည် မတော်တဆမှုတစ်ခုနှင့် ကြုံတွေ့ရကြောင်း ကမ်းတက်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးဆာရာဘန်းစ်က ပြောကြားသည်။

လီဖလောစီရင်စု အရေးပေါ်လုပ်ငန်းများ စီမံခန့်ခွဲရေးဌာနမှ ညွှန်ကြားရေးမှူး ဖရက်ဒ်ရန်ဒယ်၏ ပြောကြားချက်အရ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူ ၁၆ ဦးထက်မနည်းရှိသည်ဟု သိရသည်။

**-- ပျံသန်းလာခဲ့ --**

အဆိုပါလေယာဉ်သည် မြောက်ကယ်ရိုလိုင်းနားပြည်နယ် ချယ်ရီပွိုင့်မြို့ရှိ ကမ်းတက်တပ်ဖွဲ့ လေတပ်အခြေစိုက်စခန်းမှ စတင်ပျံသန်းလာခြင်းဖြစ်ကြောင်း ပြည်ထောင်စု လေကြောင်းပျံသန်းမှု စီမံအုပ်ချုပ်ရေးအဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ချားလော့ (ဒဗလျူအက်စ်အိုစီ) ရုပ်မြင်သံကြားသတင်းဌာနက ဖော်ပြသည်။

ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)မှ တာဝန်ရှိသူများကို အခင်းဖြစ်နေရာသို့ စေလွှတ်ထားကြောင်း ဗျူရိုမှ ပြောရေးဆိုခွင့်ရှိသူ ဘားရက်ကားက နယူးယောက်တိုင်းမ် သတင်းစာသို့ ပြောကြားသည်။ မရိုးသားသော အကြောင်းအချက်တစ်ရပ်ကြောင့် လေယာဉ်ပျက်ကျရသည်ဟု မယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။ **ရိုက်တာ။**

# ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ဝင်ငွေခွန်ဆိုင်ရာ အခွန်နှုန်းတစ်ရပ်ကို တိုးမြှင့်ခဲ့

**နေပြည်တော် ဇူလိုင် ၁၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တိုင်းဒေသကြီး အစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်သူ့ငွေစာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျိုတိုနောက်ဆက်တွဲစာချုပ်၏ ဒုတိယမြောက် ကတိကဝတ်ကာလဖြစ်သည့် "ဒိုဟာ"ပြင်ဆင်ချက်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရန်ကိစ္စ၊ အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးပေးသွင်းရန်ကိစ္စနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက်သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရန်ကိစ္စတို့နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရှင်းလင်းတင်ပြသည်။

**အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးပေးသွင်းရန်ကိစ္စနှင့် စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွင် နိုင်ငံအဆင့် အဖွဲ့ဝင် ၈၄ နိုင်ငံ၊ အစိုးရဌာနအဖွဲ့ အစည်းအဆင့် အဖွဲ့ဝင် ၁၂၁ ဖွဲ့၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအဆင့် အဖွဲ့ဝင် ၉၈၂ ဖွဲ့ ဖြင့် ဖွဲ့စည်းထားပါကြောင်း၊ အဖွဲ့၏ Regulation (22)အရ အဖွဲ့ဝင်များမှ နှစ်စဉ်ကြေးပေးသွင်းရမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နှစ်စဉ် ကြေးနှုန်းထားသတ်မှတ်ခြင်းကို လေးနှစ်တစ်ကြိမ်ကျင်းပသည့် ယင်းအဖွဲ့၏ ကမ္ဘာ့ထိန်းသိမ်းရေးညီလာခံကာလအတွင်း ဆောင်ရွက်လေ့ရှိပြီး အဆိုပါ သတ်မှတ်ချက်သည် နောက်တစ်ကြိမ်ကျင်းပသည့် ညီလာခံအထိ လေးနှစ်ကြာတည်မြဲပါကြောင်း။

နိုင်ငံအဆင့်အဖွဲ့ဝင်များ (State Member)အတွက် အဖွဲ့ဝင်ကြေး သတ်မှတ်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်ဖြစ်လာပါက ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ထည့်ဝင်ရမည့် နှစ်စဉ်ကြေးမှာ CHF(Swiss Francs) ၁၅၅၂၀ ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံဖြစ်လာပါက အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့် ပိုမိုဆက်သွယ်ဆောင်ရွက်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေအရင်းအမြစ်များ ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းအဖွဲ့မှ ကမ္ဘာ့တစ်ဝန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများမှ သုတေသနရလဒ်များ၊ အတွေ့အကြုံများနှင့် အခြားအကျိုးကျေးဇူးများကို မိမိတို့နိုင်ငံမှ ရရှိနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။


ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း


အုတ်တွင်းမဲဆန္ဒနယ်မှ
ဒေါ်ချိုချို


ပုလဲမဲဆန္ဒနယ်မှ
ဒေါ်ခင်စန်းလှိုင်

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း၊ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြကြသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားပြီး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူကြောင်းကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြု၍ လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒုတိယ ခြောက်လပတ်လျာထားမှုအပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၈/၂၀၁၇) အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံသားတိုင်းသည် ဥပဒေအရ အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိပါကြောင်း၊ အခွန်မရှိဘဲ နိုင်ငံတကာမှ ငွေချေးပြီး တိုင်းပြည်ရေရှည်ရပ်တည်၍ မရပါကြောင်း၊ လျာထားချက်ထက် ပိုမိုကောက်ခံရရှိသည့် အခွန် ၁၄ မျိုးရှိပြီး လျာထားချက်ထက်လျော့နည်းရရှိသည့်အခွန် ခုနစ်မျိုးနှင့် စပ်လျဉ်းပြီး နောင်ဘဏ္ဍာနှစ်များတွင် လျာထားချက်ကို ပြည့်မီအောင် နည်းလမ်းများရှာကြံပြီး ဆောင်ရွက်သင့်ပါကြောင်း။

အစီရင်ခံစာတွင်ပါရှိသော နိုင်ငံတော်၏ရည်ရွယ်ချက်ဖြစ်သည့် သင့်တင့်သောနှုန်းထားသတ်မှတ်ပြီး Tese Base ကို ချဲ့ထွင်ခြင်းဖြင့် အခွန်အကောက်ရငွေတိုးတက်ရရှိအောင် ဆောင်ရွက်ရာတွင် အခွန်ဦးစီးဌာနမှ အချို့သောဝန်ထမ်းများက တာဝန်ကို လုပ်ပိုင်ခွင့်ထင်ပြီး အခွန်ထမ်းမည့် ပြည်သူများ၏ မသိနားမလည်မှုကို အခွင့်ကောင်းယူကာ နိုင်ငံတော်သို့ အခွန်များပြည့်ဝစွာ မရရှိအောင် လုပ်ဆောင်နေသည့် အခွန်ကောက်ဝန်ထမ်းအချို့ကို သေသေချာချာ စိစစ်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို တရားဝင်အခွန်ဆောင်ရမည့် ငွေထက်လျော့ယူမည်ဟုဆိုပြီး နိုင်ငံတော်ကို အခွန်မသွင်းစေဘဲ မိမိကိုယ်ကျိုးအတွက် အဂတိလိုက်စားနေသည့် ဝန်ထမ်းများသည် ယခုအချိန်အထိ ရှိနေဆဲဖြစ်သည့်အတွက် ထောက်ပြရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၊ ပုလဲ မဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၊ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး နှင့် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က အကြံပြုထောက်ပြဆွေးနွေးကြသည်။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၈/၂၀၁၇)အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်ချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ဝင်ငွေခွန်ကောက်ခံရရှိမှုသည် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ရရှိမှုကိုပင် မပြည့်မီဘဲ လျော့နည်းခဲ့သည်ကို သုံးသပ်ထားပါကြောင်း၊ ယင်းသို့ လျော့နည်းခဲ့ခြင်းမှာ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ဝင်ငွေခွန်ဆိုင်ရာ အခွန်နှုန်းတစ်ရပ်ကို တိုးမြှင့်ခဲ့ခြင်းကြောင့်ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် အခွန်ကောက်ခံရရှိမှုမှာ ငွေကျပ် ၁၁၈ ဒသမ ၅၁၁ ဘီလီယံ ဖြစ်သော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ငွေကျပ် ၅၀ ဒသမ ၆၆၈ ဘီလီယံသာ ကောက်ခံရရှိခဲ့သဖြင့် ငွေကျပ် ၆၇ ဒသမ ၈၄၃ ဘီလီယံ လျော့နည်းရရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ သို့ရာတွင် ဝင်ငွေခွန်တစ်ရပ်လုံးအနေဖြင့် ကြည့်ပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ငွေကျပ် ၂၃၂၆ ဒသမ ၄ ဘီလီယံ ကောက်ခံရရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၃၂၃ ဒသမ ၆၆၈ ဘီလီယံ ကောက်ခံရရှိခဲ့သည့်အတွက် ငွေကျပ် ၂ ဒသမ ၇၃၂ ဘီလီယံသာ လျော့နည်းရရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် အခွန်ငွေတိုးတက်ရရှိရေးအတွက် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လုပ်ငန်းဆက်စပ်နေသော ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီဖြင့် လုပ်ငန်းလိုင်စင်၊ လုပ်ငန်းမှတ်ပုံတင်၊ လုပ်ငန်းခွင့်ပြုမိန့် စသည်တို့ကို အခွန်တာဝန်ကျေပွန်မှုရှိ၊ မရှိစိစစ်ပြီးမှ ခွင့်ပြုစေခြင်း၊ ဝင်ငွေခွန် ဥပဒေအရ ကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်း၊ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ပေးသွင်းစေခြင်းတို့ကို တွန်းအားပေး ကြီးကြပ်ဆောင်ရွက်ခြင်း၊ လက်ရှိ ဆောင်ရွက်နေသည့် စားသောက်ဆိုင်၊ ဟိုတယ်များက ထုတ်ပေးသော ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထုတ်ပေးစေခြင်း အစီအစဉ်ကို ရွှေထည်လက်ဝတ်ရတနာများ ရောင်းချမှုတွင်လည်း တိုးချဲ့ဆောင်ရွက်စေခြင်း၊ ဆက်လက်၍ ရုပ်သံလွှင့်မီဒီယာဝန်ဆောင်မှုလုပ်ငန်းတွင်လည်း တိုးချဲ့ဆောင်ရွက်ရန် စီစဉ်ထားရှိခြင်း၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချစေသည့် အထူးကုန်စည်များဖြစ်သော အရက်၊ ဝိုင်၊ စီးကရက်တို့အပြင် ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ကိုပါ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပြီးမှ ရောင်းချရန် တိုးချဲ့ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

အလားတူ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

အဆိုပါအစီရင်ခံစာကို လွှတ်တော်က သဘောတူကြောင်းနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ရှင်းလင်းချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်ကမှတ်တမ်းတင်သည်။

**မျိုးမြင့်(သတင်းစဉ်)**

# LED စနစ်သုံး လမ်းမီးတိုင်နှင့် မီးလုံးများမိတ်ဆက်

**ရန်ကုန် ဇူလိုင် ၁၁**

မြို့ပြနှင့်ကျေးလက် လျှပ်စစ်သုံးစွဲမှုကွာဟမှု မရှိစေရေးနှင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေး ရည်ရွယ်ပြီး ဘယ်(လ်)ဂျီယံနိုင်ငံထုတ် LED စနစ်သုံး လမ်းမီးတိုင်နှင့် မီးလုံးများ ဈေးကွက်မိတ်ဆက်ပွဲနှင့် SCHREDER (MYANMAR)ဖွင့်ပွဲကို ဇူလိုင် ၉ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ MELIA HOTEL ၌ ကျင်းပသည်။

SCHREDER(MYANMAR) ၏ အောက်ဒိုးလမ်းမီးတိုင်များနှင့် အဆင့်မြင့်မီးလုံးများ ဈေးကွက်မိတ်ဆက်ပွဲသို့ မြန်မာနိုင်ငံယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ ရန်ကုန်မြို့တော် ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အင်ဂျင်နီယာများ၊ ဖိတ်ကြားထားသော ပြည်တွင်း ပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

ဘယ်(လ်)ဂျီယံနိုင်ငံထုတ် LED စနစ်သုံး အောက်ဒိုးမီးလင်းတိုင်နှင့် မီးလုံးများကို SCHREDER (MYANMAR) က မြန်မာနိုင်ငံဈေးကွက်အတွင်း အဓိကရောင်းချရသည့် ရည်ရွယ်ချက်မှာ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာမပေးနိုင်သော မြို့နယ်/ရပ်ကွက်လမ်းများ၌ အောက်ဒိုးမီးလုံးတိုင်များ အစားထိုးလဲလှယ်ပေးခြင်းဖြင့် လမ်းမီးတိုင်များ မီးလင်းနိုင်ပြီး LED စနစ်သုံးဖြစ်၍ လျှပ်စစ်ဓာတ်အား အရန်မလိုအပ်ဘဲ လျှပ်စစ်ဓာတ်အား အနည်းငယ်မျှပင် လမ်းမီးတိုင်များ မီးလင်းနိုင်အောင် အဆင့်မြင့်နည်းစနစ်ဖြင့် ပြုလုပ်ထားကြောင်း၊ ထို့အပြင် အရည်အသွေးကောင်းမွန်၍ ငါးနှစ်သက်တမ်းအာမခံချက်အတွင်း ချွတ်ယွင်းမှုရှိပါက အသစ်အစားထိုးလဲလှယ်ပေးခြင်း၊ အရည်အသွေးနှင့် အဆင့်အတန်းမြင့်မားပြီး ကြာရှည်ခံနိုင်ခြင်းကြောင့် ဥရောပ ၃၃ နိုင်ငံသာမက အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း စသည့်နိုင်ငံများတွင် မှာယူအသုံးပြုလျက်ရှိကြောင်း SCHREDER (MYANMAR) မန်နေဂျာ ဦးညဏ်လွင်အောင်က ရှင်းလင်းပြောကြားသည်။

ယနေ့ နိုင်ငံတကာ မြို့ပြနှင့်ကျေးလက်ဒေသများတွင် LED စနစ်သုံး လမ်းမီးတိုင်များကို အစားထိုးလဲလှယ်ပေးခြင်းဖြင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက်လည်း အထောက်အကူပြုနိုင်ကြောင်း မြန်မာနိုင်ငံ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ဝင်တစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။

**(စောသိန်းဝင်း)**



နှစ် (၇၀) ပြည့် အာဇာနည်နေ့အကြိုဆောင်းပါး

# တော်လှန်ရေးရဲဘော်ဟောင်းကြီးတစ်ဦးပြောသည့် ဗိုလ်ချုပ်အောင်ဆန်း အမှတ်တရပုံရိပ်များ

## ဒေါက်တာကျော်ကျော်မင်း

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ခေါင်းဆောင်ကောင်းတို့၏ ဂုဏ်ဒြပ်၊ အင်္ဂါရပ်တို့နှင့် ပြည့်စုံသူပုဂ္ဂိုလ်ထူးဖြစ်ကြောင်း ကျွန်တော်တို့အားလုံး သိကြပြီးဖြစ်ပါသည်။

ခေါင်းဆောင်ဟူသည် (The Path to Leadership) စာအုပ်ရေးသားသူ စစ်သေနာပတိကြီး ဖီးမာရှယ် မောင်ဂိုမာရီက ခေါင်းဆောင်တို့၏ အရည်အချင်းများကိုရှင်းပြချက်၌-

ရိုးသားဖြောင့်မတ်ခြင်း၊ ကိုယ်ကျင့်တရားခိုင်မာခြင်း၊ သတ္တိဗျတ္တိနှင့် မလျှော့သောဇွဲ၊ လုံ့လအပြင် ပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိမှုနှင့် လူ့သဘာဝကို ကောင်းစွာနားလည်မှုတို့ ပါဝင်သည်ဟု ဆိုခဲ့သည်။ ဤအချက်များသည် လူထုခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်တို့၏ အရည်အချင်းများပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်သည် လူထုခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်အဖြစ်သာမကဘဲ စစ်ရေးခေါင်းဆောင်ပါ ဖြစ်နေပြန်ရာ ဖီးမာရှယ် မောင်ဂိုမာရီ ရေးသားသော စစ်သားဂုဏ်ရည်တို့နှင့်ပါ ပြည့်စုံနေကြောင်း တွေ့ရပါသည်။

အထက်အမိန့်ကို နာခံတတ်ခြင်း၊ မလျှော့သောဇွဲ၊ ဝီရိယရှိခြင်း၊ မကောင်းသောစိတ်ထားတို့မှ ကင်းခြင်း၊ ရဲဘော်ရဲဘက်စိတ်ဖြင့် မိမိအသိုက်အဝန်းကို စွန့်ခွာမသွားဘဲ အခက်အခဲဟူသမျှကို ယှဉ်တွဲခံနိုင်ခြင်းတို့ ပါဝင်သော စစ်သည်ကောင်းတို့၏ ဂုဏ်ရည်ကို ဗိုလ်ချုပ်၌ အထင်အရှားပင် တွေ့မြင်နိုင်ပါသည်။

ကျွန်တော်တို့ လေးစားကြည်ညိုရသော ဗိုလ်ချုပ်၏ရဲဘော်ရဲဘက်စိတ်ဓာတ်၊ လက်အောက်ငယ်သားတို့ထက် အခွင့်အရေး ပိုမယူလိုသော စံပြစိတ်ဓာတ်တို့ကို ယခုရေးသားတင်ပြမည့် တော်လှန်ရေးရဲဘော်ဟောင်းကြီး အဘိုး ဦးစိန်ဖေ၏ ဘဝအတွေ့အကြုံများက မီးမောင်းထိုးပြသကဲ့သို့ ထင်ရှားစေလိမ့်မည်ဟု ယုံကြည်ပါသည်။

အဘိုး ဦးစိန်ဖေသည် ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာဇာတိဖြစ်ပြီး ယခုအခါ အသက် (၉၂) နှစ်ပြည့်ပြီးဖြစ်ပါသည်။ ယနေ့အချိန်အထိ ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး မှတ်ဉာဏ်နှင့် သတိတို့သည် ငယ်စဉ်ကအဖြစ်အပျက် အတွေ့အကြုံများကို အသေးစိတ်အထိ ပြန်လည်ပြောပြနိုင်ကြောင်း တွေ့ရပါသည်။

အဘိုး ဦးစိန်ဖေ မန္တလေးတွင်ကျောင်းနေစဉ်က အသက် (၁၄) (၁၅) နှစ်ခန့်ရှိနေ၍ အထူးတန်းတွင်နေရသည်။ အတန်းထဲတွင် ၁၀ တန်းပြဆရာ ဗိုလ်ခင်မောင်လေးက နိုင်ငံရေးတရားလာဟောသည်ကို နားထောင်ရဖူးသည်။

ထို့နောက် မေမြို့ တို့ဗမာအစည်းအရုံးရှိရာသို့ အမြဲသွားနေရာ ဥက္ကဋ္ဌက ဦးပုံဖြစ်သည်ကို မှတ်မိသည်ဟု ပြောပါသည်။ တစ်နေ့တွင် B.I.A ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army)က စစ်သားစုဆောင်းရန် တို့ဗမာအစည်းအရုံးသို့ရောက်လာစဉ် B.I.A တွင် မျိုးမြင့်နာမည်ဖြင့်ဝင်လိုက်သည်။

B.I.A က ပျဉ်းမနားသို့ ပို့လိုက်သဖြင့် စစ်ရုံးရှိ ဗိုလ်ထွန်းဖေ လက်အောက်၌နေခိုက် ဗိုလ်လွန်းတင် လာခေါ်၍ ရှမ်းကန်သို့ ရောက်သွားသည်။ အဘိုး ဗမာ့တပ်မတော်သို့ဝင်ချိန်က B.I.A အနေဖြင့်ဝင်ခဲ့ပြီး သုံးလကြာသောအခါ B.I.A ဖျက်သိမ်းလိုက်သဖြင့် B.D.A (ဘီဒီအေ) ဗမာ့ကာကွယ်ရေးတပ်မတော် Burma Defence Army ဖြစ်သွားပါသည်။

ရှမ်းကန်၌ ဗိုလ်ချုပ်အောင်ဆန်းနေသော (၅)ခန်းတွဲ နှစ်ထပ်အိမ် အောက်ထပ်တွင်နေရသည်။ အောက်ထပ်ရှေ့နှစ်ခန်းတွင် အဘိုးနှင့် ဗိုလ်လွန်းတင်တို့ တစ်ခန်းစီနေသည်။ နောက်ခန်းတွင် လုံခြုံရေးတပ်စိတ်ရှိသည်။ အပေါ်ထပ်တွင် ဗိုလ်ချုပ်နှင့် ဗိုလ်ချုပ်ကတော်နေသည်။ ထိုအချိန်က ဗိုလ်ချုပ်တို့ လက်ထပ်ပြီးသည်မှာ သုံးလခန့်ရှိသေးသည်ဟု ဆိုသည်။

ဗိုလ်ချုပ်နှင့် အတူနေရစဉ်က အတွေ့အကြုံများကို လွမ်းဆွတ်သတိရစွာနှင့် အဘိုးက ပြောပြန်သည်မှာ "ဗိုလ်ချုပ် သီချင်းဆိုတာကို ဘယ်သူကြားဖူးမှာလဲ၊ ကနေ့အချိန်မှာ ကြားဖူးတဲ့သူဆိုလို့ ကျုပ်ကလွဲရင် ဘယ်သူမှ မရှိတော့ဘူး"ဟု ဂုဏ်ယူစွာဖြင့် ဇာတ်ကြောင်းပြန်ခဲ့သည်။ ဗိုလ်ချုပ်ဆိုသော သီချင်းမှာ ဆရာမြို့မငြိမ်းရေးသော "သက်ဝေ" သီချင်း၏ ယောကျ်ားဆို အစပိုဒ်ပင်ဖြစ်သည်။

"မူဝံကြယ်မြေမှာခကြွေ၊ ကောင်းကင်မှာ နေလတွေကွယ်စေ . . .
မြမြင့်မိုရ် ပြိုအက်ကာကျေ၊ သွေ့ကွက်မယ် စိတ်ဝယ်မသွေ"

ဒီအပိုဒ်လေးပဲ ဆိုတယ်။ ရှေ့ဆက်မဆိုဘူး။ သူ့အပြင်က ပြန်လာတာကို ဗိုလ်ချုပ်ကတော် သိအောင်လို့ ဆိုတာဟု ပြောပါသည်။

တစ်ခါတစ်ရံတော့ ကြည် ကြည် ကြည် ဟု သံရှည်အော်ပြီး ဝင်လာတတ်သည်တဲ့။

ဗိုလ်ချုပ်ကတော်က ဘာလဲ မော်တော်ကားဟွန်းလို မြည်နေတာပြောတော့. .

"ချစ်လို့ပါကွာ"လို့ ပြန်ပြောသည်ဟု ဆိုပါသည်။

တစ်နေ့တွင် ဗိုလ်ချုပ်က အိမ်အောက်ထပ်မှာ ပက်လက်ကုလားထိုင်ပေါ်ထိုင်ပြီး စာဖတ်နေစဉ် အဘိုး ဦးစိန်ဖေ အပြင်ကပြန်လာပြီး ကပျာကယာ ဖိနပ်ချွတ်သည့်အခါ ဖိနပ်တစ်ဖက်က နောက်မှာကျန်နေရစ်သည်။ ထိုအချိန်တွင် အဘိုးက စစ်သင်တန်းမတက်ရသေးပါ။ ယူနီဖောင်းအပေါ်အင်္ကျီနှင့် ပုဆိုးဝတ်ထားပြီး ညှပ်ဖိနပ်စီးထားသည်။ ထိုအခါ ဗိုလ်ချုပ်က ရဲဘော်လာဦးခေါ်၍ စည်းကမ်းအရေးကြီးကြောင်း တရားဟောသည်။ နောက်ခန်းက ရဲဘော်နှစ်ယောက်ကိုလည်း ခေါ်ခိုင်းသည်။ ကင်းစောင့်ရဲဘော်ကိုတော့ မခေါ်ပါ။ သူ့တာဝန် သူထမ်းပါစေဟု ပြောသည်။

"မင်းတို့ မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ရတယ်ဆိုတာ ကြားဖူးသလားတဲ့ . . "

"ဟုတ်ကဲ့. . လူကြီးတွေ ပြောတာကြားဖူးပါတယ်" လို့ ပြန်ဖြေတဲ့အခါ

"အေး . . သီပေါမင်းကို အင်္ဂလိပ်က လွယ်လွယ်ဖမ်းသွားတာ
မြန်မာတွေ မညီညွတ်၊ စည်းကမ်းမရှိလို့ ဖြစ်ရတာ
နန်းတွင်းမှာလဲ မညီညွတ်၊ အပြင်မှာလဲ မညီညွတ်ကြလို့"တဲ့

"တို့ကို အင်္ဂလိပ်အုပ်ချုပ်တာက တောင်ပေါ်နဲ့ ပြည်မခွဲခြားအုပ်ချုပ်တာပဲ။ ရှမ်းပြည်မှာ ပုဒ်မ ၁၀ပဲ သုံးတယ်။ လိမ်ကောက်၊ ခါးပြ၊ မုဒိမ်းအားလုံး ပုဒ်မ ၁၀နဲ့ ဖမ်းတယ်။ လွှတ်ချင်တဲ့သူကို လွှတ်တယ်။ ဖမ်းချင်တဲ့သူကို ဖမ်းတယ်။ ဒါကြောင့် မတရားတဲ့ ဥပဒေဖြစ်တယ်။

ပြည်မမှာတော့ ပုလိပ်တစ်ယောက် တစ်လပြစ်မှု သုံးမှုရှာတင်ရတယ်။ မတင်နိုင်ရင် ပထမ၊ ဒုတိယအကြိမ် ခွင့်လွှတ်တယ်။ တတိယအကြိမ် ကျတော့ အလုပ်ဖြုတ်တယ်။ သူတို့ စကော့တလန်မှာတော့ အမှုမဖြစ်တဲ့ဒေသကို ကိုင်ရတဲ့ပုဂ္ဂိုလ်ကို ချီးကျူးရာထူးတိုးပေးတယ်။ ဒီလို မတရားတဲ့ ဥပဒေနဲ့ အုပ်ချုပ်တာမို့ မဖြစ်ရအောင် ပြည်မနဲ့ တောင်တန်း ခွဲခြားအုပ်ချုပ်တာမျိုး မဖြစ်ရအောင် လွတ်လပ်ရေးရဖို့လိုတယ်။ လွတ်လပ်ရေးရမှ ကိုယ်တိုင်သင့်တော်တဲ့ ဥပဒေရေးဆွဲနိုင်မယ်။ လွတ်လပ်ရေးရဖို့က သေနတ်ပစ်တတ်ရုံ၊ တိုက်ခိုက်ရုံနဲ့ မပြီးဘူး။ စည်းကမ်းရှိဖို့ လိုတယ်။ ဒါမှ အောင်မြင်မယ်" ပြောပြီး "သွားကြတော့"ဆိုပြီး ဗိုလ်ချုပ်စာဆက်ဖတ်သည်။

သုံးလလောက်ကြာတော့ စစ်တိုက်ချင်လို့ ဗိုလ်လွန်းတင်ကို အပူကပ်ရသည်။ ပျဉ်းမနားသစ်တောကျောင်းမှာ ဖွင့်ထားသည့် မှတ်ကျောက်သင်တန်းကျောင်းကို တက်ရသည်။ သင်တန်းကာလ သုံးလကြာသည်။ သင်တန်းဆင်းသောအခါ ဂျပန်ဗိုလ်ချုပ်အီဒါးနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ မြင်းစီးလာပြီး သင်တန်းဆင်းမိန့်ခွန်းပြောသည်။

သင်တန်းတက်စဉ်က လူများသော်လည်း သင်တန်းပြီးသောအခါ လူပေါင်း ၃၀၀ ခန့်သာ ကျန်သည်ဟုဆိုပါသည်။ သင်တန်းဆင်းပွဲတွင် ထမင်း၊ ဟင်းကောင်းကောင်းစားရသည်။ ယူနီဖောင်း၊ ဖိနပ်နှစ်ရံ၊ စောင်၊ မျက်နှာသုတ်ပဝါ၊ ခြင်ထောင်ရကြသည်။

တစ်နေ့တွင် ဗိုလ်သောင်းတန်က စာပို့ခိုင်းသဖြင့် တာဝါလိန်းရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်သို့ သွားရသည်။ အိမ်ရှေ့တွင် ပေါက်ပြားကိုင်ပြီး မြေပေါက်နေသော လူတစ်ယောက်ကို တွေ့ရ၍ "ဗိုလ်ချုပ်ဘယ်မှာလဲ။ စာပေးချင်လို့"ဟု ပြောသောအခါ "ငါဗိုလ်ချုပ်ပဲ၊ ငါ့ကိုပေး" ပြောသဖြင့် စာပေးလိုက်သည်။ ဗိုလ်ချုပ်က ယူနီဖောင်းနှင့် မဟုတ်သဖြင့် ပျဉ်းမနားတွင် ဗိုလ်ချုပ်နှင့်အတူ သုံးလနေဖူးသော်လည်း မမှတ်မိဟု ပြောပါသည်။ ဗိုလ်ချုပ်က ပြန်လို့မပြောသဖြင့် အိမ်နောက်ဘက်တွင် စောင့်နေစဉ် ပျဉ်းမနားမှာသိခဲ့သော တပ်ကြပ်ကြီး လှဖေနှင့် တွေ့သည်။

တပ်ကြပ်ကြီး လှဖေက ဗိုလ်ချုပ်၏ ကလေးသုံးယောက်ပျော်စေရန်အတွက် ဈေးထဲမှာ ငါးသွားဝယ်ပြီး တစ်ယောက်အတွက် ငါးမျှားတံသုံးချောင်းစီ လုပ်ပေးနေသည်ကို တွေ့ရသည်။ ငါးမျှားတံပထမတစ်ချောင်းတွင် ငါးမျှားချိတ်သာ တပ်ထားပြီး ဒုတိယတစ်ချောင်းတွင် ငါးအသေကို တပ်သည်။ တတိယငါးမျှားတံတွင် ငါးအရှင်၏အမြီးကို ငါးမျှားချိတ်တွင် ချိန်ထားသည်။ ပြီးလျှင် ရေကန်စပ်၌ တစ်ဦးစီအတွက် ငါးမျှားတံ သုံးချောင်းစီ စိုက်ထားပေးပြီး ငါးမျှားကြိုးများကို ရေထဲသို့ ချထားသည်။ ကလေးများ လာသောအခါ ငါးမျှားတံမှ ကြိုးများကို ရေထဲမှ ဆွဲထုတ်ပေးသည်။ ပထမကြိုးမှ ငါးမပါသောအခါ ကလေးများက "ဟင်"ဆို၍ စိတ်ပျက်ကြသည်။ ဒုတိယကြိုးမှ ငါးအသေပါလာသောအခါလည်း သိပ်မပျော်ကြ။ တတိယကြိုးမှ ဆတ်ဆတ်ခုန်နေသော ငါးကိုတွေ့သောအခါမှ ကလေးများက လက်ခုပ်တီးခုန်ပေါက်ပြီး ပျော်ကြသည်ကို တွေ့ရသည်။

မျိုးချစ်ဗမာ့တပ်မတော် (PBF) (Patriotic Burma Force) အချိန်တွင် အဘိုး ဘယ်ရီဘယ်ရီရောဂါရ၍ ဆေးရုံတက်ရသည်။ ထို့နောက် ရန်ကုန်မြေနီကုန်းတပ်မှ မေမြို့အင်ဂျင်နီယာတပ် (Sapper-miner) သို့ တပ်ပြောင်းရသည်။ ထိုအချိန်တွင် အင်္ဂလိပ်အုပ်ချုပ်ရေးဖြစ်နေသည့်အတွက် တပ်ရင်းမှူးသည် အင်္ဂလိပ်လူမျိုးဖြစ်ပြီး ကာနယ်စတက်ဟု ခေါ်ကြသည်။ အဘိုး မေမြို့အင်ဂျင်နီယာတပ်၌ရှိနေစဉ် ဗိုလ်ချုပ်လာသည်ကို နှစ်ကြိမ်ကြုံရသည်။

ပထမတစ်ကြိမ်လာသောအခါ မေမြို့ညီတော်ကွင်း လူထုအစည်းအဝေးပွဲ၌ မိန့်ခွန်းပြောသည်။ မိန့်ခွန်းပြောပြီးနောက် ဗိုလ်ချုပ်တို့ ထမင်းစားရန် ယခုအထက(၁)၌ ထမင်းပွဲပြင်ထားသည်။ စားပွဲများချထားပြီး စားပွဲခင်း ခင်းထားသည်။ ကြွေပန်းကန်များကိုလည်း ချထားသည်။ စားပွဲတစ်လုံးတွင် လူလေးယောက်မျက်နှာချင်းဆိုင်ထိုင်ရန်ဖြစ်သည်။ စားပွဲများမှာ နေရာအမျိုးမျိုးက ငှားလာခြင်းဖြစ်၍အနိမ့်အမြင့် မညီကြပါ။



ဗိုလ်ချုပ်က ဟင်းအိုးများကို လိုက်ကြည့်သောအခါ ဘူးသီးနှင့် ကြက်ရိုးဟင်း၊ ကျောက်ဖရုံနှင့် ဆိတ်ရိုးဟင်းနှစ်မျိုးနှင့် လူကြီးများအတွက် ကြက်သား၊ ဆိတ်သား၊ ကြက်အသည်းအမြစ်၊ ဆိတ်ကလီစာဟင်းတို့ကိုလည်း တွေ့သည်။ ကြက်သားနှင့် ကြက်အသည်းအမြစ်တို့ကို ကြက်ရိုးဘူးသီးဟင်းအိုးထဲသို့ ထည့်မွှေခိုင်းသည်။ ဆိတ်သား၊ ဆိတ်ကလီစာကို ဆိတ်ရိုးဟင်းအိုးထဲ ထည့်မွှေခိုင်းသည်။

စားပွဲများပေါ်က စားပွဲခင်းများကို ဖယ်ခိုင်းသည်။ ကွဲရင်မလျော်နိုင်ဘူးဆိုကာ ကြွေပန်းကန်များကို ပြန်ပို့ခိုင်းသည်။ ဈေးထဲသွားပြီး အင်ဖက်နှင့် ငှက်ပျောဖက် ဝယ်ခိုင်းသည်။ ရလာသော ဖက်များခင်း၍ ထမင်းပုံပေးရသည်။ ဟင်းရည်တွေကို ဆမ်းခိုင်းသည်။ ဗိုလ်ချုပ်က စားပွဲထိပ်မှာထိုင်၍ ကျန်လူများအားလုံး နေရာယူကြရသည်။ လူပေါင်း ၈၀ ခန့် ရှိသည်ဟု ဆိုပါသည်။ ပြီးလျှင် စားကြပါဆိုတော့ လူတွေအားလုံး မလှုပ်မရှား တွေကြည့်နေကြသည်။ ဘာဖြစ်လို့လဲ ထမင်းပဲဗျာပြောပြီး သူကိုယ်တိုင်လက်နှင့် ယူစားသည့်အခါမှ လူအားလုံးလိုက်စားကြသည်ဟု ဆိုပါသည်။ ဒုတိယအကြိမ်လာသောအခါ ယခုအမက(၄) ဖြစ်နေသော နှစ်ထပ်ကျောင်းအပေါ်ထပ်တွင် ထမင်းပွဲပြင်ထားသည်။ တစ်ခန်းလုံး ဒံပေါက်ထမင်း၊ ဟင်းနံ့ မွှေးနေသည်ဟု အဘိုးက မှတ်မှတ်ရရ ပြောပါသည်။ ဗိုလ်ချုပ်နောက်ဘက်လှေကားက တက်လာပြီး အားလုံးသုံးဆောင်ကြပါပြောပြီး ရှေ့လှေကားမှ ပြန်ဆင်းသွားသည်ဟု ဆိုပါသည်။

ဗိုလ်ချုပ်မှာ ပြင်ထားသော ထမင်းကိုမစားဘဲ မေမြို့ (၆) ကွက်တွင် နေသော တိုင်းပြုပြည်ပြု လွှတ်တော်အမတ် ဦးသန်းညွန့် အိမ်သို့သွားသည်။ ရောက်လျှင် ဦးသန်းညွန့်ကလေးနှစ်ယောက်ကို ဈေးထဲသို့ မုန့်ဟင်းခါးနှစ်ပွဲသွားဝယ်ခိုင်းသည်။ ထမင်းရှိသလား မေးသောအခါ ဦးသန်းညွန့်ဇနီးက ရှိတော့ရှိတယ်။ အေးနေပြီ။ ချိုးလည်း နည်းနည်းကပ်နေတယ်။ ထမင်းပါဝယ်လိုက်မယ် ပြောသောအခါ မဝယ်နဲ့ဟု ပြောသည်။ ကလေးနှစ်ယောက် လမ်းကူးရင် သေသေချာချာ လမ်းကြည့်ကူးကြဖို့မှာသည်။ ဝယ်လာသော မုန့်ဟင်းခါးနှင့် ထမင်းရောစားပြီး ပြန်သွားခဲ့သည်။

အဘိုး ဘာကြောင့် ဒီလိုစီစဉ်ထားတဲ့ ထမင်းမစားတာလည်း မေးကြည့်ရာ ဗိုလ်ချုပ်က ခမ်းခမ်းနားနားလုပ်တာမကြိုက်လို့ထင်သည်ဟု ပြောပါသည်။

ဗိုလ်ချုပ်၏ တကယ့်စိတ်ဓာတ်ကို အောက်တွင်ဖော်ပြမည့် ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်) ရေးသော "ဗိုလ်ချုပ် ဒေါသထွက်သောနေ့" ဆောင်းပါးတွင် ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

ဗိုလ်တာရာ၏ ရေးသားချက်များကို အကျဉ်းချုံး တင်ပြပါမည်။

ဗိုလ်ချုပ်က ရုံးခန်းထဲ၌ရှိနေသော်လည်း ရှိမှန်းမသိသော ဗိုလ်ကလေးများ၊ ရဲဘော်များသည် လတ်တလော ကားပေါ်မှချလာသော စစ်ဝတ်စုံများ ညံ့ကြောင်း ဝေဖန်ရင်း တဟားဟား ပွဲကျနေကြသည်။ စစ်ဝတ်စုံများ ကြမ်းလွန်းသဖြင့် ဝတ်ရန်ကျောယားသည်။ လက်သုတ်တောင်မလုပ်ဖူးသော

စာမျက်နှာ ၇ သို့ »»

# ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) **မြစ်** ဆိုသည်မှာ ချောင်းများစီးဝင်ရာမှ ဖြစ်ပေါ်လာသော သဘာဝရေစီးကြောင်းကို ဆိုသည်။

(ဂ) **ချောင်း** ဆိုသည်မှာ သဘာဝရေအရင်းအမြစ်များစုစည်း၍ တစ်နေရာမှတစ်နေရာသို့ စီးဆင်းသော ရေစီးကြောင်းကို ဆိုသည်။"

(ခ) ပုဒ်မခွဲ(စ) တွင်ပါရှိသော "သို့ရာတွင်ကုန်းနှင့် တစ်ဆက်တည်းတည်ရှိသော ကျွန်းများမပါဝင်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ(ဌ) တွင်ပါရှိသော "မြစ်ချောင်းများပြုပြင်ထိန်းသိမ်းရန်" ဆိုသည့်စကားရပ်၏ နောက်တွင် "နှင့် ဖွံ့ဖြိုးတိုးတက်စေရန်" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (ဌ) ၏ နောက်တွင် ပုဒ်မခွဲ (ဌ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဌ-၁) **ကမ်းထိန်းအဆောက်အအုံ** ဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းပါးနယ်များ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန်သော်လည်းကောင်း၊ ကမ်းပါးတည်ငြိမ်မှု ရှိရေးအတွက်သော်လည်းကောင်း တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။"

(င) ပုဒ်မခွဲ (ဍ) ၏ နောက်တွင် ပုဒ်မခွဲ (ဎ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ပြီး မူလပုဒ်မခွဲ(ဎ)ကို ပုဒ်မခွဲ(ဏ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်-

"(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။"

(စ) ပုဒ်မခွဲ(ဎ) တွင်ပါရှိသော "ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ" ဆိုသည့်စကားရပ်ကို "ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေတွင် ပါရှိသော "ပို့ဆောင်ရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "ဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများသတ်မှတ်ခြင်း။"

၅။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) မြို့များအလိုက် စိုးရိမ်ရေမှတ်များသတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။"

(ခ) ပုဒ်မခွဲ (ဇ) တွင်ပါရှိသော "ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက်" ဆိုသည့်စကားရပ်၏ ရှေ့တွင် "မြစ်ချောင်းများတွင်" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ဍ) ၏ နောက်တွင် ပုဒ်မခွဲ (ဍ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဍ-၁) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ်တူးဖော်ခွင့်ပြုရန် လျှောက်ထားချက်ကိုစိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။"

(ဃ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဎ) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများ ကောက်ခံခြင်း။"

၆။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၆ တွင်-

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဆ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ကမ်းထိန်းအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့်ကမ်းနားနယ်တို့တွင် ရေလမ်းထိန်းအဆောက်အအုံ၊ လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ရေအသုံးပြုခြင်း၊ လုပ်ကိုင်ခွင့် လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။

(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံများ၊ တံတားများ ဆောက်လုပ်ခွင့်နှင့် ပြင်ဆင်ခွင့်လျှောက်ထားခြင်းတို့အပေါ် စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း။

(ဆ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ သဲကျုံးခြင်း၊ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းနှင့် ချောင်းကျောက် ထုတ်ခြင်းများ လုပ်ကိုင်ခွင့်လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်းများ၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့ ထိခိုက်နိုင်ခြင်း ရှိ၊ မရှိစိစစ်၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း၊"

(ခ) ပုဒ်မခွဲ (ဆ) ၏နောက်တွင် ပုဒ်မခွဲ (ဆ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ-၁) ရွှေကျင်ခြင်း၊ ရွှေ သတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ ထုတ်ယူခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် ရေလုပ်ငန်းဆောင်ရွက်ခြင်းများ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်းများ၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့ ထိခိုက်နိုင်ခြင်း ရှိ၊ မရှိစိစစ်၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း။"

(ဂ) ပုဒ်မခွဲ (ဇ) တွင်ပါရှိသော "မြစ်ချောင်းများအတွင်း" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ(ဇ)၏ နောက်တွင် ပုဒ်မခွဲ (ဈ)နှင့် ပုဒ်မခွဲ(ည)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာအသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။

(ည) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့်ဆက်စပ်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ချက်အရ မြစ်ချောင်းများအတွင်း တိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့်ရရှိလာသော မြေဧရိယာအား ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။"

၇။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ဦးစီးဌာနသည် မိမိလုပ်ငန်းတာဝန်များကိုလိုအပ်ပါက မိမိလက်အောက်ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးရုံးများ၊ မြို့နယ် ဦးစီးမှူးရုံးများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။"

၈။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့်ကမ်းနားနယ်တို့တွင် ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ-

(က) ရေလမ်းထိန်းအဆောက်အအုံ၊ လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဇောတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း၊ ယာယီမြစ်ကူးချောင်းကူးတံတား ဆောက်လုပ်ခြင်းမပြုရ။

(ခ) ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အလို့ငှာ မွေးမြူရေးကန်များ တူးဖော်ခြင်းမပြုရ။"

၉။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၃ တွင်-

"(က)ပုဒ်မခွဲ (က) တွင်ပါရှိသော "ပို့ဆောင်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ) တွင် ပါရှိသော "ဆောက်လုပ်ခြင်းမပြုရ" ဆိုသည့် စကားရပ်ကို "လမ်းများနှင့် ကမ်းထိန်းအဆောက်အအုံများ၊ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။"

၁၀။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၅ တွင်ပါရှိသော "ကျပ် ၅၀၀၀၀ ထက်မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၀ သိန်းထက် မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၆ တွင်ပါရှိသော "ပြဋ္ဌာန်းချက်" ဆိုသည့်စကားရပ်ကို "တားမြစ်ချက်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကျပ် ၃၀၀၀၀ ထက် မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ်ခုနစ်သိန်းထက်မပိုသောငွေဒဏ်"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၂။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၇ တွင်ပါရှိသော "ကျပ် ၁၀၀၀၀ ထက်မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းထက် မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၃။ The Obstructions in Fairways Act, 1881၊ The Defile Traffic Act, 1907၊ The Ports Act, 1908၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁) တို့နှင့် ယင်းဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။"

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

**»» စာမျက်နှာ ၆ မှ**

အဝတ်ကြမ်းများဖြစ်ကြောင်း၊ ဝတ်၍ မြို့ထဲထွက်လျှင် ဂျပန်တွေက ကူလီတပ်သားနှင့်မှားပြီး တန်းစီခိုင်းမှာ သေချာကြောင်းကအစ ပြောစကားတွင် ပါနေသည်။

ဗိုလ်ချုပ်အကြီးအကျယ် ဒေါသထွက်၍ ဗိုလ်တာရာအား ဝေဖန်သူများကို သူ့ထံသို့ အခေါ်ခိုင်းသည်။ ဘာကြောင့် ခေါ်ခိုင်းမှန်းမသိသော ရဲဘော်များ ဝင်လာသောအခါ-

"မင်းတို့ ဘာကောင်တွေတုံး၊ မင်းတို့ပြောနေတာ ငါအားလုံးကြားတယ်။ ပြောကြစမ်းဆိုတော့ ဗိုလ်ကလေးတစ်ယောက်က အရဲစွန့်ပြီး ကျွန်တော်တို့ စစ်ဝတ်စုံတွေ ညံ့လို့ဝေဖန်မိပါတယ် ဗိုလ်ချုပ်လို့"ပြောသည့်အခါ-

"နွားတွေ၊ မင်းတို့က ခုမှ ယူနီဖောင်းလေး ဘာလေး၊ စစ်ဝတ်စုံလေးနဲ့ ကြီးကြီးကျယ်ကျယ် လုပ်လို့ကွာ၊ ငါတို့ ယိုးဒယားကနေ ဒီအထိ ရန်သူတွေကို ရင်ဆိုင်တိုက်လာတာ မှတ်မှတ်ရရဘယ်စစ်ဝတ်စုံဝတ်ပြီး တိုက်ပွဲဝင်ခဲ့ကြတယ်ထင်လို့လဲ၊ တိုင်းပြည်နဲ့ လူထုအတွက် စစ်ဝတ်စုံမရှိလို့ ခါးတောင်းကျိုက်တိုက်ရရော ဘာဖြစ်သေးလဲ၊ ဟော့ . . . တိုင်းပြည်နဲ့ လွတ်လပ်ရေးအတွက် ကိုယ်တုံးလုံးချွတ် တိုက်ရရော ဘာဖြစ်သေးလဲ၊ ကျဆုံးသွားတဲ့ ရဲဘော်ရဲဘက်တွေကို သစ္စာဖောက်နေတဲ့ အကောင်တွေ၊ ငါ့တပ်ထဲက ထုတ်ပစ်မယ်"

"အချောင်သမားတွေ၊ လူထုက ဝတ်စရာပုဆိုးအင်္ကျီမရှိတဲ့ဘဝမှာ မင်းတို့လို အလိုက်ကမ်းဆိုးမသိတဲ့ ကောင်တွေက စစ်ဝတ်စုံ အကောင်းတွေ ဝတ်ချင်ကြတယ်။ ငါဘယ်လို ဝတ်ထားသလဲ၊ မင်းတို့နဲ့ ဘာခြားလို့လဲ၊ မင်းတို့က ကြီးကြီးကျယ်ကျယ် လုပ်လို့ကွာ" သူ့စစ်ဝတ်စုံ အနွမ်းကို ပုတ်ပြပါသည်။ ဝတ်စုံမှာ အရောင်လွင့်ပြယ်၍ အဖြူရောင်ပင် သန်းလျက်ရှိနေသည်။ မင်းတို့ ဒီလိုပြည်သူလူထုနဲ့ ကြပ်ကြပ်သွေးခွဲစိတ်တွေထားကြ။ ငပုတွေက မင်းတို့ကိုဆော်ဖို့ အမြဲအသင့်ရှိနေတယ်ဆိုတာ မြင်ရဲ့လား။ ဘာမှအသုံးမကျတဲ့ ကောင်တွေ ငါ့တပ်ထဲက ထုတ်ရမယ်။

ရဲဘော်များ ငိုသူငို၊ ဒူးတုန်သူတုန် ဖြစ်နေကြသည်။ဗိုလ်ကလေးနှစ်ဦးက ငိုသံပါနှင့် "မှားပါပြီ ဗိုလ်ချုပ် ကျွန်တော်တို့ နောင်တရပြီ ဗိုလ်ချုပ်"လို့ တောင်းပန်ကြသည်။

**"မှတ်ထား လူထုငတ်ရင် တို့အားလုံးငတ်ရမယ်။ လူထုဆင်းရဲရင် တို့ရဲဘော်အားလုံး ဆင်းရဲရမယ်။ ငါလည်း ဆင်းရဲရမယ်။** ဒီလိုဝါဒ ဒီလိုအမိန့်နဲ့ ချီတက်ဖို့အရေးကြီးတယ်။ အခုတော့ မင်းတို့ အကောင်တွေကွာ၊ သွားကြ အကောင်ရှုပ်တွေ၊ ကြာကြာနေရင် မင်းတို့ကို ငါဆော်ထည့်မိလိမ့်မယ်"ဆိုပြီး မောင်းထုတ်လိုက်သည်ဟု ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)က ရေးသားခဲ့ပါသည်။

ဗိုလ်တာရာ ရေးသားချက်များနှင့် အဘိုး ဦးစိန်ဖေ၏ ဘဝအတွေ့အကြုံပုံရိပ်တို့က ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်ပီသမှု၊ ပြည်သူလူထုအပေါ် ညှာတာထောက်ထားမှု၊ ရဲဘော်ရဲဘက်တို့နှင့် တစ်သားတည်းခံစားနိုင်သော စိတ်ဓာတ်ရှိမှုတို့ကို သက်သေပြနေပါကြောင်း တင်ပြလိုက်ရပါသည်။

**မြန်မာ့သမိုင်းမှ ကမ္ဘာပေါ်၌ပါ တွေ့နိုင်ခဲ့သော စိတ်ဓာတ်ပိုင်ရှင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ရိုသေလေးမြတ်စွာ အထူးဂုဏ်ပြုလျက် . . . ။ ။**


**ကိုးကား**

**၁။ ဖီးမာရှယ် မောင်ဂိုမာရီ ကျော်ဇေယျ (ပုသိမ်) ဘာသာပြန် ခေါင်းဆောင်ဟူသည်**

**၂။ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ဗိုလ်ချုပ်ဒေါသထွက်သောနေ့ ငွေတာရီ မဂ္ဂဇင်း၊ ဇူလိုင် ၁၉၆၆**

**၃။ တပ်မတော်သမိုင်းမှတ်တမ်း(၁) ၁၉၄၂-၁၉၄၅ နှစ်(၅၀) ပြည့်ရွှေရတုသဘင် အထူးထုတ်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး**

**၄။ တော်လှန်ရေး ရဲဘော်ဟောင်းကြီး အဘိုး ဦးစိန်ဖေ ပြင်စာရွာ၊ ပြင်ဦးလွင်မြို့နယ် (ကိုယ်တိုင်ပြောပြချက်များ) အဘိုးအား အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။**



**အဘိုး ဦးစိန်ဖေ**
**ပြင်စာကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်**

### ❂ မိသားစုစီမံကိန်းမှ

ယခုနှစ် ဆောင်ပုဒ်၏ အဓိကဦးတည်ချက်သည် လုံခြုံစိတ်ချရသည့် မိသားစုစီမံကိန်းများကို အမျိုးသမီးများကိုယ်တိုင် လိုလိုလားလား ချမှတ်ဆောင်ရွက်လာစေရေး စီမံဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း။

ကုလသမဂ္ဂ၏ ခန့်မှန်းတွက်ချက်မှုအရ ယနေ့ကမ္ဘာ့လူဦးရေသည် ၇ ဒသမ ၅ ဘီလီယံခန့် ရှိနေပြီဖြစ်ပါကြောင်း၊ ခရစ်နှစ် ၂၀၃၀ တွင် နောက်ထပ် တစ်ဘီလီယံတိုးလာပြီး ခရစ်နှစ် ၂၁၀၀ တွင် ၄ ဘီလီယံ ထပ်မံတိုးလာလိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ထိုသို့တိုးလာသည့် လူဦးရေအတွက် စားနပ်ရိက္ခာများ၊ ရေနှင့်အခြား အသုံးဝင် သယံဇာတများထပ်မံတိုးမြှင့်လိုအပ်လာမည်ဖြစ်ပါကြောင်း။

မွေးဖွားနှုန်းကိုကြည့်လျှင် ၁၉၅၀-၁၉၅၅ ခုနှစ်ဝန်းကျင်က မိခင်တစ်ဦး၏ မွေးဖွားနှုန်းသည် ကလေးငါးဦးနှုန်းရှိခဲ့ပြီး ၂၀၁၀-၂၀၁၅ ခုနှစ်တွင် ၂ ဒသမ ၅၁ ဦးနှုန်း ကျဆင်းလာသည်ကိုတွေ့ပါကြောင်း၊ ၂၀၅၀ ဝန်းကျင်တွင် ၂ ဒသမ ၂၅ ဦးနှုန်း ကျဆင်းလာမည်ဟု ခန့်မှန်းထားကြပါကြောင်း၊ မွေးဖွားနှုန်းကျဆင်းလာသော်လည်း ၂၀၅၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် ၉ ဒသမ ၇ ဘီလီယံထိ ရောက်ရှိလာနိုင်ကြောင်းလည်း မျှော်မှန်းထားကြပါကြောင်း၊ ၂၀၅၀ ခုနှစ်တွင်ရှိလာမည့် လူဦးရေ ၉ ဒသမ ၇ ဘီလီယံကိုကြည့်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၈ ဒသမ ၄ ဘီလီယံနှင့် ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများတွင် ၁ ဒသမ ၃ ဘီလီယံရှိမည်ဟုလည်း ကြိုတင်ခန့်မှန်းထားကြပါကြောင်း။

ကလေးမွေးဖွားနှုန်း မြင့်မားလာခြင်းသည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်နေပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှ ပြည်သူများသည် အလွန်အမင်းဆင်းရဲနွမ်းပါးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကလေးမွေးဖွားနှုန်း မြင့်မားနေဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယနေ့ကာလတွင် လူဦးရေတိုးနှုန်းကို လျှော့ချရန် နည်းလမ်းများစွာရှိနေသည့် အထဲမှ အထိရောက်ဆုံးနည်းလမ်းတစ်ခုသည် မိသားစုစီမံကိန်းနည်းလမ်းများကို ထိထိရောက်ရောက် အသုံးချနိုင်စေရန် ပံ့ပိုးပေးခြင်းပင်ဖြစ်ပါကြောင်း၊ မိသားစုစီမံကိန်းများရှိခြင်းအားဖြင့် လူ့အခွင့်အရေးများ မြှင့်တင်ပေးနိုင်ပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်သည့်အပြင် ကျန်းမာရေး၊ ပညာရေးနှင့် ကျား၊ မ သာတူညီမျှရှိရေးအပါအဝင် လူမှုဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက မိသားစုစီမံကိန်းနည်းလမ်းများချမှတ်ပေးခြင်းနှင့် ဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းသည်လည်း ကျန်းမာရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ၏ အဓိကရည်မှန်းချက်ပန်းတိုင်များပင် ဖြစ်ပါကြောင်း၊ သက္ကရာဇ် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များတွင် မိသားစုစီမံကိန်းလည်းပါဝင်ပါကြောင်း၊ အဆိုပါပန်းတိုင်များကို ရောက်ရှိရန်အတွက် အမျိုးသမီးများ၏ မျိုးဆက်ပွားအခွင့်အရေးများကို နားလည်အသုံးချနိုင်စွမ်း အပေါ်တွင်လည်း မူတည်နေပါကြောင်း။

ခေတ်မီသားဆက်ခြားနည်းလမ်းများကို ရရှိအသုံးပြုနိုင်ခဲ့မည်ဆိုပါက ကမ္ဘာတစ်ဝန်းမှ သန်း(၆၀)သော အမျိုးသမီးများအနေဖြင့် မလိုချင်ဘဲ ကိုယ်ဝန်ဆောင်ရခြင်းကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၆ ခုနှစ်တွင် သေဆုံးခဲ့ရသည့် ကိုယ်ဝန်ဆောင်မိခင်ပေါင်း သုံးသိန်း၏ သုံးပုံတစ်ပုံခန့်ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ မိသားစုစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ကမ္ဘာတစ်ဝန်းတွင်ရှိသည့် အမျိုးသမီးများနှင့် ဇနီးမောင်နှံများ၏ ကျန်းမာရေးနှင့် အခွင့်အရေးများရရှိစေရန် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ပါကြောင်း။



ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး)

သန်းပေါင်းများစွာသော အမျိုးသမီးများကို ကလေးအနည်းငယ်သာမွေးရန်၊ သင့်တင့်သည့် အသက်အရွယ်မှသာ မိသားစုဘဝကိုစတင်ရန်၊ ပညာရေးဆုံးခန်းတိုင်စေရန်၊ ပိုမိုကောင်းမွန်သည့်ဘဝများကို တည်ဆောက်နိုင်စေရန်နှင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရန်စသည့် အနာဂတ် မိသားစုစီမံကိန်းများကို ၎င်းတို့ကိုယ်တိုင် လိုလိုလားလား ပါဝင်ဆောင်ရွက်လာစေရန် မိမိတို့ ကူညီပေးကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် မိသားစုအရွယ်အစား ဘယ်ရွေ့ဘယ်မျှဖြစ်ရမည်ဟု သတ်မှတ်ထားခြင်းမရှိပါကြောင်း၊ တစ်ဦးချင်းစီ၏ ရွေးချယ်မှုပင်ဖြစ်ပါကြောင်း၊ ဇနီးမောင်နှံများအနေဖြင့် ၎င်းတို့၏ ရင်သွေးဦးရေကို ၎င်းတို့ကိုယ်တိုင် ရွေးချယ်နိုင်ကြပါကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေသည် ၂၀၁၇ ခုနှစ်တွင် ၅၃ ဒသမ ၄ သန်းခန့် ရှိလာနိုင်ပါကြောင်း၊ ထိုအထဲတွင် အသက်(၁၅)နှစ်မှ (၄၉)နှစ်ကြား ကလေးမွေးနိုင်သည့်အရွယ် အမျိုးသမီး ၁၅ သန်းခန့်ရှိနိုင်ပါကြောင်း၊ မွေးဖွားနှုန်းနိမ့်သည့် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် အတန်အသင့် မြင့်မားနေဆဲဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အမျိုးသမီးတစ်ဦးသည် ကလေး ၂ ဒသမ ၅ ယောက်နှုန်း မွေးဖွားသည်ကိုတွေ့ရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကြားတွင် မွေးဖွားမှုနှုန်းသည် ကွာဟမှုမြင့်မားနေသည်ကို တွေ့ရှိရပါကြောင်း၊ ချင်းပြည်နယ်တွင် အမျိုးသမီးတစ်ဦး၏ ကလေးမွေးဖွားနှုန်းသည် ၅ ယောက်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၂ ယောက်နှုန်းထက်လျှော့နည်းသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယေဘုယျအားဖြင့် ကလေးမွေးဖွားနှုန်းသည် သန္ဓေတားနည်းအသုံးပြုမှုနှင့် ပြောင်းပြန်အချိုးကျနေသည်ကို တွေ့ရပါကြောင်း၊ မိမိတို့နိုင်ငံတွင် အိမ်ထောင်သည် အမျိုးသမီးအားလုံးနီးပါးသည် သန္ဓေတားနည်းများနှင့် ပတ်သက်သည့် ဗဟုသုတရှိကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ခေတ်မီသန္ဓေတားနည်းသုံးစွဲမှု ၅၀ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၆၀ ရာခိုင်နှုန်း ရောက်ရှိစေရမည်ဟု ၂၀၁၃ ခုနှစ်က ထုတ်ဖော်ပြောကြားခဲ့ပါကြောင်း၊ စစ်တမ်းများအရ ၂၀၀၇ ခုနှစ်တွင် အသက် (၁၅)နှစ်မှ (၄၉)နှစ်အတွင်း အိမ်ထောင်သည် အမျိုးသမီးများ၏ ခေတ်မီသားဆက်ခြား ဆေးဝါးသုံးစွဲမှုနှုန်းသည် ၃၈ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ၅၁ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရပါကြောင်း။



Ms. Renata Lok-Dessallien

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် မိသားစုကျန်းမာရေးစီမံကိန်း ၂၀၂၀ ခုနှစ်တွင် ပါဝင်ကတိပြုထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ကြောင်းကို ပြသခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးခြောက်ဦး၌ တစ်ဦးသည် သားဆက်ခြားဆေးဝါးများ သုံးချင်သော်လည်း အသုံးပြုနိုင်ခြင်း မရှိသည်ကို တွေ့ရပါကြောင်း။

ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် "မျိုးဆက်ပွားကျန်းမာရေး ငါးနှစ်တာမဟာဗျူဟာ စီမံကိန်း(၂၀၁၄-၂၀၁၈)"ကို ရေးဆွဲပြီး မြန်မာနိုင်ငံ၏ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ဟန်ချက်ညီညီဖြင့် ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစီမံကိန်း၏ ရည်ရွယ်ချက်သည် သန္ဓေတားဆေးအသုံးပြုလိုသော်လည်း အသုံးမပြုနိုင်သည့် ရာခိုင်နှုန်းကို လျှော့ချရန်၊ မလိုချင်ဘဲ ကိုယ်ဝန်ဆောင်ရခြင်းကို လျှော့ချနိုင်ရန်နှင့် သန္ဓေတားနည်းများကို လက်လှမ်းမမီဖြစ်နေသည့် လူမှုစီးပွားအခြေအနေကွာဟမှုများကို လျှော့ချနိုင်ရန်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂ ဒသမ ၈ သန်းသုံးစွဲပြီး ဝေးလံခေါင်ဖျားဒေသမှ ပြည်သူများနှင့် ဆင်းရဲနွမ်းပါးသူများကို မိသားစုစီမံကိန်းဆိုင်ရာ ပစ္စည်းများ ထောက်ပံ့နိုင်ခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ကလေးအရှင်တစ်သိန်းမွေးဖွားတိုင်း မိခင် ၂၈၂ ဦး သေဆုံးနေဆဲဖြစ်သည်ဟု သိရပါကြောင်း၊ ၁၉၉၀ ခုနှစ်က သားဖွားမိခင်သေနှုန်းသည် ၅၂၀ ရှိခဲ့သောကြောင့် ၂၀၁၄ ခုနှစ်တွင် တစ်ဝက်လောက်လျော့ကျခဲ့သည်ဟုဆိုနိုင်ပါကြောင်း၊ မိခင်နှင့်မွေးကင်းစကလေး သေဆုံးမှုများ၊ နာမကျန်းဖြစ်မှုများကို လျှော့ချနိုင်ရန်အတွက် မိခင်နှင့် ကလေးစောင့်ရှောက်မှုနှင့် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုလုပ်ငန်းများကို လုပ်ဆောင်ရန်လိုအပ်သကဲ့သို့ တိုက်ရိုက်ဆက်စပ်နေသည့် မိသားစုစီမံကိန်းနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ အရည်အသွေးပိုမိုကောင်းမွန်စေရန်နှင့် လူတိုင်းလက်လှမ်းမီအောင် ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း၊ အလားတူ ပညာရေးဝန်းကျင်များတွင်လည်း သင့်လျော်သည့် မျိုးဆက်ပွားပညာပေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရန်လည်းလိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတွင် အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေများပြားနေခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဤအခြေအနေကို "လူဦးရေဆုလာဘ်" ရရှိနေခြင်းဖြစ်သည်ဟု တင်စား၍ရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် မှီခိုသည့် လူဦးရေထက် အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးအစား များနေပြီဆိုပါက တစ်ဦးချင်းဝင်ငွေ မြင့်မားလာမည်ဖြစ်ပါကြောင်း။

လူဦးရေဆုလာဘ်သည် Asian tigers ဟုခေါ်သည့် နိုင်ငံများတွင် စီးပွားရေး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေသည့် အဓိကမောင်းနှင်အားတစ်ခု ဖြစ်ခဲ့ပါကြောင်း၊ ထို့ကြောင့် အာရှနိုင်ငံအများစုသည် ယင်းဆုလာဘ်ကို အမိအရဆုပ်ကိုင်နိုင်ရန် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ Asian tigers များကဲ့သို့ ဖြစ်လာစေရန် မွေးနှုန်းနှင့် သေနှုန်းများ မြန်မြန်ဆန်ဆန် လျော့ကျရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Lok-Dessallien က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ဖြစ်သည့် "တိုင်းပြည်သာယာဖွံ့ဖြိုးဖို့ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်လို့ မိသားစုစီမံကိန်းချမှတ်စို့" နှင့်ပတ်သက်သည့် Animation Video Clip ပြသခြင်းနှင့် ၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်သီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ကြပြီး တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်သော လူငယ်အဖွဲ့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က အမှတ်တရလက်ဆောင်များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် အဆိုပါခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပြခန်းငယ်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

## မောင်တောမြောက်ပိုင်း ကြိမ်ချောင်းဈေးရောင်းဝယ်ဖောက်ကားမှု စည်ကားလျက်ရှိ

**မောင်တော ဇူလိုင် ၁၁**

မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြောက်ပိုင်း ကြိမ်ချောင်းကျေးရွာဈေးသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါဈေးကြီးသည် မောင်တောမြောက်ပိုင်းတွင် အကြီးဆုံးဈေးကြီးဖြစ်ပြီး ကြိမ်ချောင်းကျေးရွာနှင့်အနီးရှိ ကျေးရွာများမှ လာရောက်ရောင်းဝယ်ဖောက်ကားကြသည့် အစည်ကားဆုံးဈေးကြီးလည်းဖြစ်သည်။ အထူးသဖြင့် ဒေသထွက်အသီးအနှံများ၊ သားငါးများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ၊ ငါးပိငါးခြောက်များ၊ ဆေးဝါးများ စုံလင်စွာ ရောင်းဝယ်ဖောက်ကားလျက်ရှိသည်ကို တွေ့ရသည်။

မောင်တောမြောက်ပိုင်း ကြိမ်ချောင်းဈေးကြီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ် တောင်ပြိုလက်ဝဲနှင့် ဗန္ဓုလသို့ သွားရာလမ်းဆုံနေရာလည်းဖြစ်၍ လူစည်ကားရာဒေသတစ်ခုလည်းဖြစ်သည်။ ကြိမ်ချောင်းတွင် အထက်တန်းကျောင်းနှင့် ကျန်းမာရေးဆေးပေးခန်းလည်းရှိသည်။

မြို့နယ်တာဝန်ရှိသူများက ဈေးကြီးသန့်ရှင်းသပ်ရပ်ရေး၊ စည်းကမ်းတကျ ရောင်းဝယ်ဖောက်ကားရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားခဲ့ကြသည်။

ထို့ပြင် ဈေးအနောက်ဘက်ရှိ ပြူးမချောင်းရေတိုက်စားမှုကြောင့် နေအိမ်များပြိုကျလျက်ရှိသည်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ယခုအချိန်အထိ ရေတိုက်စားမှုကြောင့် နေအိမ် ၁၇ လုံး ဘေးလွတ်ရာသို့ရွှေ့ပြောင်းထားရကြောင်း ကြိမ်ချောင်းအုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က ပြောသည်။

မြို့နယ်တာဝန်ရှိသူများသည် ရေတိုက်စားမှုကာကွယ်ရေး၊ နေအိမ်များဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းနိုင်ရေးတို့အတွက် ဒေသတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ-သက္က**



# မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယတပ်မတော် အမှတ်(၁၁)တပ်မမှူးက ဂုဏ်ပြုညစာဖြင့် ဧည့်ခံ



**နေပြည်တော် ဇူလိုင် ၁၁**

အိန္ဒိယသမ္မတနိုင်ငံ အာမက်ဒါဘတ်မြို့၌ ချစ်ကြည်ရေး ခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၁၀ ရက် ညပိုင်းတွင် အမှတ်(၁၁)တပ်မမှူး Maj. Gen. ANIL PURIက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ဖျော်ဖြေရေးအဖွဲ့များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မစစ်တီးဝိုင်းအဖွဲ့အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက ဖျော်ဖြေရေးအဖွဲ့များအားလည်းကောင်း လက်ဆောင်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမှတ်(၁၁)တပ်မမှူးက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာအား အတူတကွသုံးဆောင်ကြသည်။ **(သတင်းစဉ်)**

# ဖွံ့ဖြိုးဆဲနိုင်ငံများမှ နိုင်ငံ့ဝန်ထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတက်ကြွလာစေရေး ကမ္ဘာ့နိုင်ငံများမှ သတ်မှတ်ကျင့်သုံးသည့် နည်းလမ်းများကို လေ့လာဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ကြေညာသည့် အခမ်းအနားနှင့် ဆက်စပ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများမှ နိုင်ငံ့ဝန်ထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတက်ကြွလာစေရေးအတွက် ကမ္ဘာ့နိုင်ငံများက သတ်မှတ်ကျင့်သုံးသည့် နည်းလမ်းများကို လေ့လာဆွေးနွေးခြင်း(Global Study on Intrinsic Motivation in Developing Countries)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဗဟိုအဖွဲ့အစည်းနှင့်ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပအရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP)မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနား ပထမပိုင်းတွင် "ပြည်သူ့ကဏ္ဍထိရောက်မှုအတွက် အခြေခံဖြစ်သော ထက်သန်တက်ကြွမှု" ခေါင်းစဉ်အောက်တွင် နယူးဇီလန်နိုင်ငံ State Services Commission မှ ယခင်ဒုတိယကော်မရှင်နာမင်းကြီး မစ္စတာရိုင်ယန်အောရိန့်ချ်က"လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မှုအတွက် အခြေခံဖြစ်သော ထက်သန်တက်ကြွမှု- ပြောင်းလဲမှုကို တွန်းအားပေးမည့် အတွင်းစိတ်မှ လှုံ့ဆော်သော ထက်သန်တက်ကြွမှုနှင့် ပြင်ပမှ လှုံ့ဆော်သော ထက်သန်တက်ကြွမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) Global Center for Public Service Excellence မှ အကြီးတန်းအကြံပေးအရာရှိ ဒေါက်တာ နိုက်ဂျယ်ဂိုးက "ပြည်သူ့ဝန်ထမ်းများ၏ ထက်သန်တက်ကြွမှု-ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သက်ရောက်မှုများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု အင်ဒီယာနာတက္ကသိုလ်မှ ပါမောက္ခဂျိန်းပယ်ရီ၏ " ပြည်သူ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်း (၁၉၉၀ ခုနှစ်မှ ယနေ့အထိ)" ခေါင်းစဉ်ဖြင့် လည်းကောင်း တင်ပြဆွေးနွေးကြပြီး တက်ရောက်လာကြသူများကလည်း သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းနှင့် နိုင်ငံတကာပညာရှင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်တွင် အဖွဲ့လိုက်ဆွေးနွေးခြင်းကိုစတင်ရာ " ပြည်သူ့ဝန်ထမ်းများ၏ စိတ်အားထက်သန်တက်ကြွမှု၊ ဝန်ထမ်းများ၏ ပါဝင်ဆောင်ရွက်မှု"၊ "သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာ၏ အခန်းကဏ္ဍနှင့် တာဝန်ခံမှု၊ ဆန်းသစ်တီထွင်မှု"နှင့် "ခေါင်းဆောင်မှု"၊ "ထက်သန်တက်ကြွမှုအကြောင်း ကမ္ဘာလုံးဆိုင်ရာလေ့လာမှု" အကြောင်းအရာများအပေါ် အဖွဲ့ ငါးဖွဲ့ခွဲကာ အုပ်စုလိုက် ဆွေးနွေးခြင်း၊ အဖွဲ့လိုက်ဆွေးနွေးမှုအား တုံ့ပြန်ဆွေးနွေးအတည်ပြု ပြန်လည်အစီရင်ခံတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာကြသော ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြချက်များအပေါ် အသေးစိတ်ဆွေးနွေးပြီး အမြင်ချင်းဖလှယ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# 7Day နေ့စဉ်သတင်းစာပါ "ရွှေတိဂုံစေတီ အလှူခံရငွေကျပ် ဘီလီယံ ၆၀ ကျော်နှင့် ကန်ဒေါ်လာသန်း ၂၀ ကျော်ရှိ၊ ဘဏ်က အတိုးမပေးနိုင်၍ ငွေတိုက်စာချုပ်ဝယ်ထားရ" သတင်းဖော်ပြမှုအပေါ် ရှင်းလင်းတင်ပြခြင်း

မြန်မာ့စီးပွားရေးဘဏ်သည် အကြီးမားဆုံး ကွန်ရက်ရှိသည့် နိုင်ငံပိုင်ဘဏ်ဖြစ်သည့်အားလျော်စွာ ပြည်သူတို့၏ယုံကြည်မှုကို အပြည့်အဝရရှိထားပြီး ပြည်သူများ၏ စုဆောင်းအပ်နှံငွေများအပေါ် ပေးအပ်ရမည့် အတိုးငွေများကို ပုံမှန်ထည့်သွင်းပေးလျက်ရှိသည်။

၅-၇-၂၀၁၇ ရက်နေ့ထုတ် 7Day နေ့စဉ်သတင်းစာ စာမျက်နှာ(၂)ပါ "ရွှေတိဂုံစေတီ အလှူခံရငွေကျပ် ဘီလီယံ ၆၀ ကျော်နှင့် ကန်ဒေါ်လာသန်း ၂၀ ကျော်ရှိ၊ ဘဏ်က အတိုးမပေးနိုင်၍ ငွေတိုက်စာချုပ်ဝယ်ထားရ" ခေါင်းစဉ်ဖြင့် သတင်းဖော်ပြထားမှုအပေါ် ရွှေတိဂုံစေတီတော် အလှူငွေများကို ရန်ကုန်မြို့ရှိ ငွေစုဘဏ်ခွဲနှစ်ခု၌ ငွေစုဘဏ်အပ်ငွေ (Savings Deposit)အဖြစ် အများဆုံးအပ်နှံထားရှိကြောင်း၊ အတိုးပိုမိုရရှိသည့် သက်တမ်း ၁၂နှစ်ရှိ ငွေစုလက်မှတ်အပ်ငွေ (Savings Certificate)နှင့် စာရင်းသေအပ်ငွေ (Fixed Deposit)များကိုလည်း ဂေါပကအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အပ်နှံထားရှိပါသည်။

အဆိုပါ အပ်နှံငွေအားလုံးအပေါ် ကျသင့်သောအတိုးများကို သတ်မှတ်ကာလစေ့ ရောက်ချိန်တိုင်းတွင် အပြည့်အဝထည့်သွင်းပေးထားပြီးဖြစ်ကြောင်း၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ငွေစုဘဏ်အပ်ငွေစာရင်းအပေါ် ၃၁-၃-၂၀၁၇ ရက်နေ့အထိ မြန်မာ့စီးပွားရေးဘဏ်က အတိုးပေးခဲ့သည့် ငွေများမှာ ကျပ် ၁၇ ဒသမ ၇ ဘီလီယံကျော် ဖြစ်ကြောင်း၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အနေဖြင့် အခြားသော အတိုးရရှိနိုင်သည့် နည်းလမ်းများဖြစ်သည့် ငွေတိုက်စာချုပ်ဝယ်ယူမှုများကိုလည်း ဆောင်ရွက်နိုင်ပြီး ငွေစုဘဏ်အပ်ငွေထက် အတိုးပိုမိုရရှိနိုင်ကြောင်း၊ ငွေတိုက်စာချုပ်များဝယ်ယူခြင်းမှာ ဂေါပကအဖွဲ့၏ ဆန္ဒအရသာဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်က အတိုးမပေးနိုင်၍ မဟုတ်ကြောင်း၊ သို့ဖြစ်၍ "ဘဏ်က အတိုးမပေးနိုင်၍"ဟူသော စာသားအပေါ် မြန်မာ့စီးပွားရေးဘဏ်က ကန့်ကွက်ပါကြောင်းနှင့် တရားဝင်ပြန်လည်ပြင်ဆင်ပေးပါရန် သက်ဆိုင်ရာသို့ အကြောင်းကြားထားရှိပါကြောင်း မိဘပြည်သူများအား လေးစားစွာ သိစေအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသော လုပ်သားများကို စနစ်တကျကြိုဆိုမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အားပေးကြည့်ရှု

**မြဝတီ ဇူလိုင် ၁၁**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့၌ ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသော ပြည်သူများကိုပြန်လည်ကြိုဆိုလက်ခံရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ကြိုဆိုလက်ခံရေးစခန်း၌ ဌာနဆိုင်ရာများက ကြိုဆိုလက်ခံရေးလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ပေးနေပုံ၊ ထိုင်းနိုင်ငံဘက်သို့ တရားဝင်သွားရောက်ကြမည့် ပြည်သူများအတွက် ဌာနဆိုင်ရာများက လုပ်ငန်းများဆောင်ရွက်ပေးနေမှု၊ တပ်မတော်နှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများကို လေ့လာကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာကြသော ပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်သို့ စနစ်တကျပြန်လည်ရောက်ရှိကြောင်း သိရှိရပြီး ကြိုဆိုလက်ခံရေးစခန်းက စနစ်တကျဆောင်ရွက်ပေးနေမှုများကို ကျေးဇူးတင်ရှိကြောင်း၊ လိုအပ်ချက်များနှင့် အကြံပြုချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထပ်မံပြန်လည် ဝင်ရောက်လာကြမည့် ပြည်သူများအတွက်လည်း ကြိုဆိုလက်ခံပေးရန် အသင့်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသို့ တရားဝင်အလုပ်လုပ်ကိုင်ရန် သွားရောက်ကြမည့် မြန်မာနိုင်ငံသားများအတွက် ဆောင်ရွက်ပေးနေမှု လုပ်ငန်းအဆင့်ဆင့်ကိုလေ့လာပြီး နှစ်ဖက်နိုင်ငံက သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် မြဝတီခရိုင် သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အရေးပေါ်လိုအပ်လျက်ရှိသော ဖိုက်ဘာစက်တပ် လှေဝယ်ယူရန် ကျပ်သိန်း ၅၀နှင့် လက်ကိုင်လွှစက် လေးလက်တို့ကို ထောက်ပံ့ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းကလည်း ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ မြိုင်ကြီးငူဆရာတော်၏ သက်တော်(၆၉)နှစ်မြောက် ဝိဇာတမွေးနေ့မင်္ဂလာပွဲသို့ တက်ရောက်ပြီး မြိုင်ကြီးငူအထူးဒေသရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် စာနပ်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ဆက်ကပ်လှူဒါန်းပြီး တိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံကာ လက်တလောလိုအပ်ချက်များကို ဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ရေရှည်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို စခန်းတာဝန်ခံများ၊ စခန်းရှိပြည်သူများနှင့် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက စခန်းတွင် ယာယီနေထိုင်ကြစဉ်ကာလအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကိုယ်စီသင်ယူတတ်မြောက်အောင် လေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့တတ်ကျွမ်းပြီးဖြစ်သည့် ရိုးရာရက်ကန်းလုပ်ငန်းဖြင့်လည်း ဝင်ငွေပိုမိုရရှိစေရေးအတွက် အရင်းအနှီး ငွေကြေးလိုအပ်မှုကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏ မူလနေရာဒေသတွင် ပြန်လည်နေထိုင်ကြရသည့်အခါတွင်လည်း မိသားစုအတွက် ကိုယ်တိုင်ဝင်ငွေရရှိစေမည့် လုပ်ငန်းများကို တတ်မြောက်ပြီး စားဝတ်နေရေးအတွက် လုံခြုံစိတ်ချရသော အခြေအနေကောင်းများကို ဖန်တီးပေးနိုင်မည်ဟုယုံကြည်ပါကြောင်း အားပေးစကားပြောကြားကာ လတ်တလောစားသုံးရန် ဆန်ရိက္ခာအတွက် ငွေကျပ် (၁၃၂၀၉၂၀၀)နှင့် တိုက်ပွဲရှောင်ပြည်သူများ ရိုးရာရက်ကန်းလုပ်ငန်းဆောင်ရွက်ရန် မတည်ငွေကျပ် ငါးသိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန် သတင်းမြင်ကွင်း

# YBS စနစ် အပြောင်းမှာ ကားဟောင်းတွေ ချန်ထားရစ်ခဲ့

ဆုနှင်းလဲ့(ကြေးမုံ)

YBS စနစ်အပြောင်းအလဲတွင် ၁၉၉၅ မော်ဒယ်နှင့် ၁၉၉၅ မော်ဒယ်အောက် ကားဟောင်းများကို ဇွန်လကုန်အထိသာ လိုင်းပြေးဆွဲခွင့်ပြုထားပြီး ဇူလိုင် ၁ ရက်မှစတင်၍ အပ်နှံခြင်းလုပ်ငန်းစဉ်များကို စတင်လိုက်သည်။ သက်တမ်းနှစ် ၂၀ ကျော် ယာဉ်အိုယာဉ်ဟောင်းများနေရာတွင် ဘတ်စ်ကားသစ်ကြီးများဖြင့် စတင်အစားထိုး ပြေးဆွဲတော့မည်ဖြစ်သည်။

ထိုကားဟောင်းများကို ဇွန် ၃၀ ရက် နောက်ဆုံးထား ပြေးဆွဲစေခဲ့ရာတွင် ဇွန် ၂၉ ရက်က ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်း စာတိုက်မှတ်တိုင်အနီးတွင် YBS ၃၈ ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ် (၂ဃ/----) သည် မီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါယာဉ်သည် ဇွန်လကုန်တွင် နောက်ဆုံးထားအပ်နှံမည့် ၁၉၉၅ မော်ဒယ်ထုတ် ယာဉ်ဟောင်းတစ်စီးပင် ဖြစ်သည်။ အလားတူပင် ဇူလိုင် ၇ ရက်က YBS ၅၅ ယာဉ်နှင့် YBS ၃၇ ယာဉ်တို့ မတော်တဆ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တွင် ၁၀ ဦး သေဆုံးခဲ့ပြီး ခရီးသည်အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်သည်လည်း YBS စနစ် အပြောင်းအလဲစတင်ခဲ့သည့် ကာလအတွင်း လူအသေအပျောက်နှင့် ထိခိုက်မှုအများဆုံး ယာဉ်မတော်တဆမှု ဖြစ်ခဲ့သည်။ အဆိုပါ ယာဉ်မတော်တဆမှု ဖြစ်စဉ်တွင် YBS ၅၅ ယာဉ်သည် တွိုက်ရော့ပြုတ်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းကြောင်းမှန် မောင်းနှင်လာသော တစ်ဖက်ယာဉ်ကြောမှ YBS ၃၇ ယာဉ်ကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ၅၅ ယာဉ်လိုင်းမှ ယာဉ်သည် ၁၉၉၈ ခုနှစ် မော်ဒယ် ဘတ်စ်ကားဟောင်းတစ်စီးဖြစ်ပြီး သတ်မှတ်အရှိန်နှုန်းအတိုင်း မောင်းနှင်လာခြင်းမဟုတ်ဘဲ လိုင်းတူ နံပါတ်တူ ယာဉ်လိုင်းမှ ယာဉ်တစ်စီးနှင့် ပြိုင်မောင်းလာခြင်းပင်ဖြစ်သည်။

ယာဉ်အိုယာဉ်ဟောင်းများ၊ ကြံ့ခိုင်မှုအားနည်းသော ယာဉ်များဖြင့် သွားလာစီးနင်းနေရသူ ခရီးသည်များအတွက် စိတ်ကျေနပ်စရာ ဝန်ဆောင်မှုများလည်း မဖြစ်သလို လုံခြုံစိတ်ချစွာ သွားလာနိုင်မှုတွင် အားနည်းလျက်ရှိသည့်အပြင် စည်းကမ်းမဲ့ မောင်းနှင်နေမှုများကြောင့်လည်း တန်ဖိုးရှိသော လူ့အသက်ပေါင်းများစွာ ဆုံးရှုံးနေရသည်။ ယင်းကြောင့်လည်း ကားဟောင်းများကို အစားထိုးအပ်နှံစေကာ ဘတ်စ်ကားသစ်များဖြင့် ပြေးဆွဲမည့် အစီအစဉ်များ ယခုတစ်ပတ်အတွင်းတွင် စတင်တော့မည်ဖြစ်သည်။ အစိုးရ၏စီစဉ်မှုဖြင့် ဝယ်ယူခဲ့သော ဘတ်စ်ကားသစ်ကြီးများအပြင် ပုဂ္ဂလိကကဏ္ဍမှ လိုက်ပါပြောင်းလဲလာသော ကားသစ်များ၊ ဝန်ဆောင်မှုများဖြင့် မြို့ပြ ဘတ်စ်ကားစီးခရီးသည်များအနေဖြင့် ယခင်စနစ်ဟောင်းပုံစံဟောင်းထက် ယာဉ်စီးခကို ကိုယ်တိုင်ပေးချေကာ စိတ်အေးချမ်းသာစွာ စီးနင်းနိုင်သော စနစ်သစ်ကို လက်ခံလာကြသည်။

"ဝန်ဆောင်မှုနှင့် ညီမျှသော ယာဉ်စီးခကို ပေးချေပါရန် မေတ္တာရပ်ခံအပ်ပါသည်" ဟုဆိုသော YBS ယာဉ်လိုင်းအမှတ် ၂၁ ယာဉ်ပေါ်တွင် ရေးသားထားသော စာတန်းလေး။ ကားအတွင်း ထိုင်ခုံသပ်သပ်ရပ်ရပ်နှင့် ပန်းချီ၊ ဓာတ်ပုံများ၊ ချစ်စဖွယ် အရုပ်ကလေးများ ချိတ်ဆွဲအလှဆင်ထားသလို လေအေးပေးစက်ဖွင့်ကာ ရန်ကုန်မြို့ပြ ဘတ်စ်ကားစီး ခရီးသည်များကို ဝန်ဆောင်မှုပေးလာသည်မှာ ပါဝါအလဲဗင်း ပုဂ္ဂလိက ယာဉ်လိုင်းပင်ဖြစ်သည်။

အဆိုပါ ယာဉ်လိုင်းသည် YBS စနစ်အပြောင်းအလဲတွင် ပြည်သူကိုဗဟိုပြုလိုက်ပါပြောင်းလဲခဲ့ခြင်းဖြစ်ပြီး အဓိကရည်မှန်းချက်သည် ယခင်ကလို ငွေရှာရုံသက်သက်မဟုတ်တော့ဘဲ အဓိကအားဖြင့် ဝန်ဆောင်မှုကို အလေးထားလာသော ခေတ်ကြီးတွင် လူထုအကြိုက်၊ လူထုလိုအပ်ချက်ကို လိုက်ပါပြောင်းလဲပြီး ဝန်ဆောင်မှုပေးနိုင်ပါက အများနှစ်သက်လက်ခံပြီး အောင်မြင်နိုင်မည်ဖြစ်သည်။



ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ယနေ့ ကားသစ်များဖြင့် စီးနင်းသွားလာနေရပြီး ယာဉ်နောက်လိုက်နှင့် စကားများရန်ဖြစ်စရာမလိုတော့ဘဲ ယာဉ်စီးခကို ကိုယ်တိုင်ပေးချေရသည့် အလေ့အထသည် အလုံးစုံ မအောင်မြင်သေးသော်လည်း ပြည်သူအများစု ကြိုက်နှစ်သက်လက်ခံလာလျက်ရှိသည်။ နောင်တွင် ကတ်စနစ်ဖြင့် ငွေပေးချေမှုစနစ်၊ နိုင်ငံတကာအဆင့်မီ သယ်ယူပို့ဆောင်ရေးစနစ်၊ ဝန်ဆောင်မှုများကို ရန်ကုန်မြို့ပြ ပြည်သူများ မျှော်မှန်းနေကြသလို ယင်းသို့သော အဆင့်အတန်းမျိုးကို ရသင့်သည့် အခွင့်အရေးများလည်း ပြည်သူများတွင် ရှိပါသည်။ သုံးမိနစ်တစ်စီး၊ ငါးမိနစ်တစ်စီး လာမည့် ဘတ်စ်ကားကို မှတ်တိုင်တွင် အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်ပေးနေမည့် ဘတ်စ်ကားမှတ်တိုင်မျိုး ဖြစ်လာဖို့ကိုလည်း မျှော်လင့်လျက်ရှိသည်။

ထို့အတူ ယနေ့ဘတ်စ်ကားလောကတွင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့၏ ကိုယ်ရကိုယ်ယူစနစ် (ပုတ်ပြတ်စနစ်)ဖြင့် နေ့စဉ် ဘတ်စ်ကားပြေးဆွဲနေသည့် ဝင်ငွေအပေါ် ခွဲဝေရယူသည့်စနစ်ကို လုံးဝ ဖျက်သိမ်းပစ်မည်ဖြစ်ပြီး အများပိုင်ကုမ္ပဏီစနစ် ပီပီပြင်ပြင်ဖြင့် ပြေးဆွဲနိုင်ရေးကိုသာ အစိုးရအနေဖြင့် ထိရောက်စွာ တွန်းအားပေးနိုင်ရန် လိုအပ်သည်။ ယနေ့ ဝန်ဆောင်မှုခေတ်ဖြစ်သည်နှင့်အညီ စီးပွားရေးမြို့တော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်သာမက ကဏ္ဍအသီးသီးတွင် လူထုကိုဗဟိုပြုသည့် ဝန်ဆောင်မှုများ မပေးအပ်နိုင်ပါက (သို့မဟုတ်) အများပြည်သူ ကြိုက်နှစ်သက်မှုရှိအောင် လိုက်ပါပြောင်းလဲခြင်း မပြုနိုင်ပါက လူထုအားပေးမှုကို ရရှိမည်မဟုတ်ပေ။ အများပြည်သူ ကိုယ်တိုင် နှစ်သက်လက်ခံခြင်း မရှိတော့သည်က အဓိကကျသော အချက်ဖြစ်သည်။ လက်ရှိ YBS သမိုင်းတွင် ကားဟောင်းတွေကို ချန်ရစ်ခဲ့ရတော့မည်ဖြစ်သည်။

■

# သင်ကြားရေးအရည်အသွေးမြှင့်ဆရာဖြစ်သင်တန်းမှ ပညာသင်ဆုပေးအပ်မည်

**ရန်ကုန် ဇူလိုင် ၁၁**

မြန်မာနိုင်ငံအတွင်းရှိ ထူးချွန်အောင်မြင်သောသင်ကြားရေး ဆရာ ဆရာမများစွာပေါ်ထွန်းလာစေရန်ရည်ရွယ်၍ သင်ကြားမှုအရည်အသွေးမြှင့်တင်ပေးမည့် "Teacher Training Program" ဖြစ်သော သင်ကြားရေးအရည်အသွေးမြှင့်ဆရာဖြစ်သင်တန်းအပတ်စဉ်(၄)ကို WISDOM Education Centre(WEC) မှ Certificate Courses နှင့် ဒီပလိုမာ Courses များဖြင့် ဩဂုတ် ၅ ရက်မှ စတင်ကာ စီစဉ်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ အဆိုပါသင်တန်းတက်ရောက်ကြသူများအတွက် ပညာသင်ဆုပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းအား သင်ကြားရေးထူးချွန်သော ဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်လိုသူများနှင့် သင်ကြားရေးထူးချွန်သော ဆရာ ဆရာမများအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုကြသည့် ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ တက္ကသိုလ်တက်ရောက်ဆဲ ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ မြန်မာ့ပညာရေးလောကအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည့် ခေတ်မီသင်ကြားရေးနည်းစနစ်များ၊ သင်ထောက်ကူများ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြင့် စာတွေ့လက်တွေ့စနစ်တကျသင်ကြားပေးမည့် ဆရာ ဆရာမ အရည်အသွေးမြှင့်သင်တန်းများကို ပညာရေးဆိုင်ရာ ပါမောက္ခများ၊ ဝါရင့်သမ္ဘာရင့် ဆရာ ဆရာမကြီးများ၊ ကလေးသူငယ်သင်ကြားရေးနှင့် စိတ်ပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် စာတွေ့၊ လက်တွေ့ အထူးစီမံသင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်ကြားရေးဆိုင်ရာ Certificate အား ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကာ ပြည်တွင်း ကိုယ်ပိုင်ကျောင်းများနှင့် သင်တန်းကျောင်းများအတွက် အထူးအစီအစဉ်များ စီစဉ်ထားရှိကြောင်း သိရသည်။

WISDOM Education Centre(WEC) တည်ထောင်ထားသော ဆရာ ဦးရန်ဝင်းနောင်က "သင်တန်းသား သင်တန်းသူတွေအနေနဲ့ တစ်ပတ်ကို စနေ၊ တနင်္ဂနွေ နှစ်ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်သတ္တပတ် ရှစ်ပတ် တက်ရောက်ကြရမှာဖြစ်ပါတယ်။ Level တစ်ခုပြီးမြောက်တိုင်း သင်တန်းဆင်းအောင်လက်မှတ်များကို ချီးမြှင့်မှာဖြစ်ပြီး Level သုံးခု ပြီးမြောက်ပါက Diploma in Education Course ကို ဆက်လက်တက်ရောက်နိုင်ကြမှာ ဖြစ်ပါတယ်။ ပြီးတော့ ဇူလိုင် ၃၀ ရက်မတိုင်မီ တစ်ဦးချင်းအလိုက် လာရောက်အပ်နှံကြသူများအတွက် ၁၀ ရာခိုင်နှုန်း ပညာသင်ဆု(Scholarship)ကို level သုံးခုလုံးအတွက် ရရှိကြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ထူးချွန်အောင်မြင်သော သင်ကြားရေး ဆရာ ဆရာမ များစွာပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး ဒီလိုသင်တန်းများကို စဉ်ဆက်မပြတ်ပို့ချပေးသွားမှာပါ"ဟု ပြောသည်။

Certificate Course Level တစ်ခုစီတွင် Educational Philosophy၊ Educational Psychology၊ Teaching Methodology၊ Cyber Teaching Model၊ Pedagogic Practice၊ Assessment of Teaching၊ Learning Theory and Learning Styles၊ Overview of Child Development စသည့် သင်ကြားရေးဆိုင်ရာ ဆရာအတတ်ပညာများအပြင် ဘာသာစကားကျွမ်းကျင်မှုအတွက် English Language Classes ကိုပါ ထည့်သွင်းသင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ပြည်တွင်းသာမက ပြည်ပနိုင်ငံများဖြစ်သည့် ယူကေ၊ အမေရိကန်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံများရှိ International University College များမှ အသိအမှတ်ပြုပညာရေးဝန်ဆောင်မှုစင်တာဖြစ်သော WEC မှ Certificate ရရှိထားသူများသည် ထိုနိုင်ငံများတွင် ဆရာ ဆရာမများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်ဖြစ်ပြီး သင်ကြားရေးအရည်အသွေးမြှင့်သင်တန်းနှင့် ဆရာဖြစ်သင်တန်းအား တက်ရောက်လိုပါက WISDOM Education Centre(WEC) ဖုန်း-၀၉-၇၉၈၄၃၇၇၈၂၊ ၀၉-၉၆၀၇၀၇၁၃၀ နှင့် ၀၉-၄၃၀၂၀၆၄၅ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြကြောင်းနှင့် ဇူလိုင် ၃၀ ရက်မတိုင်မီ သင်တန်းလာရောက်အပ်နှံကြသူများအတွက် ၁၀ ရာခိုင်နှုန်း ပညာသင်ဆု (Scholarship)ကို ရရှိကြမည်ဖြစ်ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

■

# နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲတဲ့နေရာမှာ အချက်လေးချက်ပေါ်မူတည်ပြီး ဆောင်ရွက်ခြင်းဖြစ်

**နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်မှုပုံစံသစ်၊ ပြည်သူဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန် ခေါင်းဆောင်မှုပေးနိုင်သည့် အရည်အသွေးများနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်း၊ အရည်အချင်းကိုအခြေခံ၍ စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးသော အလေ့အထနှင့် စနစ်များနှင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု/တာဝန်ယူမှု စသည့်နယ်ပယ်လေးခုကို ဦးတည်ဆောင်ရွက်မည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး မဟာဗျူဟာစီမံချက် ထုတ်ပြန်ကြေညာသည့် အခမ်းအနားကို ဇူလိုင် ၁၀ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့သည်။ နိုင်ငံ့ဝန်ထမ်းကဏ္ဍပြုပြင်ပြောင်းလဲရန်အတွက် မျှော်မှန်းချက်အား ၂၀၁၆ ခုနှစ် ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပခဲ့သော နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု ပထမအကြိမ် အကြံပြုအလုပ်ရုံဆွေးနွေးပွဲတွင် အတည်ပြုခဲ့ခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်အား ထုတ်ပြန်ခြင်းအခမ်းအနားကို သုံးရက်ကြာ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူတချို့အား မေးမြန်းဖြစ်ခဲ့သည်-**


ဦးကျော်စိုး


ဒေါက်တာအောင်မိုးညို


ဦးစောဗယ်လင်တိုင်း


Ryan Orange


ဦးအောင်တင်စိုး

**ဦးကျော်စိုး (ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**

ဒီကြေညာချက်ထုတ်ပြန်နိုင်တဲ့အတွက် ဖော်မပြနိုင်အောင် ဝမ်းသာပီတိဖြစ်ရပါတယ်။ ဝန်ထမ်းထုအားလုံးအတွက် အကျိုးရှိသလို ပြည်သူတွေအားလုံးအတွက်လည်း အကျိုးရှိမှာဖြစ်ပါတယ်။ ဦးစားပေးနယ်ပယ်လေးရပ်ရှိပါတယ်။ ဒီလေးရပ်အပေါ်မှာ ဒုတိယဝန်ကြီး၊ ညွှန်ချုပ်များကနေပြီးတော့ ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များကို နှစ်ကာလအလိုက် တင်ပြသွားမှာဖြစ်ပါတယ်။ ဆောင်ရွက်မယ့်လုပ်ငန်းစဉ် စုစုပေါင်း ၄၉ ခုရှိပါတယ်။ တချို့ဟာတွေကလည်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဆောင်ရွက်ဆဲဖြစ်တာတွေလည်း ရှိတယ်။ မဆောင်ရွက်ရသေးတာတွေလည်း ရှိပါသေးတယ်။ လေးနှစ်စီမံချက်ဖြစ်တဲ့အတွက်ကြောင့် နှစ်ကာလအပိုင်းအခြားအလိုက် ဆောင်ရွက်သွားနိုင်ရေးအတွက် အုပ်စုရှစ်စုခွဲပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ကတော့ ဥပဒေမှာ တိတိကျကျပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀ မှာ ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှာလည်း ပါရှိပါတယ်။ အဂတိလိုက်စားရင် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းအရ အရေးယူနိုင်တယ်ဆိုတာ တိတိကျကျပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ သို့သော်လည်း ၂၀၁၅ ခုနှစ်က ကောက်ယူခဲ့တဲ့စစ်တမ်းအရ အဂတိလိုက်စားတယ်ဆိုတာ ငွေစားမှု မဟုတ်ပါဘူး။ ရာထူးတိုးမြှင့်ပေးတဲ့နေရာမှာ ဘက်လိုက်တာဆိုရင်လည်း အဂတိလိုက်စားခြင်းတစ်မျိုး ဖြစ်ပါတယ်။ ဒါမျိုးတွေ ရှိနေဆဲဆိုတာ တချို့ဖြေကြားထားတာရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ မဟာဗျူဟာစီမံချက်မှာ ဦးစားပေးနယ်ပယ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက်ကို လုပ်ငန်းစဉ် ၁၆ ခုလောက်ရှိပါတယ်။ တချို့ဟာတွေကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့ ဥပဒေတွေနဲ့အညီ ဆောင်ရွက်ရမယ့်အပိုင်းတွေရှိတဲ့အတွက်ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ကြီးဌာနအဖွဲ့အစည်းများ အားလုံးဆွေးနွေးပြီး ကောင်းမွန်တဲ့အဖြေရအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာအောင်မိုးညို (မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်)**

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ဟာ ချက်ချင်းလက်ငင်းကြီးတော့ သိသာတိုးတက်လာမှာမဟုတ်ဘူး။ ဖြည်းဖြည်းချင်း သိသာလာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော့်အမြင်အရတော့ အခုလိုမျိုး ဒီစီမံကိန်းဆောင်ရွက်ချက်ဟာ ဝန်ထမ်းတွေအတွက်ရော၊ နိုင်ငံအတွက်ပါ တကယ်ကိုမရှိမဖြစ် လုပ်ကိုလုပ်ရမယ့် အလုပ်ရုံဆွေးနွေးပဲဖြစ်ပါတယ်။ ဒါကလည်းပဲ လွယ်လွယ်ကူကူနဲ့ လုပ်လို့ရတာမဟုတ်ပါဘူး။ ဆွီဒင်နိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ယူကေနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံနဲ့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တွေရဲ့ ကူညီထောက်ပံ့မှုနဲ့ ဒီလိုအခမ်းအနားကြီးကို လုပ်နိုင်တာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေအတွက် စွမ်းဆောင်မှုအရည်အသွေး မြှင့်တင်ဖို့ဆိုရင် ဝန်ထမ်းအားလုံးပါဝင်နိုင်မှု၊ ဖြောင့်မတ်သမာဓိရှိမှု၊ စရိုက်လက္ခဏာနဲ့ ကိုယ်ကျင့်တရား၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ တာဝန်ခံမှု၊ ရိုးသားမှု၊ ဘက်မလိုက်ခြင်း၊ ဖက်ဒရယ်စနစ် ဓမ္မဓိဋ္ဌာန်ကျစွာ ပြုမူခြင်း၊ လုပ်ငန်းကျွမ်းကျင်မှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အုပ်ချုပ်ရေး၊ ဝန်ဆောင်မှုပေးရေး၊ ဒီမိုကရေစီစနစ် ကျင့်သုံးရေးဆိုတာတွေကို အစိုးရသစ်သွားချင်နေတဲ့ ပုံစံနဲ့ မရှိမဖြစ် လုပ်ကိုလုပ်ရမယ့် စီမံကိန်းပဲဖြစ်ပါတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် တိုင်းပြည်နဲ့ လူမျိုးအတွက်ကို လုပ်ငန်းတွေလည်ပတ်တဲ့နေရာမှာ အများကြီးထိရောက်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးစောဗယ်လင်တိုင်း (ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်)**

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် တစ်နှစ်လုံး ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲတွေ အကြိမ်ကြိမ်ကျင်းပခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာစီမံချက်နဲ့ပတ်သက်လို့ အကောင်အထည်ဖော်နိုင်ဖို့ဖြစ်ပါတယ်။ ဒါ့အပြင် ဆက်စပ်တဲ့အစည်းအဝေးတွေကို ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေနဲ့ အကြိမ်ကြိမ်အစည်းအဝေးတွေခေါ်ယူခဲ့ရပါတယ်။ အဲဒီအပေါ်မှာ မူတည်ပြီးတော့ အချက်အလက်စုဆောင်းမှုတွေလုပ်ရပါတယ်။ နိုင်ငံတကာမှ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းများကိုလည်း လေ့လာခဲ့ပါတယ်။ လေ့လာပြီးတော့မှ အချက်အလက်တွေစုပြီး အခုလိုကြေညာနိုင်ခြင်းဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးဟာ သာမန်အားဖြင့် တခြားတိုင်းပြည်နဲ့ နည်းနည်းကွာမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် တိုင်းရင်းသားမျိုးနွယ်က ၁၃၅ မျိုးရှိတော့ သာမန်အားဖြင့် ပိုမိုပြီးစဉ်းစားပေးရတဲ့အနေအထားရှိပါတယ်။ လူမျိုးတစ်မျိုးရဲ့ စရိုက်လက္ခဏာနဲ့ ဒေသကွာတာတွေ၊ ထို့အတူ မြို့တစ်မြို့ချင်းစီရဲ့ စရိုက်လက္ခဏာလည်း ကွာတာရှိပါတယ်။ ဒီစရိုက်လက္ခဏာတွေပေါ်မူတည်ပြီးတော့ သင့်တင့်လျောက်ပတ်တဲ့ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုရအောင် စီမံရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တခြားအချက်တွေလည်း အများကြီးရှိပါသေးတယ်။ အုပ်ချုပ်မှုစနစ်အောက်ကို ခွဲဝေပေးနိုင်ဖို့ပါ။ အပေါ်မှာပဲ အုပ်ချုပ်မှုစနစ်ရဲ့ တာဝန်ဝတ္တရားနဲ့ လုပ်ပိုင်ခွင့်တွေယူထားတဲ့အတွက် အောက်ကဝန်ထမ်းတွေအနေနဲ့ ပြည်သူနဲ့ထိတွေ့ရတဲ့အခါ တိုက်ရိုက်ဆုံးဖြတ်လို့လည်းမရပါဘူး။ အထက်ကိုတင်ပြီးမှ လုပ်ရတဲ့အတွက် ကြန့်ကြာမှုတွေရှိပါတယ်။ နိုင်ငံတိုင်းမှာ ပြည်သူနဲ့အစိုးရနီးစပ်ဖို့ ဗဟိုချုပ်ကိုင်မှုလျှော့ကျအောင် လုပ်ရတာရှိပါတယ်။ ဒါမှ ပြည်သူတွေရဲ့ခံစားချက်လည်းသိရမှာဖြစ်ပါတယ်။ ပြည်သူဆိုတာမှာ အနိမ့်ဆုံးအဆင့်ပြည်သူတွေနဲ့အထိ ထိတွေ့နိုင်ဖို့အတွက် ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဝန်ထမ်းတွေအနေနဲ့လည်း လေ့ကျင့်ပေးဖို့လိုပါတယ်။ အကျင့်စာရိတ္တပိုင်း၊ အရည်အသွေးပိုင်း အားလုံးပြုစုပျိုးထောင်ပေးဖို့လည်း လိုပါတယ်။

နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲတဲ့နေရာမှာ အချက်လေးချက်အပေါ်မူတည်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်မှုပုံစံအသစ်၊ အရည်အချင်းစွမ်းဆောင်ရည်အပေါ်မူတည်ပြီးတော့မှ အခွင့်အရေးတိုးမြှင့်ပေးတာမျိုး စဉ်းစားမှာဖြစ်ပါတယ်။ ပြည်သူဗဟိုပြုခေါင်းဆောင်တွေရဖို့ လေ့ကျင့်ပျိုးထောင်ပေးဖို့လိုပါတယ်။ ဝန်ထမ်းထဲမှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုတွေရှိဖို့ လိုပါတယ်။ ပြည်သူတွေက ဝန်ထမ်းတွေကို ထိတွေ့ဆက်ဆံတဲ့နေရာမှာ တာဝန်ခံမှုအားနည်းတဲ့အတွက် သူတို့တွေ အားမလိုအားမရလည်း ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အပေါ်မှာလည်း ယုံကြည်မှုနည်းတယ်။ ဝန်ထမ်းက သက်သက်၊ ပြည်သူက သက်သက်ဖြစ်နေတဲ့အတွက် နီးစပ်လာအောင်ဆောင်ရွက်ဖို့လိုပါတယ်။ အကြံပေးနိုင်ဖို့လည်း လိုပါတယ်။ ပြည်သူတွေကိုလည်း စက်တင်ဘာ၊ အောက်တိုဘာလောက်မှာ စစ်တမ်းကောက်ယူဖို့ လုပ်ထားပါတယ်။ မိသားစု ၂၀၀၀ လောက်ကို ကွင်းဆင်းဆောင်ရွက်မယ်။ ဝန်ထမ်းနဲ့ဆက်ဆံရတဲ့ ပြည်သူရှိသလို ဝန်ထမ်းနဲ့မဆက်ဆံရတဲ့ ပြည်သူလည်းရှိတယ်။ အဲဒါကြောင့် ကွင်းဆင်းပြီး သူတို့ဆီက ခံစားချက်ဘယ်လိုမြင်လဲဆိုတာ စစ်တမ်းကောက်ပြီး ရတဲ့အချက်အလက်အပေါ်မူတည်ပြီးတော့ ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာစီမံချက်မှာလည်း ထည့်သုံးရမှာဖြစ်ပါတယ်။

**Ryan Orange(New Zealand)**

များသောအားဖြင့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးလုပ်တဲ့အခါမှာ အချိန်က ငါးနှစ်ယူပါတယ်။ ဘာကြောင့်လဲဆိုရင် ခက်ခဲရှုပ်ထွေးတဲ့ ပြောင်းလဲမှုတွေကို ဒီစနစ်ကနေပြီးတော့ စဉ်ဆက်မပြတ် ထိန်းပြီးတော့ သွားရမှာဖြစ်တဲ့အတွက်ကြောင့် ပုံမှန်အားဖြင့် ငါးနှစ်လောက်လိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ဆိုရင်လည်းပဲ ဒီပြုပြင်ပြောင်းလဲမှုကို ငါးနှစ်အတွင်းမှာ အကုန်ပြောင်းသွားမယ်လို့ ကျွန်တော်အနေနဲ့ မဆိုလိုပါဘူး။ ဘာကြောင့်လဲဆိုရင် စိန်ခေါ်မှုတွေ အများကြီးတွေ့ကြုံရမှာမို့လို့ပါ။ သို့သော်လည်း ဒီငါးနှစ်အတွင်းမှာ ပြောင်းလဲမှုတော်တော်များများကို လုပ်နိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ပြောင်းလဲမှုဆိုတာကတော့ ခက်ခဲပါတယ်။ ပြောင်းလဲမှုကို ဘယ်လိုဖြစ်အောင်လုပ်ရမလဲဆိုတဲ့အရာကို လူတွေသင်ယူဖို့က အရေးကြီးပါတယ်။ အဲလိုမျိုးသင်ယူတဲ့အခါမှာ အမှားတွေကို မလွှဲမရှောင်သာလုပ်မိပေမယ့်လည်း ဘယ်နိုင်ငံမှာမဆို နိုင်ငံ့ဝန်ထမ်းတွေ အမှားလုပ်မိတာကို ပြည်သူတွေက မကြိုက်ကြပါဘူး။ သို့သော်လည်းပဲ ဒီလိုမျိုးလုပ်ဆောင်တဲ့အပိုင်းမှာ လုံးဝမတူတော့တဲ့အသစ်တစ်ခုကို လုပ်တဲ့အပိုင်းမှာ လူတွေအနေနဲ့က ဘယ်လိုလုပ်ရမလဲဆိုတာကို သင်ယူဖို့လိုပါတယ်။ အဲဒီအတွက် လိုအပ်တဲ့ စွမ်းဆောင်ရည်တွေမြှင့်တင်ပျိုးထောင်ဖို့ကို အချိန်ယူရမှာဖြစ်ပါတယ်။ အခုလိုမျိုး အချိန်ယူရမယ်ဆိုတာဟာ မြန်မာနိုင်ငံတစ်ခုမှာပဲ ဖြစ်တာမဟုတ်ပါဘူး။ တခြားနိုင်ငံတွေမှာလည်း ဒီအတိုင်းပါပဲ။ မြန်မာနိုင်ငံမှာက ပြောင်းလဲမှုမရှိဘဲနဲ့ အချိန်ကာလအကြာကြီး ဖြတ်သန်းခဲ့တဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် စွမ်းဆောင်ရည်တွေမြှင့်တင်ဖို့ သင်ယူဖို့၊ အချိန်ယူဖို့ ပိုအရေးကြီးပါတယ်။

ဝန်ထမ်းရေးရာကိစ္စတွေနဲ့ပတ်သက်ပြီးတော့ တကယ်ရှိသင့်တဲ့ ဝန်ထမ်းအရေအတွက်နဲ့ ဝန်ထမ်းတွေကို တကယ်ပေးသင့်တဲ့ ပမာဏ မပေးဘူးဆိုရင်လည်း ပြုပြင်ပြောင်းလဲရေးမှာ အင်မတန်ကို ခက်ခဲပါတယ်။ ဒီကိစ္စဟာ မြန်မာနိုင်ငံကိုယ်တိုင်က ပြုပြင်ရမယ့်၊ ပြင်ဆင်ရမယ့်အချက်တစ်ခုပဲဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလိုပြုပြင်ပြောင်းလဲဖို့ ငွေကြေး၊ အခွင့်အလမ်းတွေရပြီဆိုတာနဲ့ မဖြစ်မနေလုပ်ရတော့မှာပါ။ သို့သော်လည်း နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးစီမံချက်ဟာဆိုရင် မြန်မာနိုင်ငံရဲ့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ အရည်အသွေးကို မြှင့်တင်ပေးပါလိမ့်မယ်။ အဲလိုမျိုး မြှင့်တင်ပေးတဲ့နေရာမှာ တစ်ဖက်ကလည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုရဲ့ အကျိုးရလဒ်တွေကို အသုံးချပြီးတော့ ရှိသင့်တဲ့ ဝန်ထမ်းအရေအတွက်၊ ပေးသင့်တဲ့ပမာဏတွေကို ဖြည့်ဆည်းပေးနိုင်ခြင်းအားဖြင့် မြန်မာပြည်သူတွေဆီက တိုးတက်တောင်းဆိုလာတဲ့ ဝန်ဆောင်မှုတွေကို ဖြည့်ဆည်းပေးနိုင်ဖို့၊ တုံ့ပြန်နိုင်ဖို့ လုပ်ဆောင်နိုင်ပါလိမ့်မယ်။

**ဦးအောင်တင်စိုး [ပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)]**

ပြည်သူကို ဗဟိုပြုတဲ့ နိုင်ငံ့ဝန်ထမ်းတွေဖြစ်လာဖို့အတွက် ခေါင်းဆောင်မှုအရည်အသွေးနဲ့ လုပ်ငန်းစွမ်းဆောင်မှုအရည်အသွေးတွေမြှင့်တင်ဖို့ဆိုရင် ပထမဆုံးကတော့ ဝန်ထမ်းတွေ လုပ်ငန်းခွင်မှာ ပျော်ရွှင်ဖို့အတွက် သူတို့ရဲ့လိုအပ်တဲ့ လုပ်ငန်းခွင်သာယာရေး၊ သက်သာချောင်ချိရေးတွေ ဆောင်ရွက်ပေးဖို့လိုမယ်။ အလားတူ ဗဟိုဝန်ထမ်းတက္ကသိုလ်အနေနဲ့လည်း အခုဆိုရင် ဝန်ထမ်းတွေသိသင့်တဲ့ကိစ္စရပ်တွေကို ပြောင်းလဲပြီးတော့ သင်ကြားပို့ချနေပါတယ်။ လုပ်ငန်းခွင်မှာ နိုင်ငံ့ဝန်ထမ်းတွေကို ခံယူချက်တွေပြောင်းလဲအောင် သင်ကြားပို့ချနေပါတယ်။ ဝန်ထမ်းတွေကို ဌာနတွင်းမှာ အဖွဲ့အစည်းတစ်ခုခုမှာ ခေါင်းဆောင်မှုအရည်အသွေးတွေ ကောင်းမွန်လာအောင် နိုင်ငံတကာနဲ့ ချိန်ညှိပြီးတော့ ပြည်တွင်းပြည်ပပညာရှင်တွေရဲ့ အကြံဉာဏ်တွေရယူပြီး ပို့ချသင်ကြားပေးလျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲတဲ့နေရာမှာ အခြေခံအကျဆုံးကတော့ ဝန်ထမ်းတိုင်းဟာ မိမိကိုယ်ကိုမိမိ အလုပ်လုပ်ချင်စိတ်ရှိအောင် ခံယူချက်စိတ်ဓာတ်တွေ ပြောင်းဖို့လိုပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အုပ်စုချင်းတစ်ဆင့်ချင်းအလိုက်၊ ဌာနအလိုက်တွေ ပြောင်းလဲအောင် လုပ်မှသာလျှင် တကယ့်ကို နိုင်ငံတော်က သွင်းချင်နေတဲ့ ပြည်သူ့ ဝန်ထမ်းပြုပြင်ပြောင်းလဲရေးမဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

**နိုင်လင်းကြည်၊ ကိုမင်း**

# ဂျပန်နိုင်ငံ ငြိမ်းချမ်းရေးခေါင်းလောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်း၏ ပုံစံတူကို ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၁**

ဂျပန်နိုင်ငံ ငြိမ်းချမ်းရေးခေါင်းလောင်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်း၏ ပုံစံတူကို မြန်မာနိုင်ငံသို့ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက အမျိုးသားပြတိုက်(နေပြည်တော်)၌ ကျင်းပသည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံ ငြိမ်းချမ်းရေးခေါင်းလောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စစ် စဲကိုတာကစဲက ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်းပုံစံတူ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျေးဇူးတင်စကားပြောကြားရာ ယနေ့ နေပြည်တော်တွင် ဂျပန်နိုင်ငံ ငြိမ်းချမ်းရေးခေါင်းလောင်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းက ကုလသမဂ္ဂငြိမ်းချမ်းရေးခေါင်းလောင်း၏ ပုံစံတူ ခေါင်းလောင်းကို မြန်မာနိုင်ငံသို့ လှူဒါန်းသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ဂျပန်နိုင်ငံ ငြိမ်းချမ်းရေးခေါင်းလောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းမှ ဒုတိယဥက္ကဋ္ဌ မစ္စစ် စဲကိုတာကစဲကို ကျေးဇူးတင်ပါကြောင်း၊ ငြိမ်းချမ်းရေးကို ရည်ရွယ်ပြီး လှူဒါန်းခြင်းသည် မွန်မြတ်၍ တန်ဖိုးရှိလှသော လုပ်ဆောင်မှုတစ်ခုဖြစ်ကြောင်း၊ မစ္စတာ ချိရိုဂျီနာကာဂါဝါ၏ ကမ္ဘာ့တစ်ဝန်းလုံးငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ချက်ကို အမွေဆက်ခံအကောင်အထည်ဖော်ဆောင်ရွက်နေသော ကောင်းမွန်သည့် လှုပ်ရှားမှုတစ်ခုဖြစ်ပါကြောင်း၊ နှစ်နိုင်ငံငြိမ်းချမ်းရေးကို တိုးမြှင့်ပေးနေသည့် အခြေခံတစ်ခုအဖြစ် ရပ်တည်မည်ဟု ယုံကြည်ကြောင်း၊ ငြိမ်းချမ်းရေးသည် ပျော်ရွှင်မှုနှင့် တိုးတက်မှုကို ဖန်တီးပေးကြောင်း၊ ငြိမ်းချမ်းရေးမရှိလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်း၍မရနိုင်ပါကြောင်း၊ အကြမ်းဖက်မှုနှင့် ပဋိပက္ခများရှိနေသရွေ့ တိုးတက်မှုလည်း မရနိုင်ပါကြောင်း၊ ယုံကြည်မှုသည် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် မရှိမဖြစ် လိုအပ်ပါကြောင်း၊ ယုံကြည်မှုမရှိပါက စစ်မှန်သော ငြိမ်းချမ်းရေးမရနိုင်ပါကြောင်း ပြောကြားသည်။

ငြိမ်းချမ်းရေးက စီးပွားရေးလုပ်ဆောင်မှုများ ကောင်းမွန်လာခြင်း၊ လူ့ဘောင်အဖွဲ့အစည်းတို့ ပိုမိုပါဝင်လာနိုင်ခြင်း၊ ကောင်းမွန်သော ဂေဟဗေဒစနစ်ရေရှည်တည်တံ့ဖွံ့ဖြိုးရေးစသည့် ကောင်းမွန်သောပတ်ဝန်းကျင်ကို ပံ့ပိုးပေးကြောင်းနှင့် ကမ္ဘာပေါ်ရှိပြည်သူများကလည်း စစ်ပွဲများကို မနှစ်သက်ဘဲ စစ်ပွဲများသည် ဆုံးရှုံးခြင်းနှင့် ဒုက္ခဆင်းရဲခြင်းတွေကိုသာ ဖြစ်ပေါ်စေနိုင်ကြောင်း၊ တိုက်ခိုက်မှုများကိုရပ်ပြီး ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များသည် ငြိမ်းချမ်းစွာဖြင့် စဉ်ဆက်မပြတ် အတူယှဉ်တွဲ နေထိုင်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြိုးပမ်းအားထုတ်နေသကဲ့သို့ ပြည်သူများကလည်း ပြည်ထောင်စုကြီးငြိမ်းချမ်းရေးရရှိရေးကို နှစ်ပေါင်းများစွာကတည်းကပင် တမ်းတမျှော်လင့်နေကြပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေသည့်အတွက် မကြာမီပြည်သူများ၏ မျှော်လင့်ချက်ပြည့်ဝလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။




ယခုလှူဒါန်းသည့် ခေါင်းလောင်းပုံစံငယ်မှာ အလေးချိန် လေးကီလိုဂရမ်၊ အချင်း ၁၅၀ မီလီမီတာ၊ အမြင့် ၂၆၅ မီလီမီတာရှိပြီး နိုင်ငံပေါင်း ၆၅ နိုင်ငံမှ လှူဒါန်းသည့် ရှေးဟောင်းဒင်္ဂါးများ၊ ဂျပန်ဓားများ၊ ကျည်ဆန်ခွံများ၊ ကြေးတံဆိပ်များ ပေါင်းစုသွန်းလုပ်ခဲ့ကာ တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲပါစေဟူသည့် ခန်းဂျီ စာလုံးရှစ်လုံးကို ရေးထိုးထားကြောင်းနှင့် ၁၉၅၄ ခုနှစ် ဇွန်လ ၈ ရက်တွင် ကုလသမဂ္ဂသို့ အဆိုပါခေါင်းလောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ပထမဦးဆုံး ခေါင်းလောင်းပုံစံငယ်ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ဖူးကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော်တွင် ယှဉ်ပြိုင်သီဆိုမည့်သူများ လျှောက်လွှာ ထုတ်ယူနိုင်

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်မှုများကို ပြည်သူများသိရှိပြီး တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ကျင်းပလျက်ရှိသည်။

ဒေသအလိုက် ပထမဦးဆုံးပွဲစဉ်များကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ စတင်ကျင်းပခဲ့ပြီး ပထမအဆင့် နောက်ဆုံးပြိုင်ပွဲကို ဇူလိုင် ၉ ရက် ည ၈ နာရီခွဲတွင် ကျင်းပရာ ဆန်ခါတင်ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် ၁၀ ဦး ယှဉ်ပြိုင်သီဆိုခဲ့သည့်အနက် သုံးဦးအား နောက်တစ်ဆင့်ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် ရွေးချယ်နိုင်ခဲ့သည်။

ပထမအဆင့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ကျင်းပရန် လျာထားခဲ့သော်လည်း ယခုအခါ ကရင်ပြည်နယ် ဘားအံမြို့၌ သီဆိုမည့်သူများပြားလာသည့်အတွက် မူလ ၁၀ မြို့အပြင် ဘားအံမြို့တွင်လည်း တိုးချဲ့ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ၎င်းအတွက် လျှောက်လွှာများကို ဘားအံမြို့၊ ကော့ကရိတ်မြို့၊ လှိုင်းဘွဲ့မြို့နှင့် မြဝတီမြို့တို့ရှိ ပြန်/ဆက်ရုံးများ၌ ဇူလိုင် ၁၃ ရက်မှစပြီး ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ကျောက်ဖြူမြို့သို့ ရောက်ရှိ

**ကျောက်ဖြူ ဇူလိုင် ၁၁**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိသည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်နှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး မစ္စယန်ဟီလီက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် မစ္စယန်ဟီလီနှင့်အဖွဲ့သည် ကျောက်ဖြူမြို့နယ်၊ ပြင်ဖြူမော်ကျေးရွာသို့ ရောက်ရှိပြီး ရခိုင်တိုင်းရင်းသားများနေထိုင်လျက်ရှိသော နေအိမ်များနေရာချထားမှုနှင့် ဒေသခံများ၏ အခက်အခဲများကို ဆွေးနွေးမေးမြန်းခဲ့သည်။

ညနေပိုင်းတွင် သိုင်းချောင်းလမ်းဆုံရှိ ကျောက်ဖြူစီးပွားရေးဇုန်ကိစ္စနှင့်ပတ်သက်၍ ဒေသခံတောင်သူ(၁၅)ဦးနှင့် တွေ့ဆုံခဲ့သည်။

ယင်းနောက် PALACE HOTEL တွင် မလကျွန်း၊ ချောင်းဝ၊ ကုလားဘာကျေးရွာများရှိ အရပ်ဖက်အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထို့နောက် ကျောက်တလုံး(IDP)စခန်း ကြီးကြပ်ရေးကော်မတီရုံးခန်းသို့ရောက်ရှိကာ ဦးလဖြူချေ(ခ)မောင်ခင်လှအပါအဝင် လူပုဂ္ဂိုလ်(၂၀)ဦးနှင့် တွေ့ဆုံပြီး နေထိုင်လျက်ရှိသော အဆောက်အအုံများအား လိုက်လံကြည့်ရှုသည်။

ညပိုင်းတွင် ကျောက်ဖြူခရိုင်ထွေအုပ်ရိပ်သာ၌ ကျောက်ဖြူအထူးစီးပွားရေးဇုန် (SEZ) ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာဦးမောင်နှင့် အဖွဲ့ဝင်(၅)ဦးတို့နှင့် တွေ့ဆုံပြီး စီးပွားရေးဇုန်ကိစ္စ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၃၉ စီး၊ သွင်းကုန် ၅၈၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇ စီး၊ သွင်းကုန် ၁၁၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက်တွင် မူဆယ်မှ မန္တလေးသို့ ဝင်ရောက်လာသော ခရီးသည်တင်ယာဉ်နှစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော လူသုံးကုန်ပစ္စည်းများ၊ ကြွေပြားများနှင့် လျှပ်စစ်ပစ္စည်းများ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးကြီးရေလျှံ မိုးရေထဲကားများသွားလာ

**ရန်ကုန် ဇူလိုင် ၁၁။** ။ ယနေ့ မွန်းလွဲ ၁ နာရီအချိန်မှ ညနေ ၄ နာရီထိ အင်းစိန်မြို့နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းလိုက်သောမိုးကြောင့် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်း၊ ဗဟိုလမ်းမ (မင်းကြီးလမ်း)၊ အောက်မင်္ဂလာဒုံလမ်း၊ အမက(၁)ဗဟိုကျောင်းရှေ့နှင့် စည်ပင်သာယာရုံးရှေ့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ မော်တော်ယာဉ်များ မီးရထားခုံးကျော်တံတားပေါ်တွင် ရပ်တန့်နေ၍ ရေထဲတွင် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်နေသည်ကို တွေ့ရသည်။ **(မြင့်)**

# ရသေ့တောင်မြို့နယ်၌ တရားမဝင် လာရောက်နေထိုင်သူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အောက်နန်းရာကျေးရွာ၌ ဇူလိုင် ၉ ရက် ညနေပိုင်းက တရားမဝင်လာရောက်နေထိုင်သူတစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ဇူလိုင် ၉ ရက် ညနေ ၄ နာရီက ရသေ့တောင်မြို့နယ် အောက်နန်းရာကျေးရွာ၌ တရားမဝင်လာရောက်နေထိုင်သူ ဟာဘေဇာမောက်အား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဟာဘေဇာမောက်သည် ၂၀၁၀ ခုနှစ်က တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေပြီး တရားမဝင် ပြန်လည်ဝင်ရောက်နေထိုင်သူတစ်ဦးဖြစ်၍ စေတီပြင်နယ်မြေစခန်း၌ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# အဲဗာတန်ကို ရွေးချယ်ခြင်းက ပိုမိုခက်ခဲမည်ကို သိရှိပြီးဖြစ်ကြောင်း ဝိန်းရွန်းနီဖွင့်ဟ




တိုက်စစ်မှူး ဝိန်းရွန်းနီက အဲဗာတန်အသင်းကို ရွေးချယ်မှုက အခြားအသင်းတစ်ခုကို ရွေးချယ်မှုထက်ပိုမိုခက်ခဲပြီး ကောင်းမွန်စွာ ကစားနိုင်ရန် ဖိအားရှိသော်လည်း ယင်းသို့သော စိန်ခေါ်မှုများကို ရင်ဆိုင်ရန်အတွက် အဆင်သင့်ဖြစ်နေနှင့်ပြီဖြစ်ကြောင်း အဲဗာတန်အသင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် ဖွင့်ဟပြောကြားလိုက်ပြီဖြစ်သည်။

ရွန်းနီက ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းနှင့်အတူ အီးအက်ဖ်အယ်လ်နှင့် ယူရိုပါလိဂ်ဖလားတို့ကို အသင်းခေါင်းဆောင်အဖြစ် ကိုင်မြှောက်နိုင်ခဲ့သော်လည်း ဗိုလ်လုပွဲစဉ်များတွင် ပွဲထွက်ခွင့်မရရှိခဲ့ပေ။ အဆိုပါအခြေအနေနှင့်ပတ်သက်၍ သူက "တကယ်ကို အနှောင့်အယှက်ဖြစ်ခဲ့ရတဲ့ အခြေအနေပါ။ ဖလားနှစ်လုံး(လိဂ်ဖလားနဲ့ ယူရိုပါလိဂ်ဖလား)ကို ကိုင်မြှောက်ခဲ့ရချိန်က အခက်ခဲဆုံးဖြစ်ခဲ့တာပါ။ ခင်ဗျားက ပွဲတစ်ပွဲရဲ့ အစိတ်အပိုင်းအဖြစ် မပါဝင်ခဲ့ဘူးဆိုရင် ဒီအရာတွေနဲ့ ထိုက်တန်တယ်လို့လည်း ခင်ဗျားခံစားရမှာ မဟုတ်ပါဘူး"ဟု မန်ယူအသင်းတွင် ပြီးခဲ့သည့်ရာသီက ကြုံတွေ့ခဲ့သည့် အခြေအနေများနှင့်ပတ်သက်ပြီး မှတ်ချက်စကားဆိုခဲ့သည်။

မန်ယူအသင်း ဒဏ်ရာပြဿနာများကြောင့် ကစားသမားရွေးချယ်စရာ နည်းပါးနေချိန်မှာပင် မော်ရင်ဟိုက ရွန်းနီကို ပွဲထွက်ခွင့် ပေးခဲ့ခြင်းမရှိခဲ့ရာ ရွန်းနီအနေဖြင့် သေချာပေါက် အသင်းပြောင်းမည်ဟု ရာသီမကုန်ခင်ကပင် သတင်းထွက်နေခဲ့ပြီးဖြစ်သည်။ ဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ချိန်ကတည်းက ရွန်းနီ အသင်းပြောင်းနိုင်မည်ဟု ခန့်မှန်းနေကြသော်လည်း တကယ်တမ်းတွင် နှစ်လလောက် အလိုကပင်စော၍ မန်ယူမှ ထွက်ခွာမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်ကြောင်းလည်း ပြန်ပြောင်းပြောကြားခဲ့သည်။

ထို့ပြင် ရွန်းနီက အဲဗာတန်အသင်း အမာခံပရိသတ် သူ၏ဖခင်မှာ သူကစားသည့်ပွဲစဉ်များကို ကြည့်ရှုရန် မန်ချက်စတာမြို့သို့ ၁၃ နှစ်ကြာ တကူးတကလာရောက်ခဲ့သည့် အခြေအနေမှ ငါးမိနစ် ကားမောင်းရုံမျှဖြင့် သူ့ကို အားပေးနိုင်တော့မည် ဖြစ်သည့်အတွက် အလွန်အမင်း ပျော်ရွှင်မိကြောင်းလည်း ဆိုခဲ့သည်။

ဝိန်းရွန်းနီက အင်္ဂလန်လက်ရွေးစင်အသင်းအတွက် သီးခြားမျှော်လင့်ပြီး အဲဗာတန်အသင်းကို ပြောင်းရွှေ့သွားခြင်း မဟုတ်သော်လည်း အဲဗာတန်တွင် ခြေစွမ်းပြနိုင်ပါက မည်သူကမျှ လျစ်လျူရှုနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ရွန်းနီမှာ ပြီးခဲ့သည့် ရာသီက မန်ယူအသင်းအတွက် ၁၅ ပွဲသာ ပွဲထွက်ကစားခွင့်ရခဲ့ခြင်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်း လူစာရင်းမှလည်း ချန်လှပ်ခံခဲ့ရသည်။ ရွန်းနီမှာ ဇူလိုင် ၉ ရက်က အဲဗာတန်အသင်းနှင့် နှစ်နှစ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ၁၃ နှစ်အကြာတွင် အဲဗာတန်အသင်းနှင့် ပြန်လည်ပူးပေါင်းမှု စတင်ခဲ့ပြီဖြစ်သည်။

**(မေလှဲ့သင်း)**

## ကော်စတာကို အားလပ်ရက် ပိုမိုပေးထားဟု ချယ်လ်ဆီးအသင်းထုတ်ပြန်

ကွန်တီ၏ အနာဂတ်အစီအစဉ်တွင် ပါဝင်ခြင်းမရှိတော့ဟု အကြောင်းကြားခံထားရသူ တိုက်စစ်မှူး ဒီယေဂိုကော်စတာမှာ တနင်္လာနေ့က ပြုလုပ်ခဲ့သည့် ချယ်လ်ဆီးအသင်း လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ခဲ့ခြင်းမရှိသလို ချယ်လ်ဆီးအသင်းဘက်ကလည်း ကော်စတာကို အားလပ်ရက် ပိုမိုပေးထားသည်ဟူသော ကြေညာချက်ကို ကလပ်အသင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် တရားဝင်ထုတ်ပြန်ပေးခဲ့သည်။ ယင်းထုတ်ပြန်ချက်က နှစ်ဦးနှစ်ဖက်ကြား ဖြစ်လာနိုင်သည့် မလိုလားအပ်သော ရှုပ်ထွေးမှုများကို ပါးပါးနပ်နပ်ဖြင့် ရှောင်လွှဲနိုင်ရန် ကြေညာခဲ့သည့် ထုတ်ပြန်ချက်ဟူ၍လည်း သတ်မှတ်နိုင်မည်ဖြစ်သည်။

ကော်စတာအနေဖြင့် အနည်းဆုံး ရက်သတ္တ တစ်ပတ်ကြာ နားရက်ရဦးမည်ဖြစ်ပြီး ကော်စတာနှင့် ကွန်တီကြား ဆက်ဆံရေးမပြေလည်မှုက ကော်စတာနှင့် ချယ်လ်ဆီးအသင်းလမ်းခွဲမှုကို လျင်လျင်မြန်မြန် ဖြစ်ထွန်းစေခဲ့ခြင်းဖြစ်သည်။

ကော်စတာမှာ ယခုနွေဈေးကွက်အတွင်းမှာပင် အသင်းပြောင်းရွှေ့ရမည်ဖြစ်သော်လည်း ချိတ်ဆက်နေသည့်အသင်းများနှင့် သူပြောင်းရွှေ့ချင်သည့်အသင်းမှာ ထပ်တူမကျသည့်အတွက် အပြောင်းအရွှေ့ပြီးမြောက်ရန်လိုသည်ထက် ပို၍ကြန့်ကြာနေခဲ့ခြင်းဖြစ်သည်။ သို့သော် လာမည့် ရက်သတ္တပတ်အနည်းငယ်အတွင်း ချယ်လ်ဆီးမှ ကော်စတာအပြီးသတ်ထွက်ခွာမည်ဖြစ်ပြီး အပြောင်းအရွှေ့ပိတ်ပင်ခံထားရသည့် အက်သလက်တီကိုကိုသာ စောင့်ဆိုင်းရင်း ပူးပေါင်းမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

## မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဖွဲ့စည်းပုံဥပဒေ ရှင်းလင်းပွဲ ပြုလုပ်

**ရန်ကုန် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်(ယာယီ) သည် ဥက္ကံမြင်းစီးကလပ်မှ အဖွဲ့ဝင်များ၊ ကစားသမားများ၊ မြင်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ ဝါသနာရှင်များနှင့်တွေ့ဆုံပြီး မြင်းစီးအဖွဲ့ချုပ်က အသစ်ရေးဆွဲထားသည့် စည်းမျဉ်းများ၊ ဖွဲ့စည်းပုံများနှင့်ပတ်သက်ပြီး ရှင်းလင်းပွဲကို ဇွန် ၉ ရက် နံနက်ပိုင်းတွင် ဥက္ကံမြင်းစီးကလပ်၌ ကျင်းပခဲ့သည်။

မြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒု-ဥက္ကဋ္ဌ(၁)က ရေးဆွဲထားပြီးဖြစ်သည့် အဖွဲ့ချုပ်၏ စည်းမျဉ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြသည်။ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်( ယာယီ)သည် အောက်ခြေတောင့်တင်းခိုင်မာသည့် အားကစားအဖွဲ့ချုပ်တစ်ခုဖြစ်လာစေရန်နှင့် မြင်းစီးအားကစား တိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ကမ္ဘာ့မြင်းစီးအဖွဲ့ချုပ်၊ အာရှနှင့် အရှေ့တောင်အာရှ မြင်းစီးအဖွဲ့ချုပ်တို့၏ ကျင့်သုံးသည့် မူဝါဒစံနှုန်းများကို အခြေခံပြီး မြန်မာနိုင်ငံမူဝါဒနှင့် ကိုက်ညီမည့် အခြေခံအချက်များ ထည့်သွင်းရေးဆွဲထားသည်။ ထို့ပြင် မြင်းစီးအဖွဲ့ချုပ်အလုပ်အမှုဆောင်များရွေးချယ်ရာတွင်လည်း ပွင့်လင်းမြင်သာစွာ ရွေးချယ်ပွဲပြုလုပ်နိုင်ရန်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲအထူးဆု ဇလပ်သွေး(မန္တလေး)ရရှိ

**ရန်ကုန် ဇူလိုင် ၁၁**



ထူးနေသူ(ခ)တင်စိုး(ကရင်)-နော်လာ(ကချင်)တို့ ယှဉ်ပြိုင်နေစဉ်။

တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပရာ ယနေ့ပြိုင်ပွဲများအနက် (ခ)အဆင့် ၅၁ ကီလိုတန်း ဗိုလ်လုပွဲတွင် ဇလပ်သွေး(မန္တလေး)က အထူးဆုရရှိပြီး စိုးမိုးအောင်(ခ)သိုးထိန်း(ပဲခူး)မှာ ငွေတံဆိပ်ဆုရရှိကြောင်းသိရသည်။

အဆိုပါ အထူးဆုနှင့်ပတ်သက်၍ မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်မှ ပြန်ကြားရေးတာဝန်ခံ ဦးဟန်ဇော်ထွန်းက "ဇလပ်သွေးက ဘိုင်ကျတယ်။ ဘိုင်ဆိုတာ သူတို့အတန်းမှာ သုံးယောက်ရှိတယ်။ မဲနှိုက်တဲ့အချိန်မှာ နှစ်ယောက်က ထိုးရတယ်။ တစ်ယောက်က မထိုးရဘူး။ ဖိုင်နယ်ကနေ ထိုင်စောင့်ရတယ်။ သိုးထိန်းက တစ်ပွဲထိုးပြီး ဖိုင်နယ်တက်တယ်။ ဖိုင်နယ်တက်တဲ့အချိန်မှာ ပထမတစ်ပွဲထိုးထားပြီး ဒဏ်ရာရထားလို့ သိပ်မထိုးနိုင်တော့ဘူး။ ဇလပ်သွေးက တစ်ပွဲမှ မထိုးရဘဲနဲ့ သူ့ကိုရွှေပေးလို့ မရဘူး။ အဲဒီတော့ သူ့ကို အထူးဆုပေးလိုက်တာပါ။ သိုးထိန်းက ဖိုင်နယ်မထိုးရဘူးဆိုတော့ ဒုတိယ ပေးလိုက်တယ်"ဟု ရှင်းပြသည်။

ယနေ့ဗိုလ်လုပွဲတွင် သုံးချီပွဲ ခြောက်ပွဲ၊ လေးချီပွဲ ခြောက်ပွဲ စုစုပေါင်း ၁၂ ပွဲကို ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ပြီး (ဂ)အဆင့် သုံးချီပြိုင်ပွဲ ၅၇ ကီလိုတန်းဗိုလ်လုပွဲ၌ နန်းဦး(ကချင်)က သက်ပန်ငြိမ်း(ဧရာဝတီ)ကို အမှတ်ဖြင့် လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ရဲသွေးအောင်(ခ)ရှမ်းမောင်မောင်(ကရင်)က စောညို(ရှမ်း)ကို အမှတ်ဖြင့် လည်းကောင်း၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် မင်းထက်လွင်(ဧရာဝတီ)က အောင်ပြည့်ဦး(ခ)ကျားဆိုး(ကရင်)ကို ပထမအချီ ၁ မိနစ် ၃၂ စက္ကန့်တွင် အလဲထိုး၍လည်းကောင်း၊ ၆၇ ကီလိုတန်းတွင် သန့်စင်ဦး(ခ)တဖို့ညော်(ကရင်)က တတိယအချီတွင် ဆက်လက် မထိုးသတ်နိုင်သဖြင့် လေးလွင်(မွန်)က အသီးသီး အနိုင်ရရှိသွားသည်။

၇၁ ကီလိုတန်း ဗိုလ်လုပွဲတွင် ဖြိုးသီဟ (ကချင်)က ဇင်ဖြိုးထွေး (ရန်ကုန်)ကို ဒုတိယအချီ ၁ မိနစ် ၄၉ စက္ကန့်တွင် လည်းကောင်း၊ ၇၅ ကီလိုတန်းတွင် ရဲတင့်ဇော်(ရန်ကုန်)က စအုံးဒီ(ခ)တိမ်ပျံ (ကရင်)ကို ဒုတိယအချီ ၁ မိနစ် ၂ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း၊ (ခ)အဆင့် လေးချီပြိုင်ပွဲ ၄၈ ကီလိုတန်းတွင် မိုးလေး(မန္တလေး)က ထွန်းထွန်းမြိုင်(ကရင်)ကို ပထမအချီ ၃၀ စက္ကန့်တွင်လည်းကောင်း၊ ၅၄ ကီလိုတန်းတွင် အောက်ချင်းလေး (မန္တလေး)က အောင်ရဲထွဋ်(ကရင်)ကို ဒုတိယအချီ ၁ မိနစ် ၄၈ စက္ကန့်တွင် အလဲထိုး၍လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

(ခ) အဆင့် ၅၇ ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲကို ဆက်လက်ကျင်းပရာ ထူးနေသူ(ခ)တင်စိုး(ကရင်)က နော်လာ(ကချင်)ကို အမှတ်ဖြင့် လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ရဲဝင်း(ကရင်)က စိုးမိုးနိုင်(စစ်ကိုင်း)ကို အမှတ်ဖြင့်လည်းကောင်း၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် ရာအူးဖလို(ခ)ငွေးတင်(ကရင်)က ဇမ္ဗူထွန်း(ကချင်)ကို ပထမအချီ ၃၆ စက္ကန့်တွင်လည်းကောင်း အသီးသီး အနိုင်ရရှိကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-ဇာဏီ**

# မြန်မာ ယူ-၁၅ အသင်း လာအိုအသင်းကို အနိုင်ရ

**နေပြည်တော် ဇူလိုင် ၁၁**

ထိုင်းနိုင်ငံ၌ကျင်းပလျက်ရှိသည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၅ အသင်းသည် လာအို ယူ-၁၅ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ပထမပွဲတွင် သရေကျထားသောကြောင့် ယခုပွဲအနိုင်ရရန် ကြိုးစားကစားခဲ့ပြီး အနိုင်ဂိုးများကို ၆၅ မိနစ်တွင် ရန်နိုင်လင်း၊ မိနစ် ၈၀ တွင် လမင်းထက်တို့က သွင်းယူပေးခဲ့သည်။ မြန်မာ ယူ-၁၅ အသင်းသည် ပထမပွဲတွင် အင်ဒိုနီးရှားအသင်းနှင့် သရေကျထားသောကြောင့် နှစ်ပွဲကစားအပြီးတွင် လေးမှတ်ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဇူလိုင် ၁၃ ရက်တွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

# ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။**

**ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်**
**ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ နေ့ကလေးထိန်းဌာနကိုဖြစ်စေ၊ မူလတန်းကြိုကျောင်းကိုဖြစ်စေ"

(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေး အကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဂ) စီးပွားရေးအကျိုးအမြတ်အလို့ငှာမဟုတ်သော ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။-

၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက် တင်ပြရမည်။

(ခ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။"

၄။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ တွင်-

(က) ခြေဆင်းတွင်ပါရှိသော "ပုဒ်မ ၉" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၉ ၊ ပုဒ်မခွဲ (က)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) စီးပွားရေး အကျိုးအမြတ် အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။"

၅။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။(က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)တို့အရ တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၉ ၊ ပုဒ်မခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၆။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည်-

(က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဒ်မ ၁၃ ၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့်ကို သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၇။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅ ခြေဆင်းတွင် ပါရှိသော "ပုဒ်မ ၁၄" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၉။ ရပ်ရွာအခြေပြုလုပ်ငန်းကိုဖြစ်စေ၊ အိမ်အခြေပြုလုပ်ငန်းကို ဖြစ်စေ-

(က) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ် အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဂ) စီးပွားရေးအကျိုးအမြတ်အလို့ငှာ မဟုတ်သော ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။-

၉။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးရမည်။-

၁၀။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ တွင်-

(က) ပုဒ်မခွဲ(က)တွင်ပါရှိသော"ပုဒ်မ ၂၀"ဆိုသည့်စကားရပ်ကို 'ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂) တွင် ပါရှိသော "ပြည်တွင်းမှ ပုဂ္ဂလိက" ဆိုသည့် စကားရပ်၏ရှေ့တွင် "စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုသည့်" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂ ၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၂၁ ၊ ပုဒ်မခွဲ (က) ၊ ပုဒ်မခွဲငယ် (၁) အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသော လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။"

၁၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၃ ကို ပယ်ဖျက်ရမည်။

၁၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။(က) ပုဒ်မ ၂၁ ၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) တို့အရ ခွင့်ပြုချက် ရရှိထားသည့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ခွင့်ပြုချက် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၂၀ ၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ခွင့်ပြုချက်သက်တမ်း တိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။-

၁၄။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်ကို သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၁၅။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၆ ခြေဆင်းတွင် ပါရှိသော "ပုဒ်မ ၂၅ အရ ခွင့်ပြုချက်ရရှိထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ လျှောက်ထားချက်ကို" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ တွင်-

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)ပုဒ်မ ၈ ၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားရန် လိုအပ်သော နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ခွင့်ပြုမိန့် မရှိဘဲ တည်ထောင်ဖွင့်လှစ်ခြင်း၊"

(ခ) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "တည်ထောင်ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်၏ ရှေ့တွင် "ပုဒ်မ ၁၀ ၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁ ၊ ပုဒ်မခွဲ (က) တို့အရ ထုတ်ပေးထားသည့်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၇။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၃ - က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၃ - က။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်"

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားရန် လိုအပ်သော နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင် ခွင့်ပြုမိန့်မရှိဘဲ တည်ထောင်ဖွင့်လှစ်ခြင်း၊

(ခ) ပုဒ်မ ၉ ၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသည့်တည်ထောင်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းထားသည့် ကာလအတွင်းတွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီး နောက်တွင်သော်လည်းကောင်း နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်ခြင်း။"

၁၈။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄ တွင်-

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ခွင့်ပြုချက် လျှောက်ထားရန် လိုအပ်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်း၊-

(ခ) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ခွင့်ပြုချက်" ဆိုသည့် စကားရပ်၏ရှေ့တွင် "ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) တို့အရ ထုတ်ပေးထားသည့်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၉။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄ ၏ နောက်တွင် ပုဒ်မ ၃၄ - က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၄ - က။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်-

(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ ခွင့်ပြုချက် လျှောက်ထားရန် လိုအပ်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်း၊

( ခ) ပုဒ်မ ၂၀ ၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသည့် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းထားသည့် ကာလအတွင်းတွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီး နောက်တွင်သော်လည်းကောင်း ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ဆောင်ရွက်ခြင်း။



## အဋ္ဌမအကြိမ်မျက်စိဆရာဝန်များညီလာခံကျင်းပ၊ ဆေးပညာစာတမ်းများဖတ်ကြား ခေတ်မီမျက်စိစမ်းသပ်ကိရိယာများနှင့်ဆေးပစ္စည်းများပြသ

**ချမ်းအေးသာစံ ဇူလိုင် ၁၁**

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)နှင့် မျက်စိကုဆရာဝန်များအဖွဲ့တို့ပူးပေါင်း၍ အဋ္ဌမအကြိမ်မျက်စိဆရာဝန်များညီလာခံကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၁) လမ်း၊ လမ်း (၇၀) နှင့် (၇၁) လမ်းကြားရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မျက်စိကုဆရာဝန်များအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမရှေ့၌ အဋ္ဌမအကြိမ်မျက်စိဆရာဝန်များ ညီလာခံနှင့် ဆေးပစ္စည်းများပြပွဲ ဖွင့်ပွဲကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်၊ မျက်စိဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသန်းအောင်၊ မျက်စိအထူးကုဆရာဝန်ကြီးပါမောက္ခဒေါက်တာကိုလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်တွင်း ပြည်ပဆေးကုမ္ပဏီများမှ ခင်းကျင်းပြသထားသောခေတ်မီမျက်စိစမ်းသပ်ကိရိယာများ၊ မျက်စိခွဲစိတ်ကိရိယာများ၊ မျက်စိကုဆေးဝါးများ၊မျက်စဉ်းများ၊ဆေးဝါးပြခန်းများကိုကြည့်ရှုအားပေးကြသည်။

ဆက်လက်၍နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)ရတနာပုံခန်းမ၌ ရန်ကုန်နှင့် မန္တလေးမျက်စိ အထူးကုဆေးရုံကြီးများမှ ပါမောက္ခများ၊ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိအတွင်းတိမ်ရောဂါ ခွဲစိတ်ကုသခြင်းအပါအဝင်သုတေသနစာတမ်းများ၊ ခေတ်မီမျက်စိရောဂါ ကုထုံးများအား ဟောပြောဆွေးနွေးကြကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

## လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်များ ပေးအပ်

**မုံရွာ ဇူလိုင် ၁၁**

ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ လုပ်ငန်းခွင်ထိခိုက်မှုအာမခံစနစ်တို့အတွက်ထည့်ဝင်ကြေးငွေများကို အာမခံအလုပ်သမား၏ လုပ်ခဝင်ငွေရာခိုင်နှုန်း သတ်မှတ်ချက်ဖြင့် ပေးသွင်းစေခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဦးမြင့်ကြည်က ဇူလိုင် ၁၀ ရက် နံနက်က စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ပြုလုပ်သည့်အခမ်းအနားတွင်ပြောကြားသည်။

အခမ်းအနားတွင် စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသွားသော အာမခံအလုပ်သမားဦးနိုင်ဝင်းအတွက် နာရေးစရိတ်ကျပ် ၈၈၂၀၀၀နှင့် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ကျပ်သိန်း ၉၀ ကို လည်းကောင်း မုံရွာမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်က အလုပ်တွင် ထိခိုက်မှုဖြင့်သေဆုံးသွားသော ဦးမိုးကျော်သူကို နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ကျပ် ၉၈၁၆၀၀၀ တို့ကိုပေးအပ်သည်။

ထို့နောက် မုံရွာမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်ဒေါ်အမာကြည်က ထိခိုက်ဒဏ်ရာရရှိခဲ့သော ဦးကျော်မင်းဦးအတွက် လုပ်အားဆုံးရှုံးမှု တန်ဖိုးဖြတ်ရာခိုင်နှုန်း ၃၀အရ အမြဲတမ်းမသန်စွမ်းမှု ပင်စင်ငွေလုံးငွေရင်းကျပ် ၁၉၄၀၄၀၀ တို့ကိုပေးအပ်ခဲ့သည်။

ယခုပေးသည့်ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် အမြဲတမ်းမသန်စွမ်းမှုပင်စင်များသည် လုပ်ငန်းခွင်အတွင်းထိခိုက်မှု၊ သေဆုံးမှုများဖြစ်သည့်အတွက် အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်တွင် အာမခံထားခဲ့သည့်အတွက် အကျိုးခံစားခွင့်များရရှိခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေးဦးစီးမှူးဒေါ်နှင်းနှင်းဦးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးရုံး အပါအဝင် လူမှုဖူလုံရေးရုံးခွဲပေါင်း ခြောက်ရုံး၊ ဆေးခန်းပေါင်း ခုနစ်ခန်းတို့ကိုဖွင့်လှစ်ထားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါအကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## အထက်ပိုင်းဒေသမိုးကောင်းနေပြီး စိုးရိမ်ရေမှတ်အထက်ရှိနေ ချင်းတွင်းမြစ်အတွင်း ပြေးဆွဲနေသော ရေယာဉ်များ ဇူလိုင် ၁၆ ရက်အထိ လေးရက်ထပ်တိုးပိတ်ထား

**မုံရွာ ဇူလိုင် ၁၁**

ချင်းတွင်းမြစ်အထက်ပိုင်း မိုးကောင်းနေသောကြောင့် မြစ်တစ်လျှောက်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေရာ ကုန်တင်နှင့် လူစီးရေယာဉ်များကို ဇူလိုင် ၁၆ ရက်အထိ ၄ ရက် ထပ်မံတိုးမြှင့်ကာ သွားလာခွင့်ကို ပိတ်လိုက်ကြောင်းသိရသည်။

“ဇူလိုင် ၈ ရက်ကနေ ၁၂ ရက်အထိ တိုင်ပင်ပြီး ပိတ်ခဲ့တယ်။ မနေ့ကတိုင်ပင်ပြီး ဒီနေ့ ဇူလိုင် ၁၁ ရက်မှာ စောင့်ကြည့် တာမုံရွာမြို့မှာ အခု ၁၁ ရက် နံနက် ၁၁ နာရီမှာ ၁၀၄၃ စင်တီမီတာရှိတဲ့အတွက်ရယ် ခန္တီးကလည်း မိုးကောင်းနေတယ်လို့သိရတဲ့အတွက် အားလုံးအစည်းအဝေးခေါ်သဘောတူညီချက်ရယူပြီး နောက်ထပ် ၄ ရက်ထပ်တိုးပိတ်ဖို့ဆုံးဖြတ်ခဲ့ကြပါတယ်။ ဇူလိုင် ၁၆ ရက်ထိနားပါမယ်” ဟု မုံရွာမြို့ ရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

ဇူလိုင်၁၆ရက်ကျော်သည်အထိ ရေဆက်ကြီးနေဦးမည်ဆိုပါက ကုန်စည်ပို့ဆောင်ရေးနှင့် အရေးကြီးကဏ္ဍများအတွက်အခြားနည်းလမ်းကို ကြိုတင်စဉ်းစားညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်သလို ချင်းတွင်းမြစ်အတွင်းဝင်ရောက်လာသော မြန်မာနိုင်ငံအောက်ပိုင်းဒေသမှ သင်္ဘောကြီးများကို ရေလှိုင်းအခြေအနေ၊ မြို့ရေချိန်များပေါ်မူတည်၍ ပိတ်သင့်လျှင်ပိတ်သွားမည် ဖြစ်ကြောင်း ရေးကော်မတီဥက္ကဋ္ဌက ထပ်လောင်းပြောကြားသည်။

လောလောဆယ်ရေကြောင်းပိတ်အပြီး အညာဆန်သည့် သင်္ဘောမှာ သုံးစင်းခန့်သာတွေ့သေးသလို ချင်းတွင်းမြစ်ကိုကန့်လန့်ဖြတ်ပြေးဆွဲနေသော မုံရွာအခြေပြုစက်လှေအသင်းများကိုလည်း အန္တရာယ်ကြိုတင်ကာကွယ်သည့်အနေဖြင့် သက်ဆိုင်ရာကစောင့်ကြပ်ကာ စနစ်တကျတင်ဆောင်မောင်းနှင်ရေးကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## ကနီမြို့တွင် ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်အောက်တွင်ရှိသော်လည်း ကျေးရွာအချို့ရေများဝင်ရောက်နေ၍ကြိုတင်ကာကွယ်မှုများဆောင်ရွက်

**ကနီ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းတွင်းမြစ်အဖျားပိုင်းများတွင် မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ကနီမြို့နယ်အတွင်း ချင်းတွင်းမြစ်ကမ်းဘေး အနိမ့်ပိုင်းရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် အနိမ့်ပိုင်းနေရာများ၌ ဇူလိုင် ၈ ရက်မှစတင်၍ မြစ်ရေများဝင်ရောက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိပြီး အချို့အနိမ့်ပိုင်းတွင် စိုက်ပျိုးထားသော သီးနှံများ ရေဝင်ရောက်၍ ပျက်စီးမှုများရှိခဲ့သည်။

မြို့ပေါ်ရှိ ရပ်ကွက်များရေဝင်ရောက်မှုမှ ကာကွယ်နိုင်စေရန် ကနီမြို့ မြစ်ကမ်းဘေးတစ်လျှောက် တာရိုးပေါ်ရှိ ရေဝင်ရောက်နိုင်သောနေရာများတွင် ပြည်သူများမှ သဲအိတ်များဆင့်၍ ကြိုတင်ကာကွယ်ခြင်းများကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ဆောင်ရွက်လျက်ရှိပြီး ရေဝင်ရောက်သည့်ကျေးရွာများသို့လည်း ရေဘေးကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရေး ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း မြို့နယ်သဘာဝဘေး ကြိုတင်ကာကွယ်ရေး ကော်မတီထံမှ သိရသည်။ **သန်းဌွေးအောင်(ကနီ)**

# နိုင်ငံတကာခရီးသွားဝန်ဆောင်မှုပြပွဲ (မန္တလေး) ၂၀၁၇ ကျင်းပမည်

**မန္တလေး ဇူလိုင် ၁၁**

မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ်(MTF)၏တရားဝင်မိတ်ဖက်အဖွဲ့အစည်းဖြစ်သော Travel Support ကုမ္ပဏီလီမိတက်မှ မြန်မာ့ခရီးသွားလုပ်ငန်းများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နိုင်ငံတကာခရီးသွားဝန်ဆောင်မှုပြပွဲ (မန္တလေး) ၂၀၁၇ (International Tourism Expo , Mandalay 2017 ) ပွဲကြီးအား မန္တလေးမြို့ရှိ မြို့တော်ခန်းမ၌ စက်တင်ဘာ ၄ ရက်မှ ၅ ရက်ထိ နှစ်ရက်တိုင်တိုင် ပထမဆုံးအကြိမ်အနေဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာခရီးသွားဝန်ဆောင်မှုပြပွဲ (မန္တလေး) ၂၀၁၇ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခေတ်နှင့်အညီ အရှိန်အဟုန်မြင့်တိုးတက်လာစေရန်အတွက်လည်းကောင်း၊ နိုင်ငံတကာ ခရီးသွားကုမ္ပဏီများနှင့် စီးပွားရေးပူးပေါင်းမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန်အတွက်လည်းကောင်း၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ပြည်သူများပိုမိုသိရှိလာစေရန်အတွက်လည်းကောင်း၊ ခရီးသွားဝန်ဆောင်မှုအမျိုးမျိုးကို တစ်နေရာတည်းတွင် စုံလင်စွာရရှိနိုင်စေရန်အတွက်လည်းကောင်း ကျင်းပရခြင်းဖြစ်ကြောင်း Travel Support ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးနွေမိုးအောင်က ပြောသည်။

“ဒီလို Expo ပြပွဲကို ကျွန်တော်တို့အနေနဲ့ ပထမဦးဆုံးကျင်းပလိုက်ခြင်းပဲဖြစ်ပါတယ်။ အဓိကတော့ ဒီပြပွဲမှာ Tourism အောက်မှာအကျုံးဝင်တဲ့ ဟိုတယ်များ၊ ခရီးသွားအေးဂျင့်များ၊ အဲလိုင်းများ၊ အာမခံအကြောင်းအရာများအပြင် ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ အခြားအဖွဲ့အစည်းများရဲ့ ပြခန်းများကို ပါဝင်ခင်းကျင်းပြသသွားမှာပါ။

ပြည်တွင်းကလာရောက်ကြည့်ရှုကြမယ့် ပြပွဲလာပြည်သူများအတွက် အကျိုးသက်ရောက်မှုရှိစေပါလိမ့်မယ်။ အပန်းဖြေကိစ္စအတွက် နေရာတစ်ခုကိုသွားရောက်လည်ပတ်ဖို့ သတင်းအချက်အလက်မသိကြတဲ့ ပြည်သူများအတွက် ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုပါ ပြပွဲလာပြည်သူများအတွက်ရှင်းပြပေးသွားမှာပါ။ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ အေးဂျင့်တွေကလည်း ပြပွဲလာပြည်သူတွေအတွက် ပရိုမိုးရှင်းများ၊ ကံစမ်းမဲအစီအစဉ်များပါ ထည့်သွင်းစီစဉ်လုပ်ဆောင်သွားပါလိမ့်မယ်” ဟု ၎င်းကဆိုသည်။

နိုင်ငံတကာခရီးသွားဝန်ဆောင်မှုပြပွဲ (မန္တလေး) ၂၀၁၇ ၌ မြန်မာ့ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းအလွှာမျိုးစုံမှလည်း စုံလင်စွာဝင်ရောက် ပြသသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပခရီးစဉ်ဝန်ဆောင်မှုများ၊ လေကြောင်းလိုင်းများ၊ ဘဏ်များ၊ ဟိုတယ်များ၊ ကားအငှားဝန်ဆောင်မှုများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ဆေးကုသခြင်းများစသည့်ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများအပါအဝင်ခရီးသွားဝန်ဆောင်မှု သင်တန်းကျောင်းများကိုပါ မိတ်ဆက်ပြသကြမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲ (မန္တလေး) ၂၀၁၇ ကိုကျင်းပခြင်းအားဖြင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ခရီးသွားနှင့် ဆက်စပ်နေသော ပြည်တွင်းစီးပွားရေးကဏ္ဍအသီးသီးမှာလည်းပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကား ခရီးသွားနှင့် ဆက်စပ်နေသောနေရာဒေသများ၏ တိုးတက်မှုများကိုလည်း များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာ့ရေမြေသဘာဝအလှအပများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကိုလည်း နိုင်ငံတကာမှ ပိုမိုသိရှိလာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲ (မန္တလေး) ၂၀၁၇ (International Tourism Expo, Mandalay 2017) ပွဲကြီး၌ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် ပြခန်းပေါင်း ၇၀ အားထည့်သွင်းပြသသွားမည်ဖြစ်ပြီး Myanmar Tourism Federation ၏လမ်းညွှန်မှုနှင့် ကူညီပံ့ပိုးမှုတို့ဖြင့် အဆိုပါပွဲအား နှစ်စဉ်ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

**စိုးဝင်း(MLA)**

# ရှမ်းပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး လင်းခေးပြည်သူလူထုနှင့်တွေ့ဆုံ

**လင်းခေး ဇူလိုင် ၁၁**

ရှမ်းပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် လင်းခေးမြို့နယ်ရှိ ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက လင်းခေးမြို့နယ်ဝတီခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးစိုးညွန့်လွင်က အဖွင့်အမှာစကားပြောကြားပြီး လင်းခေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးစန်းငွေက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး လင်းခေးမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်သန်း၊ လင်းခေးမြို့နယ် နောင်လုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးစိုင်းခမ်းစိန်နှင့် လင်းခေးမြို့ ရွာမကြီးအရှေ့ရပ်မှ ရပ်မိ ရပ်ဖ ဦးစိုင်းနော်မိုင်းတို့က လင်းခေးမြို့နယ်အတွင်း လိုအပ်လျက်ရှိသော လမ်းတံတားများ တိုးချဲ့ပြုပြင်တည်ဆောက်ပေးရေး၊ လျှပ်စစ်မီးမရရှိသေးသည့်ကျေးရွာများ လျှပ်စစ်မီးရရှိရေး စသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် တင်ပြချက်များအပေါ် ဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ပြည်နယ်မှူးနှင့် တာဝန်ရှိသူများ၊ လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ လင်းခေးမြို့မိမြို့ဖများ၊ ကျေးရွာ ရပ်မိရပ်ဖများ၊ မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ကျောင်းဆရာ ဆရာမများနှင့် ဒေသခံပြည်သူလူထု စုစုပေါင်းအင်အား ၁၅၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ပံ့ပိုးကူညီမှုဖြင့် အလှပြင်(အခြေခံ)သင်တန်းဆင်း

**မြစ်ကြီးနား ဇူလိုင် ၁၁**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုနှင့် ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများ သက်မွေးပညာ သင်ကြားတတ်မြောက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်ထားသော ဆံပင်ညှပ်၊ ဖြောင့်၊ ကောက်၊ မိတ်ကပ်၊ ဆံထုံး အလှပြင်(အခြေခံ) သင်တန်းဆင်းပွဲကို ဇူလိုင် ၁၀ ရက် ညနေ ၃ နာရီက ဝိုင်းမော်မြို့ ရပ်ကွက်(၃) သာဂရနယ်မြေ သရက်တောကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာ ဂျကော့ဘူက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က နေရပ်စွန့်ခွာပြောင်းရွှေ့ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ သက်မွေးပညာတတ်မြောက်စေရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ငွေကျပ်သိန်း ၃၀၀၀ ပံ့ပိုးပေးထားပြီး အခြေခံစက်ချုပ်ပညာ၊ အဆင့်မြင့်စက်ချုပ်ပညာ၊ ပန်းရန်၊ လက်သမားသင်တန်းများနှင့် ယခုကဲ့သို့ ဆံပင်ညှပ်၊ ဖြောင့်၊ ကောက်၊ မိတ်ကပ်၊ ဆံထုံး အလှပြင်(အခြေခံ)သင်တန်းများအား ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဒေသခံပြည်သူများအနေဖြင့် အိုးအိမ်မကွာ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက သင်တန်းတွင်ထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်းလက်မှတ်များ၊ လက်တွေ့နယ်ပယ်၌ လိုအပ်သည့် အလှပြင်အထောက်အကူပြုကိရိယာများကို သင်တန်းသား သင်တန်းသူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ဇွန် ၂၆ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ သင်တန်းသား သင်တန်းသူ ၇၅ ဦးအား စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

# ချင်းပြည်နယ်မှထွက်ရှိသောကော်ဖီကို အင်္ဂလန်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့၌ ဈေးကွက်ချဲ့ထွင်မိတ်ဆက်

**ဟားခါး ဇူလိုင် ၁၁**

ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်နှင့် ကန်ပက်လက်မှထွက်ရှိသော ကော်ဖီများကို ယခုရက်ပိုင်းအတွင်း အင်္ဂလန်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် ဈေးကွက်ချဲ့ထွင်၍ ကော်ဖီချစ်ပရိသတ်များထံ မိတ်ဆက်ပွဲပြုလုပ်ခဲ့ကြောင်းသိရသည်။

ချင်းပြည်နယ်မှထွက်ရှိသော ကော်ဖီကို ဆွစ်ဇာလန်နိုင်ငံလုပ်ငန်းရှင်တစ်ဦးက ဇွန် ၂၁ ရက်က အင်္ဂလန်နိုင်ငံတွင် မိတ်ဆက်ထားကာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ တွင် ဇူလိုင် ၆ ရက်က ချင်းကော်ဖီကို မိတ်ဆက်ပေးခဲ့သည်။ အလားတူ ဇူလိုင် ၂၂ ရက်တွင်လည်း ထပ်မံမိတ်ဆက်သွားမည်ဖြစ်ရာ မိတ်ဆက်ပွဲသို့ မြန်မာသံရုံးမှတာဝန်ရှိသူများလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

"ချင်းပြည်နယ်က ကော်ဖီကို ဆွစ်ဇာလန်နိုင်ငံမှာ မိတ်ဆက်ဖို့ ကမ္ဘာပေါ်မှာရှားပါးလှပတဲ့ ငှက်တစ်မျိုးရဲ့နာမည်တစ်ခုဖြစ်တဲ့ချင်းလီတိုင်လို့ အမည်ပေးထားတယ်။ အဲဒီငှက်ရဲ့ ဂုဏ်သတင်းမွှေးသလိုပဲ အရသာထူးကဲကောင်းမွန်တဲ့ကော်ဖီဂုဏ်သတင်း ရရှိစေဖို့ ရည်ရွယ်တာပါ။ ဆွစ်ဇာလန်နိုင်ငံအနေနဲ့ ဒီကကော်ဖီကို စက်တင်ဘာမှာတန်ချိန်များစွာ ဝယ်ဖို့သဘောတူထားတယ်။

ကော်ဖီဈေးကွက်ကောင်းလာလို့ အခုဆိုရင် မင်းတပ်မှာ ဒေသခံတွေနဲ့ပေါင်းပြီး ကော်ဖီစိုက်ဧက ၅၀ ထပ်တိုးစိုက်ဖို့ လုပ်နေပါတယ်။ မြန်မာနိုင်ငံက ကော်ဖီတွေဟာ ပြည်ပမှာရှိတဲ့ ကော်ဖီအရည်အသွေးတွေထက်မနိမ့်ဘူး။ ဒါ့အပြင် မကြာခင်မှာပဲ မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ ကော်ဖီကို ကနေဒါနဲ့ စင်ကာပူနိုင်ငံဈေးကွက်မှာပါ စတင်ရောင်းချသွားမယ်လို့လည်းကြားသိရပါတယ်" ဟု မင်းတပ်မြို့နယ်မှ ကော်ဖီလုပ်ငန်းရှင်တောင်သူတစ်ဦးက ပြောသည်။

မြန်မာ့ကော်ဖီအား နိုင်ငံတကာသို့ တင်ပို့ရာတွင် အာရှယဉ်ကျေးမှုတစ်ခုကိုမိတ်ဆက်သကဲ့သို့ ဖြစ်သလို ချင်းတောင်ထွက်ကော်ဖီ၏ အနံ့အရသာကိုလည်း မိတ်ဆက်ပေးရာရောက်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်သည် ရာသီဥတုကောင်းမွန်ကာ ဓာတ်မြေဩဇာအသုံးပြုခြင်းမရှိသည့် ရှင်းသန့်သော မြေဆီလွှာအနေအထား၊ ပင်လယ်ရေမျက်နှာပြင်အမြင့်နှင့် မြင့်မားသောမြေအနေအထားတို့သည် အရည်အသွေးကောင်းမွန်သော ကော်ဖီကောင်းထွက်ပေါ်ရန်အတွက် အခြေအနေကောင်းသောကြောင့် ယခင်ကထက် မြေဧကတိုးချဲ့စိုက်ပျိုးဆောင်ရွက်ရန် လိုအပ်ကြောင်း International Coffee Organization (ICO)မှ တာဝန်ရှိ ဆွစ်ဇာလန်နိုင်ငံသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှကော်ဖီသည် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်လျက်ရှိရာ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလာသည့်နောက်ပိုင်း ဈေးကွက်အနေအထားကောင်းမွန်မှုရှိလာသောကြောင့် လာမည့် ၂၀၁၈ - ၂၀၃၀ပြည့်နှစ် ကာလအတွင်း မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ဧကနှစ်သိန်းမှအရည်အသွေးကောင်း ကော်ဖီစုစုပေါင်းတန်ချိန် ခြောက်သောင်းခန့်ထုတ်လုပ်ရန် အစိုးရကဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံတွင် မိုးကုတ်၊ ပြင်ဦးလွင်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် ရှာင်ဒေသတို့တွင် ကော်ဖီကို အများဆုံးစိုက်ပျိုးကြပြီး ကော်ဖီစိုက်ဧက ၃၅ ဒသမ ၄၈၅ သိန်းခန့် စိုက်ပျိုးမှုရှိရာ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် ဆွစ်ဇာလန်နိုင်ငံတို့က ကမ်းလှမ်းဝယ်ယူမှုများရှိနေကြောင်း ကော်ဖီလုပ်ငန်းရှင်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ဇိုဟေဆာ**

# လွိုင်လင်ခရိုင် တက္ကသိုလ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကျင်းပ

**လွိုင်လင် ဇူလိုင် ၁၁**

စစ်တုရင်ကစားခြင်းဖြင့် စိတ်တည်ငြိမ်စေခြင်း၊ တိုက်စစ်အားကောင်းပြီး ခံစစ်များ လုံခြုံစေရန် ဆောင်ရွက်ရမည့်နည်းလမ်းများ ရှာဖွေခြင်း၊ တက္ကသိုလ်အသီးသီးမှ ကျောင်းသားများအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိစေခြင်း စသည့်ရည်ရွယ်ချက်များနှင့် လွိုင်လင်ခရိုင် တက္ကသိုလ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကိုကျင်းပရခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်ပေါင်းစုံစစ်တုရင်ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်မှ စတင်၍ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှသိရသည်။



လွိုင်လင်ခရိုင် တက္ကသိုလ်ပေါင်းစုံ စတုတ္ထအကြိမ် စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက လွိုင်လင်မြို့ရှိ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)၌ ကျင်းပရာ လွိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင် တက်ရောက်၍အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် စစ်တုရင်ပြိုင်ပွဲ ဒိုင်ချုပ် ဦးရွှေနိုင်ထွန်းက ပြိုင်ပွဲစည်းကမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ပထမဆုံးရွှေ့ကွက်ကို ရွှေ့ပြီး ဖွင့်လှစ်ပေးသည်။

အဆိုပါစစ်တုရင်ပြိုင်ပွဲသို့ ပင်လုံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၊ နည်းပညာတက္ကသိုလ်(ပင်လုံ) တို့မှ တက္ကသိုလ်တစ်ခုလျှင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦးစီဖြင့် စုစုပေါင်း ၆၀ ဝင်ရောက်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

**တာချီလိတ် ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၃ နာရီက မိုင်းကိုးကျေးရွာအုပ်စု ရန်ကုန်ကျေးရွာရှိ ဦးကျလော၏ ပြည်သူ့စစ်စခန်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့စုမှူး ရဲမှူးစိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မိုင်းကိုး ပြည်သူ့စစ်ခေါင်းဆောင် ဦးကျလောက ကျေးဇူးတင်စကားပြောကြားသည်။

သင်တန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုသရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်၊ MANA နှင့် မိုင်းကိုးပြည်သူ့စစ်အဖွဲ့တို့က ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ရာ တာချီလိတ်၊ တာလေ၊ မိုင်းဖြတ်နှင့် ကျိုင်းတုံမြို့နယ်များမှ မူးယစ်ဆေးဖြတ် သင်တန်းသား ၅၇ ဦး တက်ရောက်ပြီး ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးနှင့် ပတ်သက်သောနည်းစနစ်များ စဉ်ဆက်မပြတ် ဖော်ထုတ်အကောင်အထည်ဖော်သွားခြင်းဖြင့် မူးယစ်ဆေးဝါးကင်းရှင်းသော ရပ်ရွာဒေသအဖြစ် ဆောင်ရွက်နိုင်ရေး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဖျာပုံခရိုင် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုကို စိန်ခေါ်လျက်ရှိသည့် စပါးဖျက်ရွှေခရုများအား ခရိုင်အစီအမံဖြင့် အပူတပြင်းနှိမ်နင်းမှုများ ပြုလုပ်နေရ

**သပြေထွန်း**

နိုင်ငံရိက္ခာ၊ ပြည်သူတို့၏ နေ့စဉ်ဆန်(ထမင်း) စားသုံးမှု ဖူလုံရေး၊ ဒေသနေတောင်သူတို့၏ စိုက်ပျိုးစွမ်းအားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်ပဆန်တင်ပို့မှု ပမာဏ တိုးတက်မြင့်မားလာစေရေးကဏ္ဍများအတွက် အချိန်နှင့် တစ်ပြေးညီစိုက်ပျိုးလျက်ရှိရာ ယခုအခါအဆိုပါစပါးစိုက်ခင်းများအတွင်း စပါးဖျက်ရွှေခရုများ ကျရောက် ဖျက်ဆီးနေမှုများကြောင့် တောင်သူလယ်သမားအများစု စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများနှင့် ကြုံတွေ့နေရကြောင်းသိရသည်။ ထို့ကြောင့် အဆိုပါဖြစ်စဉ်အား အမြန်ဆုံးနှင့်အထိရောက်ဆုံး ကာကွယ်ဖြေရှင်းနိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်စသည်ဖြင့် ဆက်စပ်ဌာနများပါဝင်သော ခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ခရိုင်အစီအမံဖြင့် မြေပြင်ထိ ရွှေခရုဖျက်ဆီးမှုကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား အပူတပြင်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပြီး မိုးစပါးလျာထားဧက ပြည့်မီရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### အသက်သွေးကြော

"ဆန်စပါးက ကျွန်တော်တို့ပြည်သူပြည်သားအားလုံးရဲ့ အသက်သွေးကြောဖြစ်သလို ဒီဒေသရဲ့ အဓိကစီးပွားရေး လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ တတ်နိုင်တဲ့ နည်းလမ်းနဲ့ အပျက်အစီးနည်းနိုင်သမျှ နည်းအောင် ကာကွယ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ရွှေခရုကျရောက်ဖျက်ဆီးမှုနဲ့ပတ်သက်ပြီး ယခင်နှစ်က ကြုံခဲ့ရတဲ့ အခြေအနေပေါ်မှာပြန်သုံးသပ်ပြီး ယခုနှစ်အတွက်လည်း စိုက်ပျိုးရာသီမတိုင်မီကတည်းက အတိုင်းအတာတစ်ခုထိ အကောင်းဆုံးကာကွယ်နိုင်ဖို့ အစီအမံတွေချမှတ်ဆောင်ရွက်ပေးနေပါတယ်။ ခရိုင်တွင်းထိခိုက်ပျက်စီးမှု ပမာဏ နည်းနိုင်သမျှနည်းအောင်လည်း ကြိုးစားပေးနေပါတယ်။ သက်ဆိုင်ရာဌာနတွေနဲ့ ဌာနအလိုက်ဆောင်ရွက်ရမယ့် ကဏ္ဍတွေ၊ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး ပေါင်းစပ်ဆောင်ရွက်ပေးရမယ့် အစီအမံတွေနဲ့သီးနှံကာကွယ်ရေးအဖွဲ့တွေပါ ဖွဲ့စည်းပြီး မြေပြင်အထိ လိုက်လံဆောင်ရွက်ပေးနေပါတယ်။ အခါအားလျော်စွာပေါ်ပေါက်လာမယ် ဒီထက်ပိုကောင်းမယ့် နည်းလမ်းတွေ၊ ညွှန်ကြားချက်တွေ ထပ်မံရရှိလာရင်လည်း ဆက်လက်ညွှန်ကြားပြီး ပူးပေါင်းပါဝင်ဖြေရှင်းပေးသွားမှာ ဖြစ်ပါတယ်" ဟု ဖျာပုံခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က ပြောသည်။

### ရွှေခရုကာကွယ်ရေးပညာပေးဆွေးနွေး

စိုက်ပျိုးပြီးမိုးစပါးများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ခရိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များနှင့် သက်ဆိုင်ရာဌာနများမှလည်း ရွှေခရုကာကွယ်ရေးပညာပေးဆွေးနွေးပွဲများအား ယခုနှစ်ဇန်နဝါရီလမှ ယနေ့အထိကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့လည်း လတ်တလောအသံထွက်လာတဲ့ စပါးဖျက်ရွှေခရု ကြိုတင်ကာကွယ်ရေးပညာပေးဆွေးနွေးပွဲတွေကို တောက်လျှောက်ဆောက်ရွက်ပေးနေသလို မြို့နယ်အလိုက်ရှိနေတဲ့ တောင်သူ ၈၁၀၃ ဦးကိုလည်း ပြီးခဲ့တဲ့ ဇွန် ၂၁ ရက်အထိ လက်ကမ်းစာစောင် ၈၁၀၃ စောင်ဖြန့်ဝေပေးထားပြီးလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ခရိုင်အတွင်းခရုကျရောက်နေတဲ့ စပါးခင်း ၉၀၄ ဧကကိုလည်း ခရုဖျက်ဆီးမှုဘေးမှ ကာကွယ်နိုင်ခဲ့ပါတယ်။ မြို့နယ်အလိုက် တောင်သူနဲ့ပူးပေါင်းဆောင်ရွက်တဲ့ ခရုဥမြုံ စုပေါင်းရှင်းလင်းပွဲနဲ့ ခရုအကောင်ကြီးကောက်ယူရှင်းထုတ်ပွဲကိုလည်း ဇွန် ၂၁ ရက်ထိ ဖျာပုံမြို့နယ်မှာ ၁၉၅ မြုံ၊ ၁ ဒသမ ၅ တင်း၊ ကျိုက်လတ်မြို့နယ်မှာ ၂၂၁ မြုံ၊ ၂၀ တင်း၊ ဒေးဒရဲမြို့နယ်မှာ ၁၀၅ မြုံ၊ ခြောက်တင်း ရှင်းလင်းပေးနိုင်ခဲ့ပြီး ပြီးခဲ့တဲ့ ဇူလိုင် ၅ ရက်မှာလည်း ကျန်ရှိနေတဲ့ ဘိုကလေးမြို့မှာ အလားတူ ဆက်လက်ဆောင်ရွက်ပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ ခရုမကျဘူးလို့မပြောဘူး။ ခရုတွေ တကယ်ကျရောက်နေတဲ့ လယ်တွေ ရှိပါတယ်။ ဒါပေမယ့် ခရုကြောင့်စပါးခင်းအားလုံး ပျက်စီးတယ်ဆိုတာကတော့ မဟုတ်နိုင်ပါဘူး။ လက်ရှိခရုကျနေတဲ့ လယ်တွေကိုလည်း ကျွန်တော်တို့ကွင်းဆင်းပြီး အချိန်မီဆောင်ရွက်ပေးနေပါတယ်။

### မြစ်ချောင်းအင်းအိုင်ပေါများ

ကျွန်တော်တို့ဖျာပုံခရိုင်က မြစ်ချောင်းအင်းအိုင်ပေါများပြီး မြေပြင်ညီညာမှုနည်းတယ်။ နောက်တစ်ချက်က မိုးများတယ်။ မြေပြင်မညီညာတဲ့အတွက်ကြောင့် မိုးရေ၊ ကွင်းရေထုတ်တဲ့အခါ အမြင့်ပိုင်းနဲ့ သင့်တော်တဲ့ရေထုတ်ပြီးချိန်မှာ အနိမ့်ပိုင်းကရေနစ်နေတုန်း။ တစ်ခါ အနိမ့်ပိုင်းနဲ့ သင့်တင့်တဲ့ရေ ထုတ်ပြီးချိန်ဆိုရင်လည်း အမြင့်ပိုင်းကရေ မရှိပြန်ဘူး။ ပြီးတော့လည်း မိုးကရက်ဆက်၊ မိုးများပြီး ၁၀ ရက်လောက် ရေနစ်နေတဲ့အခါ ပျိုးပင်က လေတိုက်နှုန်းကြောင့် အမြစ်စွဲရှင်သန်ဖို့ ခက်ခဲသွားတယ်။ ဒီလို စပါးပင်သေတတ်တဲ့ သဘာဝလည်းရှိတတ်တယ်ဆိုတာတော့ နားလည်ထားကြဖို့ လိုပါလိမ့်မယ်။ စပါးပျက်တိုင်း ရွှေခရုလို့ ခေါင်းစဉ်တပ်နေရင်လည်း သိပ်တော့မဟုတ်သေးဘူးဗျ။ စပါးပင်ကရေတော်မိုးတော်မဟုတ်ဘဲ တစ်ခုခု ချို့ယွင်းချက်ရှိရင်လည်း သေတတ်ပါတယ်" ဟု ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်က ရှင်းပြသည်။

### ကာကွယ်နိုင်ရေး

ခရုကျရောက်ဖျက်ဆီးခြင်းမှ ကာကွယ်နိုင်ရေးအတွက် တောင်သူများမှ လူအားဖြင့်ကောက်ယူခြင်း၊ ကန်သင်းရိုးရေထွက်ပေါက်များတွင် စိမ်းပြာဇာပိုက်များ ကာရံခြင်း၊ စပါးမကြဲမီ ခရုသတ်ဆေးသုံးစွဲခြင်း၊ ပျိုးပေါင်ဖြင့် ပျိုးထောင်ခြင်း၊ ခရုများ ဥဥရန်စိုက်ခင်းအတွင်း ဝါးတိုင်ငယ်လေးများစိုက်၍ တက်လာသော ဥများအား ဖျက်ဆီးပစ်ခြင်း စသည်ဖြင့် သင့်တော်သည့်နည်းလမ်းအသုံးပြုဆောင်ရွက်ပေးပါက ရွှေခရု ကျရောက်မှုမှ ကာကွယ်ပေးနိုင်မည် ဖြစ်ကြောင်းသိရသည်။

"ဖျာပုံမှာက ၄၂၁ ကွင်း၊ ကျိုက်လတ်က ၃၁၇ ကွင်း၊ ဘိုကလေးမြို့နယ်က ၆၁၃ ကွင်းနဲ့ ဒေးဒရဲမြို့နယ်က ၃၇၂ ကွင်း စုစုပေါင်း ၁၇၂၃ ကွင်းမှာ ဇွန် ၃၀ ရက်ထိ မိုးစပါး စိုက်ပျိုးပြီးစီးမှုအနေနဲ့ ၁၇၉၀၅၆ ဧကစိုက်ပျိုးပြီးဖြစ်ပါတယ်။ ၁၅ ရက်တစ်ကြိမ် ခရုဖျက်ဆီးနှိမ်နင်းမှုတွေကိုလည်း ကျေးရွာတောင်သူတွေအပြင် ဆက်စပ်ဌာနတွေနဲ့ပါ ပူးပေါင်းပါဝင်ပေးနေပါတယ်။ ခရုကိစ္စက အဖွဲ့စုံ၊ တောင်သူစုံနဲ့ ပေါင်းစပ်ဆောင်ရွက်မှ ပိုမိုထိရောက်အောင်မြင်မယ်လို့ ယူဆပါတယ်" ဟု ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဇော်ဟိန်းက ခရိုင်လယ်/စီ အစည်းအဝေးတွင် ရွှေခရုနှင့် ပတ်သက်၍ တင်ပြသည်။




### လယ်ထဲမှာ ဘဲနဲ့ငါး ထည့်သင့်

"လက်ရှိအခြေအနေကတော့ ဖျာပုံတောင်သူတွေကို ရွှေခရုက တော်တော်လေးစိန်ခေါ်နေတဲ့ သဘောပဲဗျ။ ဟိုနေရာလည်း ခရု၊ ဒီနေရာလည်း ခရု ဆိုသလိုကြားကြားနေရတယ်။ ဒီခရုဖျက်ဆီးမှု ပမာဏ လျော့ကျရေး စဉ်းစားရင် မွေးမြူရေးဆိုဒ်ကနေ ဒီလိုအကြံပြုချင်ပါတယ်။ လယ်ထဲမှာ ဘဲနဲ့ငါး ထည့်သင့်တယ်။ တတ်နိုင်ရင်၊ အဲဒီတော့ ဘဲစာလည်းရ၊ ငါးစာလည်းရ၊ ခရုပမာဏလည်း လျော့ကျလာမယ်။ ဒီ့အပြင် လယ်ထဲကခရုတွေကိုကောက်၊ အခြောက်လှန်းပြီး ဆန်ကွဲ၊ ဖွဲနု၊ နှမ်းဖတ်တွေနဲ့ အချိုးကျရောစပ်ကျိတ်ခွဲပြီး ဘဲစာ၊ ကြက်စာ၊ ငါးစာ၊ ဝက်စာအဖြစ် အသုံးပြုမယ်ဆိုရင်လည်း တွဲစပ်အစာအနေနဲ့ အသုံးဝင်နိုင်တဲ့ အနေအထားရှိပါတယ်။ ဒါဆိုရင် စိုက်ခင်းမှာလည်း ခရုကင်းစင်မယ်။ အိမ်မွေးတိရစ္ဆာန်တွေအတွက်လည်း အစာအာဟာရ ရရှိလာပြီး စရိတ်ကုန်ကျမှုလည်း သက်သာမယ်။ ဒါကြောင့် ဒီနည်းကိုလည်း ဉာဏ်နဲ့ ယှဉ်ပြီး အသုံးပြုကြည့်စေချင်ပါတယ်" ဟု ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဦးက သုံးသပ်အကြံပြုသည်။

### တကယ့်မွေခရုဖြစ်နေ

ဖျာပုံမြို့နယ် ငေးဂုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်အောင်လင်းက "အခြားကွင်းတွေတော့ မသိဘူး။ ကျွန်တော်တို့ ငေးဂုကွင်းကတော့ ခရုကိုက်လို့အပျက်အစီးများပါတယ်။ ကျွန်တော်ဆိုရင်ပဲ ခရုကိုက်လို့ ၁၂ဧကရှိတဲ့လယ်က ၁၀ ဧက ကုန်တယ်။ ၁၅ ဧကရှိတဲ့ လယ်ပွဲက ခြောက်ဧက ကုန်ပြီ။ ခရုနှိမ်နင်းတဲ့ ဆေးဖိုးကချည်းပဲ ခုနစ်သိန်း၊ ရှစ်သိန်းလောက်ရှိနေပါပြီ။ ဧက ၁၈၀၀ ကျော်ရှိတဲ့ ငေးဂုကွင်းမှာ ဖျာပုံပေါ်ဆန်း(ဘေးကျားလေး)နဲ့ ခွံ့နီအစိုက်များတယ်။ တချို့ဆိုလည်း နှစ်ပြန်စိုက်၊ သုံးပြန်စိုက်ရတာရှိပါတယ်။ မျိုးစေ့ဈေးကလည်း တစ်တင်းကို ရှစ်ထောင်၊ ကိုးထောင် ပေးဝယ်ရတော့ အချိန်တန်လို့ ရိတ်သိမ်းချိန်မှာ ဈေးကောင်းရပါမှ ကုန်ကျစရိတ်ကို ပြန်ကာနိုင်မှာပါ။ ရွှေခရုမဟုတ်ဘူး တကယ့်မွှေခရု ဖြစ်နေပြီ" ဟု မြေပြင်အခြေအနေတစ်ခုကို တင်ပြသည်။

### မူရင်းဒေသမှာ တောင်အမေရိကဖြစ်

မြန်မာနိုင်ငံ၏ ဒေသအချို့တွင် ကျရောက်ပေါက်ပွားလျက်ရှိသည့် ရွှေခရုများ၏ မူရင်းဒေသမှာ တောင်အမေရိကဖြစ်၍ ထိုင်ဝမ်သို့ ပင်လယ်စာအဖြစ်တင်ပို့ရာမှ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး တစ်ဖန် ၁၉၇၉- ၁၉၈၀ ခုနှစ်တွင် ထိုင်ဝမ်မှဖိလစ်ပိုင်၊ ဂျပန်နှင့်ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံအပါအဝင် စပါးစိုက်ပျိုးရေးနိုင်ငံအများအပြားသို့ ပျံ့နှံ့ရောက်ရှိလာရာ စိုက်ပြီးစပါးပင်တစ်လသားအရွယ်တွင် ကျရောက်ဖျက်ဆီးလေ့ရှိကြောင်း သိရသည်။

### ကွင်းထဲထိဆင်းကြည့်စေချင်

"ကျွန်တော့်လယ်တွေလည်း ခရုကိုက်လို့ပြန်စိုက်ရတာ သုံးပြန်ရှိပြီ။ တော်တော်လေးဆုံးရှုံးနေပြီ။ ဆေးဖိုးလည်း သုံးသိန်းကျော်ကုန်သွားပြီ။ တကယ်ခရုကိုက်တာပါ။ တာဝန်ရှိတဲ့သူတွေ ကွင်းထဲထိ ဆင်းကြည့် စေချင်ပါတယ်" ဟု တပ်မဲ့ကျေးရွာမှ လယ်ဧက ၄၀ ခန့်လုပ်ကိုင်သည့် တောင်သူဦးဝင်းလွင်က ပြောသည်။

ခရိုင်တွင်းရှိလယ်သမားအများစု၏ စိုက်ခင်းများအတွင်း ခရုများ ဝင်ရောက်ဖျက်ဆီးမှုအပေါ် ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဇွန် ၂၁ ရက်ထိ ခရုကျရောက်ဧက ၉၀၄ ဧကအား ကာကွယ်နိုင်ခဲ့ပြီး ဆက်လက်၍ ကျန်ရှိနေသည့် ကျေးရွာများနှင့်သတင်းရရှိသည့် ကျေးရွာများသို့လည်း ခရိုင်နှင့်မြို့နယ်သီးနှံကာကွယ်ရေးအဖွဲ့များဖြင့် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

---

## ခြင်မှတစ်ဆင့်ဖြစ်ပွားသည့်ရောဂါများကာကွယ်နိုင်ရေးခြင်ဆေးဖျန်း

**ပဲခူး ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရုံးဝင်းအတွင်း ဝန်ထမ်းအိမ်ရာတွင် မိုးရာသီသွေးလွန်တုပ်ကွေးရောဂါနှင့် အခြားကူးစက်ရောဂါများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းအား ဇူလိုင် ၉ ရက် နံနက်ပိုင်းကဆောင်ရွက်ခဲ့ရာညွှန်ကြားရေးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် ဦးစီးအရာရှိရုံးတို့အား စတင်ဆောင်ရွက်ပြီး ဝန်ထမ်း လိုင်းခန်းများအတွင်း/အပြင် နေရာများနှင့် ခြင်ခိုအောင်းနိုင်သော အမှိုက်ကန်များ၊ ရေကန်များအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆေးဖျန်းခြင်းလုပ်ငန်းအား ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့၏ လမ်းညွှန်မှုနှင့်အတူ နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်တွင်လည်း ဦးစီးအရာရှိဦးဇော်မျိုးနိုင်နှင့်အဖွဲ့မှ အပြာရောင်လက်များ ပရဟိတလူမှုကူညီရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**သူရိန်ထွန်း**

## ပုဂံမြို့ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၁**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် ACE ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ ပုဂံမြို့ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဩဂုတ် ၁၀ ရက်နောက်ဆုံးထား၍ ဖုန်း - ၀၉-၂၅၀၂၀၅၆၅၂၊ ၀၉-၄၄၄၄၇၇၄၈၁၊ ၀၉-၄၄၄၄၇၇၄၈၂၊ ၀၉-၄၄၄၄၇၇၄၈၃ နှင့် ၀၉-၄၂၀၀၀၃၈၁၁ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**



# ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်တဲ့ စူလီ

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ စူလီရဲ့ချစ်သူက လတ်တလောမှာတော့ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးဟာ လုံးဝအဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ကြတာ သုံးလတောင်မရှိသေးတဲ့ကာလအတွင်းမှာ ယခုလိုလမ်းခွဲလိုက်ကြပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့တာဖြစ်ပါတယ်။

စူလီဟာ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ချိုင်ဇာနဲ့ ပြီးခဲ့တဲ့နှစ်အတွင်း လမ်းခွဲလိုက်ပြီးနောက် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ကမ်မင်ဂျန်နဲ့ ဇာတ်လမ်းတွေ စတင်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြကြောင်းကိုတော့ စူလီရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်က ပြီးခဲ့တဲ့မေလအတွင်း တရားဝင်ထုတ်ပြန်ကြေညာပေးခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် စူလီနဲ့ ကမ်မင်ဂျန်တို့ဟာ တိုတောင်းလှတဲ့ ချစ်သူသက်တမ်းမှာပဲ လမ်းခွဲလိုက်ကြတာဖြစ်ပါတယ်။

လတ်တလောမှာ ကမ်မင်ဂျန်က သူနဲ့ စူလီတို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ကမ်မင်ဂျန်က "ကျွန်တော့်အနေနဲ့ ဒီစာကို ရေးသားလိုက်ရတာဟာ ကျွန်တော့်ရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး ကြေညာချင်လို့ ဖြစ်ပါတယ်။ ဒီလိုကြေညာရတာဟာလည်း ကျွန်တော့်ရဲ့ အချစ်ရေးကို စတင်ခဲ့စဉ်ကတည်းက အများကို ကြေညာပြီးစတင်ခဲ့တဲ့ လူသိများတဲ့အရာဖြစ်နေလို့ပါ။ ချိုင်ဂျင်းရီ (စူလီ)နဲ့ ကျွန်တော်တို့ဟာ ပုဂ္ဂိုလ်ရေးပြဿနာတွေကြောင့် နောက်ဆုံးမှာ တစ်လမ်းစီလျှောက်ကြဖို့ ဆုံးဖြတ်လိုက်ကြပြီဖြစ်ပါတယ်"လို့ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ကမ်မင်ဂျန်က သူနဲ့ စူလီတို့ရဲ့ဆက်ဆံရေးဟာ အလွန်ရိုးရှင်းခဲ့ကြောင်း၊ လမ်းခွဲလိုက်ပြီးနောက် အတူလက်တွဲခဲ့စဉ်ကအရာတွေဟာ အမှတ်တရတစ်ခုအဖြစ်သာ ကျန်ရှိနေမှာဖြစ်ကြောင်း၊ အခြားသောအကြောင်းအရင်းမရှိကြောင်းနဲ့ သူပြုခဲ့တဲ့ တာဝန်ယူရမယ့်အရာအားလုံးကိုလည်း တာဝန်ယူသွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ကမ်မင်ဂျန်နဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့စဉ်မှာတော့ စူလီဟာ သူယခင်လက်တွဲခဲ့တဲ့ ချိုင်ဇာနဲ့တုန်းက ဆက်ဆံရေးပုံစံမျိုးနဲ့မတူဘဲ အလွန်ကို တိတ်ဆိတ်နေခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ လှုပ်ရှားမှုတွေကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ပြီး မီဒီယာတွေကိုလည်း ဖွင့်ဟလေ့မရှိတာ တွေ့ရပါတယ်။

လတ်တလောပေါ်ထွက်လာခဲ့တဲ့ လမ်းခွဲလိုက်ပြီဆိုတဲ့သတင်းနဲ့ပတ်သက်ပြီး ကမ်မင်ဂျန်ကသာ အတည်ပြုပြောကြားခဲ့ပေမယ့် စူလီနဲ့ သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီကတော့ တရားဝင်ထုတ်ပြန်အတည်ပြုခြင်းမရှိသေးတာကိုလည်း တွေ့ရပါတယ်။



# လန်ဒန်မှာ ပြောင်းရွှေ့နေထိုင်သွားမယ့် အဒဲလ်

ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အဒဲလ်က သူ့ရဲ့ နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီးတဲ့နောက် လတ်တလောမှာတော့ အမေရိကန်မှထွက်ခွာကာ လန်ဒန်မှာ သွားရောက်အခြေချနေထိုင်တော့မှာဖြစ်ကြောင်း သတင်းတွေပေါ်ထွက်နေတယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

နယ်လှည့်ဖျော်ဖြေပွဲတွေဟာ သူ့ရဲ့ အကြိုက်၊ စရိုက်နဲ့ ကိုက်ညီမှုမရှိကြောင်းနဲ့ နောက်ထပ်နယ်လှည့်ဖျော်ဖြေပွဲတွေ ထပ်မံပြုလုပ်ဖို့ရာ မသေချာတော့ကြောင်း အဒဲလ်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလိုပြောကြားခဲ့ပြီးနောက် သီတင်းနှစ်ပတ်ခန့်မှာတော့ ပေါ့ပ်ကြယ်ပွင့်ဟာ လက်ရှိနေထိုင်ရာ ဗီဗာလီဟေးလ်က နေအိမ်ကို အပြီးတိုင်စွန့်ခွာကာ မိသားစုနဲ့အတူ လန်ဒန်မှာ ပြန်လည်အခြေချနေထိုင်တော့မှာဖြစ်ကြောင်း သတင်းတွေပေါ်ထွက်နေတာဖြစ်ပါတယ်။

**အေးပြည့် – စုစည်းသည်**

# ပင့်ကူလူသားဝတ်စုံကို စိတ်ပျက်ခဲ့မိကြောင်း ဖွင့်ဟလာတဲ့ တွမ်ဟောလန်ဒ်

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တဲ့ "Spider-Man Homecoming"မှာ ပင့်ကူလူသားအဖြစ် အဓိကဇာတ်ဆောင်နေရာကနေ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသား တွမ်ဟောလန်ဒ်က ယင်းရုပ်ရှင်အတွက် စတင်ပြင်ဆင်ခဲ့တဲ့ ပထမဆုံးသောနေ့ရက်တွေအတွင်း ပင့်ကူလူသားဝတ်စုံကို ဝတ်ဆင်ခဲ့ရာမှာ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရပြီး စိတ်ပျက်ခဲ့မိကြောင်း လတ်တလောမှာ ဖွင့်ဟခဲ့တယ်လို့ အမ်တီဗီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက်(၂၁)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားဟာ လက်ရှိမှာ ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ်ရပ်တည်နေတဲ့ "Spider-Man Homecoming"မှာ ပင့်ကူလူသား ပီတာပါကာအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့စဉ် အတွေ့အကြုံတွေကို ရုပ်သံအင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ အမ်တီဗီနယူးစ်နဲ့ ပြုလုပ်ခဲ့တဲ့ ယင်းအင်တာဗျူးမှာ တွမ်က သူ့ရဲ့ပင့်ကူလူသားဝတ်စုံနဲ့ကို စတင်ဝတ်ဆင်ခဲ့တဲ့ ပထမဆုံးနေ့မှာတော့ အလွန်ကိုစိတ်ပျက်မိခဲ့ကြောင်း ဖွင့်ဟခဲ့တာဖြစ်ပါတယ်။

တွမ်ဟောလန်ဒ်က "ပင့်ကူလူသားဝတ်စုံကို ပထမဆုံးဝတ်ဆင်ခဲ့ချိန်က ကျွန်တော့်အနေနဲ့ တကယ်ကို စိတ်ပျက်ခဲ့မိပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီဝတ်စုံဟာ ကျွန်တော်နဲ့ အလွန်ကိုကြီးနေခဲ့လို့ပါပဲ"လို့ နယူးယော့ခ်မှာပြုလုပ်ခဲ့တဲ့ ရုပ်ရှင်အတွက် သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး တွမ်က သူ့အတွက် ပင့်ကူလူသားဝတ်စုံဟောင်းဟာ အလွန်ကိုကြီးနေခဲ့ပြီး ပထမဆုံးနေ့မှာတော့ ပြင်ဆင်ဖို့အတွက် အချိန်မရှိခဲ့ကြောင်း၊ ယင်းဝတ်စုံကို ဝတ်ဆင်ရတာဟာ တကယ်ကို အိုဟောင်းနေတဲ့ အိတ်တစ်လုံးကို ဝတ်ဆင်ရတဲ့ ခံစားမှုမျိုးဖြစ်ခဲ့ကြောင်းနဲ့ နောက်ပိုင်း ရိုက်ကူးရေးလုပ်ငန်းတွေကို စတင်ခဲ့ချိန်မှာတော့ သူ့ရဲ့ကိုယ်တိုင်းနဲ့ ပြင်ဆင်ချုပ်လုပ်ထားတဲ့ ပင့်ကူလူသားဝတ်စုံကို ဝတ်ဆင်ရိုက်ကူးခဲ့ရတာကြောင့် အဆင်ပြေခဲ့ကြောင်း ယင်းရုပ်ရှင်နဲ့ပတ်သက်တဲ့အမှတ်တရကို ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် တွမ်ဟောလန်ဒ်က ပင့်ကူလူသားဝတ်စုံဝတ်ဆင်ရတဲ့ သူ့ရဲ့ခံစားချက်နဲ့ ပတ်သက်ပြီးလည်း သူဟာ ဝတ်စုံကို ဝတ်ဆင်လိုက်တဲ့အခါ သူ့ကိုယ်သူ ပင့်ကူလူသားတစ်ဦးလို့ ခံစားခဲ့ရပြီး အဓိကအခက်အခဲကတော့ သူဟာ အမှန်တကယ်တော့ ပင့်ကူလူသားတစ်ဦး မဟုတ်တဲ့အချက်ဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။






# ယူကျူပေါ်မှာ ကြည့်ရှုသူအများဆုံးတေးဗီဒီယိုအဖြစ်မှ စွန့်လွှတ်လိုက်ရတဲ့ Psy ရဲ့ "Gangnam Style"

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ Psy ရဲ့ တေးဗီဒီယိုတစ်ခုဖြစ်တဲ့ " Gangnam Style " ဟာ အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ ယူကျူပေါ်ကနေတစ်ဆင့် ကူးယူကြည့်ရှုသူအများဆုံး တေးဗီဒီယိုအဖြစ် နှစ်နဲ့ချီကာ ရပ်တည်လာခဲ့ပေမယ့် လတ်တလောမှာတော့ အဆိုပါအခြေအနေကို စွန့်လွှတ်လိုက်ရပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Gangnam Style"ရဲ့ ကြည့်ရှုသူအရေအတွက်ကို ကျော်တက်ကာ ကြည့်ရှုသူအများဆုံးတေးဗီဒီယိုအဖြစ် ရပ်တည်လာခဲ့တဲ့ တေးဗီဒီယိုသစ်ကတော့ ဝတ်ဇ်ခါလီဖာရဲ့ တေးသီချင်းဖြစ်တဲ့ "See You Again" ဖြစ်ပါတယ်။ ယင်းတေးသီချင်းမှာတော့ အခြားသောနာမည်ကျော် တေးသံရှင်တစ်ဦးဖြစ်တဲ့ ချာလီပွတ်သ်ကလည်း ပါဝင်အားဖြည့်သီဆိုပေးထားကြောင်းလည်း သိရပါတယ်။

လက်ရှိမှာ "Gangnam Style"ရဲ့ ကြည့်ရှုခံရမှုအကြိမ်စုစုပေါင်းဟာ ၂၈၉၄၁၈၂၀၅၄ ဖြစ်ပြီး "See You Again"ကတော့ ၂၈၉၅၂၆၀၀၁ ခန့် ရရှိနေပြီဖြစ်တာကြောင့် ယူကျူပေါ်မှာ ကူးယူကြည့်ရှုမှုအများဆုံးရရှိထားတဲ့ တေးသီချင်းအဖြစ် နံပါတ်တစ်နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

"See You Again"ရဲ့ တေးဗီဒီယိုဟာ ယခုလို ကြည့်ရှုသူ သုံးဘီလီယံခန့်ကို စတင်ထုတ်လွှင့်ခဲ့သည်မှ နှစ်နှစ်ခန့်အတွင်း ရရှိခဲ့တာဖြစ်ပြီး "Gangnam Style" ကတော့ လက်ရှိကြည့်ရှုသူအရေအတွက်ကို စတင်ထုတ်လွှင့်ခဲ့သည်မှ လေးနှစ်အကြာမှသာ ပိုင်ဆိုင်နိုင်ခဲ့တာဖြစ်ပါတယ်။

ယင်းတေးသီချင်းတွေရဲ့နောက်မှာ ကြည့်ရှုသူအရေအတွက် ၂ ဒသမ ၅ သန်းကို ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်တဲ့ တေးဗီဒီယိုကတော့ နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ လူးဝစ်ဖွန်စိုင်းရဲ့တေးသီချင်း "Despacito"ရဲ့ တေးဗီဒီယိုဖြစ်ပါတယ်။ လူးဝစ်ရဲ့ တေးသီချင်းကတော့ လက်ရှိအကြိမ်အရေအတွက်ကို စတင်ထုတ်လွှင့်ခဲ့သည်မှ ခုနစ်လခန့်အကြာမှ ရရှိပိုင်ဆိုင်နိုင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

❑



# နှစ်ခါပြန် စဉ်းစားသင့်တယ်လို့ ဝေဖန်ခံနေရတဲ့ မော်ရင်ဟို

မန်ယူနည်းပြ မော်ရင်ဟိုဟာ စီမံခန့်ခွဲမှုအပိုင်းနဲ့ ပတ်သက်ရင် ဆရာတစ်ဆူလို့ နာမည်ကျော်သူတစ်ဦးပါ။ ဒါပေမယ့် မကြာသေးမီနှစ်များအတွင်း ဒီဘရိုင်း၊ လူကာကူတို့ လို ပရီမီယာလိဂ်ရဲ့ ထိပ်တန်းခြေစွမ်းပိုင်ရှင်ဖြစ်လာမယ့်သူတွေကို ရောင်းချခဲ့မိလို့ ဝေဖန်မှုတွေကြုံတွေ့ခဲ့ရပါတယ်။ အစောပိုင်းကတော့ ပိုလ်ပုဂ္ဂကစားသမားတွေကို ငွေကြေးမြိုးမြိုးမြက်မြက်နဲ့ ပြန်လည်ရောင်းချခဲ့လို့ မော်ရင်ဟိုကို အချို့သောမီဒီယာတွေက ချီးကျူးမှုပြုခဲ့ပေမယ့် ချယ်လ်ဆီးအသင်း ရှုန်းကန်နေရချိန် ဒီဘရိုင်း၊ လူကာကူတို့လိုကစားသမားတွေက ပြိုင်ဘက် အသင်းတွေဆီမှာ ခြေစွမ်းပြနေချိန် အရောက်မှာတော့ ပြစ်တင်ဝေဖန်မှုတွေ မော်ရင်ဟိုဆီ တရစပ်ကျရောက်လာပြန်ပါတယ်။

ခုတော့ မော်ရင်ဟိုက သူချယ်လ်ဆီးမှာရှိစဉ်က အဲဗာတန်အသင်းဆီကို ပေါင် ၂၈ သန်းနဲ့ ထုတ်ရောင်းခဲ့တဲ့ လူကာကူကို တန်ဖိုးသုံးဆနီးပါး ပေါင် ၇၅ သန်းပေးချေပြီး မန်ယူတိုက်စစ်အတွက် အားဖြည့်ခေါ်ယူခဲ့ရပါတယ်။ ဒါပေမယ့် အချို့သော အားကစားသုံးသပ်သူများက ဒီလက်တွဲမှုကို အပြုသဘောထက် အပျက်ဘက်ကသာ ရှုမြင်ခဲ့ကြပြီး လူကာကူဟာ အသင်းကြီးတွေနဲ့ ထိပ်တိုက်ရင်ဆိုင်တိုင်း ခြေစွမ်းကျဆင်းတတ် သူရယ်လို့ ဝေဖန်ခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ဘောလုံးရာသီကစပြီး ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီအထိ သုံးရာသီအတွင်း သိရတဲ့ အချက်အလက်တွေအရ လူကာကူဟာ ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီး ခြောက်သင်းနဲ့ ၃၅ ပွဲ ရင်ဆိုင်ခဲ့ရာမှာ သွင်းဂိုး ငါးဂိုးသာ သွင်းယူနိုင်တာကြောင့် မန်စီးတီးတိုက်စစ်မှူး အဂူရို၊ လက်စတာတိုက်စစ်မှူး ဂျေမီဗာဒီ၊ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းတို့လို တိုက်စစ်ကစားသမားအချင်းချင်းယှဉ်ဖို့မဆိုထားနဲ့ ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ အိုဇေးလ်ထက်တောင် တစ်ပွဲပျမ်းမျှ ဂိုးသွင်းနှုန်း လျော့နည်းနေတာပါ။ နောက်ဆုံးကုန်ကုန်ပြောမယ်ဆို မန်ယူက အဲဗာတန်အသင်းဆီကို ရောင်းချခဲ့တဲ့ ဝိန်းရွန်းနီတောင် ပွဲ ၂၀ မှာ သွင်းဂိုး ငါးဂိုးသွင်းယူနိုင်တာကြောင့် တစ်ပွဲပျမ်းမျှ သွင်းဂိုးကိုသာ တွက်မယ်ဆိုရင် လူကာကူရဲ့ နှစ်ဆရှိပါတယ်။ ဒါပေမယ့်လည်း မော်ရင်ဟိုက ရွန်းနီကို ရောင်းချပြီး လူကာကူကို ခေါ်ယူခဲ့တာကြောင့် ဒီတစ်ခါလည်း "နှစ်ခါပြန်စဉ်းစားပါဦး"လို့ ဝေဖန်မှုတွေ ထွက်ပေါ်လာတာဖြစ်ပါတယ်။

# ဘုံလုံတစ်လှည့် ငါးပုံတစ်လှည့်

နွေစျေးကွက် ဇန်နဝါရီ စျေးကွက်ဖွင့်လှစ်ချိန်တွေမှာ ဥရောပကလပ်အသင်းတွေဟာ ကစားသမားတွေကို အားဖြည့်ခေါ်ယူနိုင်ဖို့ အပြင်းအထန်ကြိုးပမ်းကြပါတယ်။ အချို့ကစားသမားတွေဟာ အသင်းတစ်သင်းကို ပြောင်းရွှေ့ဖို့အနီးစပ်ဆုံး အခြေအနေဖြစ်နေပြီလို့ သတင်းထွက်ခဲ့ပြီးမှာ အခြားပြိုင်ဘက် အသင်းတစ်သင်းဆီကို ရောက်ရှိသွားတတ်တာကြောင့် လက်မှတ်ရေးထိုးမှု ကိစ္စမပြီးမချင်း အခြေအနေတွေဟာ အတိအကျခန့်မှန်းဖို့ ခက်ပါတယ်။

ဒီနှစ်တော့ မော်ရင်ဟိုနဲ့ ကွန်တီတို့နှစ်ဦးဟာ ကစားသမားခေါ်ယူမှု အပိုင်းတော်တော်များများမှာ အကြိုက်ချင်းတူနေတာကို တွေ့ရပါတယ်။ မော်ရင်ဟိုက တိုက်စစ်ပိုင်းအတွက် မိုရာတာ၊ လူကာကူတို့ကို ကြိုက်သလို ကွန်တီကလည်း ဒီနှစ်ဦးကိုသာ ခေါ်ချင်ပါတယ်။ အစောပိုင်းက လူကာကူဟာ အသင်းဟောင်း ချယ်လ်ဆီးကို ပြန်ပြောင်းတော့မယ်လို့ နာမည်ထွက်ခဲ့သလို မိုရာတာကလည်း မန်ယူနဲ့ အပြောင်းအရွှေ့အမြန်ပြီးပြတ်ဖို့ ဇနီးဖြစ်သူနဲ့ ပျားရည်ဆမ်းခရီးထွက်နေရာကနေ အလျင်အမြန်ပြန်လာတယ်လို့ သတင်းတွေ ထွက်ခဲ့တာပါ။ ဒါပေမယ့် တကယ်တမ်းမှာ လူကာကူကလည်း မန်ယူကို ရောက်သွားသလို လူကာကူကို ခေါ်ယူဖို့ လွဲချော်သွားတဲ့ ချယ်လ်ဆီးကလည်း မန်ယူရဲ့ တောက်လျှောက်ပစ်မှတ်ဖြစ်ခဲ့တဲ့ မိုရာတာကို အားထည့်ချိတ်ဆက်လာပါတယ်။ မန်ယူဟာ တိုက်စစ်ပိုင်းအတွက် လူကာကူအပြင် မိုရာတာ ကိုပါ အလိုရှိနေပေမယ့် ခုချယ်လ်ဆီးက မိုရာတာကို ပြောင်းရွှေ့ကြေး ပေါင် ၇၅သန်းနဲ့ ခေါ်ယူဖို့ နီးစပ်လာပြီလို့ သတင်းရင်းမြစ်တွေက ဖော်ပြပါတယ်။

ဒီနှစ်ဦးအပြင် ချယ်လ်ဆီးကိုရောက်မယ်လို့ သတင်းထွက်ခဲ့တဲ့ မိုနာကို ကွင်းလယ်လူ ဘာကာယိုကိုဟာလည်း မန်ယူကို ရောက်လုရောက်ခင်ဖြစ်နေပြီလို့ the Sun သတင်းဌာနက ဖော်ပြခဲ့တာကြောင့် ဒီတစ်ခါလည်း ချယ်လ်ဆီးအနေနဲ့ မန်ယူရဲ့ နောက်ကောက်ချခံရပြီလားလို့ တွေးစရာရှိပါတယ်။ မန်ယူအသင်းက ကွင်းလယ်ပိုင်းအတွက် ချယ်လ်ဆီးကစားသမား မာတစ်ကို ခေါ်ယူဖို့ ကြိုးပမ်းခဲ့ပေမယ့် မအောင်မမြင်ဖြစ်ခဲ့တာကြောင့် ဘာကာယိုကိုကို ခေါ်ယူဖို့ မြားဦးလှည့်လာတာဖြစ်ပါတယ်။ ဒ့ါအပြင် ချယ်လ်ဆီးနဲ့ မန်ယူတို့ဟာ ရီးယဲလ်ကွင်းလယ်လူ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကိုလည်း တစ်ပြိုင်နက်တည်း ချိတ်ဆက်နေကြတာပါ။ မန်ယူနဲ့ ချယ်လ်ဆီး အသင်းတွေရဲ့ ကစားသမားရွေးချယ်မှုအပိုင်းမှာ အတော်လေး အကြိုက်ချင်းတူလေ့ရှိပြီး ပက်ဒရို တုန်းကလည်း မန်ယူကို ရောက်ခါနီးဆဲဆဲမှ ချယ်လ်ဆီးကို မထင်မှတ်ဘဲ ပြောင်းရွှေ့သွားတာမျိုး ကြုံခဲ့ဖူးပါတယ်။ တကယ်လို့ မိုရာတာ၊ ဂျိမ်းစ်တို့ ဟာ မန်ယူမရောက်ဘဲ ချယ်လ်ဆီး၊ ဘာကာယိုကိုသာ ချယ်လ်ဆီး မရောက်ဘဲ မန်ယူကို ရောက်သွားရင်တော့ ဒါဟာ "ဘုံလုံတစ်လှည့် ငါးပုံတစ်လှည့်" ဆိုတဲ့ စကားပုံကို မီးမောင်းထိုးပြရာ ရောက်ပါလိမ့်မယ်။

# တယ်ရီပြီးတော့ ခရော့ချ်



ရည်မှန်းချက် မြင့်မြင့်မားမားနဲ့ ခရီးဆက်မယ့် ချန်ပီယံရှစ်ကလပ် အက်စ်တွန်ဗီလာအသင်းက ချယ်လ်ဆီးနောက်ခံလူဟောင်း ဂျွန်တယ်ရီကို ခေါ်ယူနိုင်ပြီးနောက် စတုတ်တိုက်စစ်မှူး ပီတာခရော့ချ်ကိုလည်း ချိတ်ဆက်လာပါတယ်။ ဗီလာနည်းပြ စတိဗ်ဘရုစ်ကတော့ တယ်ရီပူးပေါင်းလာခြင်းကခရော့ချ်လာရောက်ရေးအတွက် သေချာပေါက် အထောက်အကူဖြစ်မယ်လို့ မျှော်လင့်နေတာပါ။ဂျွန်တယ်ရီကတော့ အစောပိုင်းက ကစားသမားဘဝကနေ အနားယူဖို့ စဉ်းစားခဲ့သေးပေမယ့် ပုံစံကောင်းနဲ့ ဆက်ကစားနိုင်ဦးမယ်လို့ ယုံကြည်တာကြောင့် အနားမယူသေးဘဲ ဗီလာနဲ့ ပူးပေါင်းခဲ့တာလို့ ပြောပါတယ်။

ခရော့ချ်ကတော့ တယ်ရီနဲ့ အသက်မတိမ်းမယိမ်းဖြစ်သလို လာမယ့်ရာသီ စတုတ်မှာလည်း နေရာသေချာမှု မရှိတော့တာကြောင့် အသင်းပြောင်းရွှေ့ခြင်းက သူ့အတွက် တစ်ခုတည်းသော လမ်းကြောင်းဖြစ်ပါလိမ့်မယ်။ စတိဗ်ဘရုစ်ဘက်ကတော့ ခရော့ချ်ကို လစာတွေ အများကြီးပေးချေဖို့ ဆန္ဒမရှိပေမယ့် ပရီမီယာလိဂ်မှာ ရနေတဲ့ လစာနှုန်းလောက်တော့ ပေးချေနိုင်ဖွယ်ရှိပါတယ်။

ဗီလာအသင်းပိုင်ရှင် ဒေါက်တာတိုနီကတော့ ခရော့ချ်အတွက် တစ်နှစ်လုပ်ခလစာကို ပေါင်လေးသန်းလောက် သုံးစွဲဖို့ရည်မှန်းနေပါတယ်။ လာမယ့်ဘောလုံးရာသီကုန်မှာ ပရီမီယာလိဂ်ကို တန်းပြန်တက်ဖို့ ကြိုးစားမယ့် ဗီလာအနေနဲ့ ပရီမီယာလိဂ်မှာ နေရာပျောက်ဖွယ်ရှိနေတဲ့ သက်ကြီး ကစားသမားတွေကို ခေါ်ယူအားဖြည့်ဖို့ ကြိုးပမ်းမှာဖြစ်သလို ချန်ပီယံရှစ်အသင်းတွေက ခြေစွမ်းထက် ကစားသမားတွေကိုလည်း အသင်းနဲ့ လာရောက်ပူးပေါင်းဖို့ ချိတ်ဆက်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ စတိဗ်ဘရုစ်ကတော့ တယ်ရီပြီးတော့ ခရော့ချ်ပါတဲ့။

# ငွေကြေးသုံးစွဲဖို့ လက်နှေးနေဆဲ အာဆင်နယ်

အာဆင်နယ်နည်းပြ ဝင်းဂါးဟာ ကစားသမား တစ်ဦး ခြေစွမ်းပြလာပြီဆို ဒီကစားသမားကို ခေါ်ယူဖို့ သူဘယ်ခုနှစ်က ကြိုးပမ်းပြီး ဘယ်လိုနီးစပ်ခဲ့သေးတယ်။ ဒါပေမယ့် ဘယ်လိုကြောင့် ပျက်ပြယ်သွားခဲ့တယ်စသဖြင့် အမြဲပြန်ပြောင်းပြောကြားခဲ့သူပါ။ သူပြောခဲ့တဲ့ ကစားသမားတွေထဲမှာဆို အီဗရာဟီမိုဗစ်၊ စီရိုနယ်လ်ဒို၊ ဆွာရက်ဇ်၊ မက်ပီတို့လို ကစားသမားတွေရဲ့ အမည်တွေ ပါဝင်နေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဝင်းဂါးကို အာဆင်နယ်ပရိသတ်တွေက စိတ်ကုန်နေကြတာဖြစ်ပြီး အားလုံးကတော့ ကစားသမားကောင်းကို လိုချင်ရင် ငွေသုံးစွဲဖို့လိုတယ်လို့ ထောက်ပြကြတာဖြစ်ပါတယ်။

ခုလည်း မိုနာကို တောင်ပံတိုက်စစ်မှူး လီမာနဲ့ ပုဂ္ဂိုလ်ရေး သဘောတူညီချက်ရပြီးကာမှ မိုနာကို တောင်းတဲ့ ပြောင်းရွှေ့ကြေးကို အာဆင်နယ်ဘက်ကမပေးဘဲ တင်းခံနေလို့ မကြာသင့်ဘဲ ကြန့်ကြာနေပါတယ်။ လီမာရဲ့အေးဂျင့်ဖြစ်သူနဲ့ အာဆင်နယ်တို့ကြား လီမာအတွက် တစ်ပတ်လုပ်ခ ပေါင် ၉၀၀၀၀နဲ့ ခေါ်ယူဖို့ သဘောတူညီချက် ရထားပြီးသားပါ။ ဒါပေမယ့် လီမာ အတွက် အာဆင်နယ်ရဲ့ကနဦး ပေါင်သန်း ၃၀နဲ့ ကမ်းလှမ်းမှုကို မိုနာကိုက ပယ်ချခဲ့လို့ အာဆင်နယ်က ပေါင်သန်း ၄၀နဲ့ ထပ်တိုးကမ်းလှမ်းရင် ရနိုင်ဖွယ်ရှိပေမယ့် အာဆင်နယ်ရဲ့ ခြေလှမ်းတွေ ကတော့ ထုံးစံအတိုင်း နှောင့်နှေးနေဆဲပါပဲ။

အာဆင်နယ်ဟာ တောင်ပံတိုက်စစ်အတွက် လီမာအပြင် မာရက်ဇ်ကိုပါ ချိတ်ဆက်နေပေမယ့် ဒီကစားသမားတွေရဲ့ တန်ကြေးဟာ အောက်ထစ် ပေါင်သန်း ၄၀ လောက် ရှိနေတာကို သတိပြုရပါမယ်။ အာဆင်နယ်သာ ဒီနှစ်လည်း အရင်က ပုံစံအတိုင်း ကစားသမားတစ်ဦး ခေါ်ယူနိုင်ဖို့ ငွေကြေးအများအပြား သုံးစွဲဖို့ ပျက်ကွက်မယ်ဆိုရင် ထိပ်တန်းကစားသမားတွေ အပြိုင်အဆိုင် အားဖြည့်နေတဲ့ ပရီမီယာလိဂ်အသင်းတွေကြား ဆက်လက်ရုန်းကန်ရဖွယ်ရှိနေပါတယ်။ ဒီနှစ်မှာလည်း အရင်နှစ်တွေကလိုပဲ ချန်ပီယံဖလားမပြောနဲ့ ထိပ်ဆုံးလေးသင်းဝင်ဖို့တောင် အနိုင်နိုင်ရုန်းကန်ပြီး ပြီးခဲ့တဲ့နှစ်ကလိုသာ ချန်ပီယံလိဂ်ဝင်ခွင့်ရအောင်တောင် မစွမ်းဆောင်နိုင်ဘူးဆိုရင် ဝင်းဂါးရဲ့ နှစ်နှစ်သက်တမ်းတိုးစာချုပ်ဟာ ပြိုင်ဘက်အသင်းတွေရဲ့ လှောင်ပြောင်စရာ၊ အာဆင်နယ်ပရိသတ်တွေအတွက် ဒေါသဖြစ်စရာဆိုတဲ့ ရလဒ်အပြင် ဘာမှ ထူးလာဖို့မရှိပါဘူး။

# ပရိသတ်တွေ ချစ်နေကြဆဲ လူဝကြီးနှစ်ယောက်



အာဂျင်တိုင်းသား မာရာဒိုနာက ၁၉၈၆ ကမ္ဘာ့ဖလားကို ရယူနိုင်ခဲ့သူဖြစ်သလို ဘရာဇီးတိုက်စစ်မှူးကြီး ရိုနယ်လ်ဒိုကလည်း ၁၉၉၄ နဲ့ ၂၀၀၂ ကမ္ဘာ့ဖလားတွေကို နိုင်ငံလက်ရွေးစင်အသင်းအတွက် ခမ်းနားလှတဲ့ အောင်မြင်မှုကို ဖော်ဆောင်နိုင်ခဲ့ကြသူတွေပါ။ ၂၀၀၈ခုနှစ် နောက်ပိုင်းကစလို့ ဆက်သွယ် ရေးစနစ်တွေ ကောင်းမွန်လာမှုနဲ့အတူ ပရိသတ်တွေက ဥရောပကလပ် အသင်းတွေရဲ့ လိဂ်ပြိုင်ပွဲအစုံကို အလွယ်တကူ ကြည့်ရှုလို့ရနေတာကြောင့် ကလပ်အသင်းတွေအတွက် ထိပ်တန်းခြေစွမ်းပြနေတဲ့ နေမာ၊ မက်ဆီ၊ စီရို နယ်လ်ဒိုတို့လို ကစားသမားတွေဟာ နိုင်ငံအသင်းအတွက် အောင်မြင်မှု ရယူပေးနိုင်တဲ့ ဇာဗီ၊ အင်နီယေစတာ၊ ဖိလစ်လမ်းတို့လို ကစားသမားတွေထက် ပရိသတ်အားပေးမှု ပိုမိုရနေတာကတော့ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ် ၂၀ကျော် ၃၀ကျော် ကာလတွေမှာတော့ ကလပ်အသင်းပြိုင်ပွဲရှိနေပေမယ့် နိုင်ငံအသင်းတွေရဲ့ အောင်မြင်မှု အခန်းကဏ္ဍဟာ ပိုမိုအားကြီးခဲ့ပြီး ပီလီ၊ မာရာဒိုနာ၊ ဇီဒန်း၊ ရိုနယ်လ်ဒိုတို့လို ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ခြေစွမ်းပြတဲ့ ကစားသမားတွေရဲ့ အောင်မြင်မှုဟာ ကလပ်အသင်းတွေနဲ့ အောင်မြင်မှုရခဲ့ကြတဲ့ ရာအူးလ်၊ မာလ်တီနီတို့လို ကစားသမားတွေထက် များစွာသာလွန်ခဲ့တာပါ။ အချိန်ကာလတစ်ခုကို ဖြတ်ကျော်ပြီးချိန်မှာ ပရိသတ်တွေရဲ့ အားပေးမှုပုံစံ ပြောင်းလဲသွားသလို လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခု၊ သုံးခုကျော် ကာလလောက်က ပရိသတ်တွေရဲ့ အသည်းစွဲ ကစားသမားတွေဖြစ်ခဲ့တဲ့ မာရာဒိုနာ၊ ရိုနယ်လ်ဒိုတို့ဟာ တကယ့်ကို လူဝကြီးတွေဖြစ်နေပြီး သူတို့ဟာ တစ်ချိန်က ပြိုင်ဘက် နောက်တန်း ကစားသမားတွေ အကြောက်ရဆုံးကစားသမားဖြစ်တယ်ဆိုတာ ကျိန်ပြောရမလိုပါပဲ။

ဖီဖာ(ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်)ရဲ့ ရန်ပုံငွေပွဲမှာ ပါဝင်ကစားဖို့ ဆွစ်ဇာလန်မြေကို ရောက်နေတဲ့ သူတို့နှစ်ဦးကို ပရိသတ်တွေက ချစ်ခင်မှုအပြည့်နဲ့ အားပေးခဲ့သလို မာရာဒိုနာကလည်း ဖီဖာဂုဏ်သိက္ခာ ပြန်လည်တက်လာဖို့ သူ့အနေနဲ့ တတ်စွမ်းသမျှ ဝိုင်းဝန်းဆောင်ရွက်မယ်လို့ ကတိပြုခဲ့ပါတယ်။ တစ်ဦးချင်း ဘောလုံးစွမ်းဆောင်ရည်ပြကြချိန်မှာလည်း မာရာဒိုနာဟာ ဘောလုံးအတို့အယူ၊ ဘောလုံးအထိန်းအသိမ်းတွေမှာလည်း အကောင်းဆုံး စွမ်းဆောင်ပြနိုင်ဆဲဖြစ်လို့ ပရိသတ်လက်ခုပ်သံညံခဲ့တာကြောင့် ဒီလူဝကြီးတွေဟာ ပရိသတ်အချစ်တော်ဖြစ်နေဆဲဆိုတာကို သက်သေပြနိုင်ခဲ့ပါတယ်။

**မေလဲ့သင်း –ရေးသားသည်။**

## အောက်မြန်မာပြည်

# မင်းလှမြို့နယ်၌မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ပဲခူး ဇူလိုင် ၁၁**
သာယာဝတီခရိုင် မင်းလှမြို့နယ် သစ်တောဦးစီးဌာနမှဦးစီး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက မင်းလှမြို့ ရွှေဝါမြိုင်အုပ်စု ရွှေဝါမြိုင်ပျိုးဥယျာဉ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မင်းလှမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးတင်အုန်းကျော်က သစ်ပင်စိုက်ပျိုးခြင်း၏အကျိုးကျေးဇူး၊ သစ်ပင်စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်နှင့် သစ်ပင်စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး သာယာဝတီခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးညွန့်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးရန်ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက်ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၀၀ ခန့်တို့က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ယင်းမာ၊ ယမနေစသည့် ပျိုးပင်ပေါင်း ၈၀၀ အား စုပေါင်းတပျော်တပါးစိုက်ပျိုးကြကြောင်းသိရသည်။ **တင်စိုး(ပဲခူး)**





# ချင်းပြည်နယ်အတွင်းရှိကားလမ်းများတွင် သွားလာရေးခက်ခဲနေ

**တီးတိန် ဇူလိုင် ၁၁**
ချင်းပြည်နယ်(မြောက်ပိုင်း)နှင့်ဆက်သွယ်မှုတွင် အဓိကကျသောလမ်းမကြီးဖြစ်သည့် ကလေး-ဖလမ်း-ဟားခါးလမ်းမကြီးနှင့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည့် ကလေး-တီးတိန်-ရိဒ်လမ်းမကြီးတို့မှာ အဓိကသွားလာမှုများသော ကားလမ်းမကြီးဖြစ်ရာပြီးခဲ့သည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ လမ်းတိုးချဲ့ပြုပြင်ခြင်း၊ တောင်နံရံများဖြိုချခြင်းတို့ကြောင့် ယခုမိုးရာသီတွင် ကလေး-ဖလမ်း-ဟားခါးလမ်းတစ်လျှောက်နှင့် ကလေး-သိုင်းငင်း-တီးတိန်-ရိဒ်လမ်းတစ်လျှောက်တွင် လမ်းသားပျက်စီးမှုများ ကြီးမားကာ မိုးမပြတ်ရွာသွန်းရာမှ ရွှံ့နွံ၊ ဗွက်နွံကြီးများ ဖြစ်ပေါ်နေကြောင်းချင်းတောင်သို့ ပြေးဆွဲသည့်မော်တော်ယာဉ်လိုင်းများမှ သိရသည်။

ယခုရက်ပိုင်း ကားလမ်းအပျက်အစီးကြီးမားသောနေရာများမှာ ကလေး-သိုင်းငင်းကြား၊ သိုင်းငင်း-တီးတိန်ကြား၊ တီးတိန်-ရိခေါဒါရ်ကြား၊ သိုင်းငင်း-ဖလမ်းကြား၊ ဖလမ်း-ဟားခါးကြားနှင့် ဟားခါး-ဂန့်ဂေါလမ်းအကြားတို့တွင် လမ်းပျက်စီးမှုကြီးမားပြီး ချင်းပြည်နယ်အတွင်းရှိအဓိကလမ်းမကြီးပေါ်တွင် မိုးရာသီအတွင်း တောင်ပြိုမှု၊ ကားလမ်းပြိုကျမှုများကြောင့် ခရီးသည်နှင့် မော်တော်ကားများ သွားလာရေး အခက်အခဲမရှိစေရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့မှ သက်ဆိုင်ရာလမ်းပိုင်းအလိုက် အင်ဂျင်နီယာများအား တာဝန်ချထားပေးလျက်ရှိရာ မြေပြို၊ လမ်းပြိုမှုများကိုစက်ယန္တရားကြီးများဖြင့် အချိန်နှင့်တစ်ပြေးညီရှင်းလင်းဖယ်ရှားပေးလျက်ရှိကြောင်း သိရသည်။ **နိုဟေဆာ**

# ဖျာပုံမြို့တွင် လမ်းလွှဲပေးထားသောကွန်ကရစ်လမ်းများ တန်ချိန်များသောယာဉ်များကြောင့် ကွဲအက်ကျိုးပဲ့ပျက်စီး

**ဖျာပုံ ဇူလိုင် ၁၁**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ဖျာပုံမြို့တွင်းလမ်းများကိုမိုးရေဒဏ်ခံနိုင်ပြီး ပျက်စီးမှုနည်းပါးသည့် ကွန်ကရစ်လမ်းများ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းတည်ဆောက်ဖောက်လုပ်လျက်ရှိရာ ဖျာပုံမြို့ အောင်သုခလမ်းနှင့် ဗိုလ်ချုပ်လမ်းကိုဆက်သွယ်ထားသည့် ရတနာလမ်းအား ရှစ်လက်မ ဒု နှစ်လမ်းသွား အဆင့်မြင့်ကွန်ကရစ်လမ်းကို ယခုဇူလိုင်လဆန်းမှ စတင်ဖောက်လုပ်လျက်ရှိရာ လမ်းလွှဲများအဖြစ် အမှတ်(၇)ရပ်ကွက်အတွင်းရှိ ဇေယျဝတီလမ်း၊ နီလာလမ်း၊ မေခါဝီလမ်းများကိုလမ်းညွှန် ဆိုင်းဘုတ်များနှင့် လမ်းလွှဲပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါလမ်းလွှဲပေးမှုကြောင့် နီလာလမ်းမှာ ကွဲအက်သွားပြီး မေခါဝီလမ်းထိပ်ပိုင်းတွင် ကျိုးပဲ့ပျက်စီးသည်ကို ပကတိမြင်တွေ့နေရသဖြင့် လမ်းလွှဲပေးရာတွင် ပြည်သူများအဆင်ပြေပြီး ကုန်တင်ကား၊ ဆီဘောက်ဆာ၊ ခရီးသည်တင်ကားများ သွားလာနိုင်ရန် ခံနိုင်ဝန်ရှိသည့်လမ်းလွှဲများကို တာဝန်ရှိသူများက စနစ်တကျသေချာစွာ ရွေးချယ်သတ်မှတ်ပေးမှသာ ရပ်ကွက်အသီးသီးနေ ပြည်သူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဖောက်လုပ်ထားသည့် ကွန်ကရစ်လမ်းများ၊ အလှူရှင်တစ်ဦးတည်း လှူဒါန်းထားသော ကွန်ကရစ်လမ်းများ ပျက်စီးမှုကင်းဝေးစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖျာပုံမြို့တွင်းလမ်းများကို ကွန်ကရစ်လမ်းများအဖြစ် ဖောက်လုပ်တည်ဆောက်လျက်ရှိရာတွင် လမ်းဖောက်လုပ်စဉ်အတွင်း မဖြစ်မနေ လမ်းလွှဲများသတ်မှတ်ပေးလျက်ရှိရာတွင် သတ်မှတ်လမ်းညွှန်ပေးထားသော ကွန်ကရစ်လမ်းများ ခံနိုင်ဝန်အားနည်းခြင်း၊ လမ်းကျဉ်းမြောင်းခြင်းများကြောင့် အသစ်ဖောက်လုပ် တည်ဆောက်ပြီးစီးသွားသောကွန်ကရစ်လမ်းများအဆင်ပြေစွာပြီးစီးသွားပြီးနောက်တွင် လမ်းလွှဲများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နေသဖြင့် ပြည်သူများ အခက်ကြုံတွေ့နေရကြောင်း အမှတ်(၇) ရပ်ကွက်နေ ပြည်သူများထံမှ သိရသည်။ **ချမ်းသာ (ဖျာပုံ)**



# စခန်းမှူးလုပ်ငန်းခွင်(မွမ်းမံ)သင်တန်းဖွင့်

**သန်လျင် ဇူလိုင် ၁၁**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏အစီအစဉ်ဖြင့် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက စခန်းမှူးလုပ်ငန်းခွင်(မွမ်းမံ) သင်တန်းအမှတ်စဉ် (၂/၂၀၁၇) ကို ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး (ယာယီ)ဒုတိယရဲမှူးကြီးထွန်းဖေက အဖွင့်အမှာစကားပြောကြားသည်။ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိများ မြို့နယ်ရဲတပ်ဖွဲ့မှူးများ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

# ပိုလန်နိုင်ငံမှပေးပို့မည့်အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေးသင်တန်းဆင်းပွဲကျင်းပ

**မရမ်းကုန်း ဇူလိုင် ၁၁**
ပိုလန်နိုင်ငံမှပေးပို့မည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှုအကြိုလေ့ကျင့်ရေး သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဆင်းအမှာစကားပြောကြားသည်။



အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေးသင်တန်းဆင်းပွဲမှတစ်ဆင့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာများ စနစ်တကျကိုင်တွယ်ထိန်းသိမ်းအသုံးပြုပြီး မိဘပြည်သူများအကျိုးအတွက် မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းသိရသည်။ ပိုလန်နိုင်ငံ WISS Corporation နှင့် Secure Networks ကုမ္ပဏီတို့မှ ကျွမ်းကျင်နည်းပြဆရာများဖြင့် ငါးပတ်ကြာအောင်မြင်စွာ သင်တန်းပို့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲသို့ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ပိုလန်နိုင်ငံ WISS Corporation နှင့် Secure Networks Co., Ltd တို့မှတာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် အရာရှိသင်တန်းသား သင်တန်းသူ ၅၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်**

# ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများဆယ်ယူရှင်းလင်း

**ရန်ကုန် ဇူလိုင် ၁၁**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဇော်ဘွားကြီးကုန်းရပ်ကွက် ရန်ကုန်-ပြည်လမ်းပေါ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးခြံအနီး လမ်းဘေးဝဲ/ယာ ရေမြောင်းများ၌ အမှိုက်များ၊ နုန်းမြေများ ပိတ်ဆို့မှုရှိနေ၍ ရေစီးရေလာကောင်းမွန်စေရန်၊ လမ်းမကြီးပေါ်တွင် ရေတင်မှုများ မရှိစေရန်နှင့် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် အင်းစိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင် သန့်ရှင်းသာယာလှပအောင် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦးဆောင်သည့် စည်ပင်ဝန်ထမ်းများ၊ မြောင်းရှင်းလုပ်သားများသည် ရေမြောင်းအတွင်း နုန်းများ၊ မြေများဆယ်ယူခြင်း၊ အမှိုက်များ ပိတ်ဆို့နေ၍ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**(မဇ)**

**YCTC Business Institute**

International Qualifications Network (IQN),UK မှ
အသိအမှတ်ပြုရိုးမြှင့်သည့် Single Subject Diploma သင်တန်းများ

ထူးချွန်ကျောင်းသား/သူများအတွက် Exam Fees ကင်းလွတ်ခွင့်ရရှိနိုင်မည့်အခွင့်အရေး

**Diploma in Human Resource Management**
[Saturday Only (4 Months)]

U Aung Kyaw Soe
B.Com (Q)., M.Com.,
(1:00 PM to 4:00 PM)
(July 22nd စမည်။)

**Diploma in Marketing**
[Saturday Only (4 Months)]

Daw Nyein Nyein Hlaing
B.Com (Hons)., M.Com
(4:30 PM to 7:30 PM)
(July 22nd စမည်။)

No.24, Yaw Min Gyi Street, Dagon Tsp, Yangon. Tel : (01) 393076, (09) 420 118 100, (09) 250 640 429

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ်

**ဂုဏ်ထူး ဦးအောင်ခိုင်**

**ဒေါ်စန္ဒာအောင်ခိုင်**
B.A ( English )
Diploma in Travel & Tourism
City College of San Francisco

English Speaking (အင်္ဂလိပ် စကားပြော)
၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်

မြို့လယ် ၂၇၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန်းတော်၊ သံသုမာလမ်း 09 798 44 33 20

၁၀တန်း **Repeater** များကို ဘာသာစုံ အထူး အိမ်လိုက် သင်ပေးသည်။
**09-5156557**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ကျောက်ဆည်စိုက်ပျိုးရေး သုတေသနခြံနှင့် မြင်းခြံစိုက်ပျိုးရေးသုတေသနခြံတို့၌ ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ၊ (၂)ထပ် ရေ၊ မီး၊ အိမ်သာ၊ ရေစင်၊ သံပန်းပါ၊ ပေ (၆၀×၄၀×၂၀) (၂)လုံး ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၇-၂၀၁၇ရက် မှ ၁၁-၈-၂၀၁၇ရက်ထိ(ရုံးချိန်အတွင်း)

၃။ တင်ဒါရောင်းချမည့်နေရာ - တိုင်းဦးစီးမှူးရုံး၊ စိုက်ပျိုးရေး ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

၄။ တင်ဒါလျှောက်လွှာပိတ်ရက် - ၁၁-၈-၂၀၁၇ရက် ညနေ(၁၆း၃၀)နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၂-၂၈၄၈၆၅၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

# OPEN SOCIETY FOUNDATIONS

## Scholarship Opportunity

The Open Society Foundations (OSF) is a global philanthropic foundation committed to the global struggle for open society and responding quickly to the challenges and opportunities of the future. We are now established in Myanmar as a registered national foundation named Open Society Myanmar (OSM), working on the advancement of education, health, civil society and community development, human rights and promotion of harmony equality and diversity, youth and women, as well as for prevention or relief of poverty.

The Open Society Foundations (OSF) is delighted to announce fully-funded scholarship opportunities for eligible Myanmar citizens under the 2018 Civil Society Leadership Awards (CSLA) program. This program provides scholarships for master's degree study at universities in the U.S, the U.K, EU and Hong Kong, to individuals who clearly demonstrate academic and professional excellence and a deep commitment to leading positive social change in their communities.

CSLA grantees will receive financial and administrative support for the following: Pre-academic preparation via summer schools; Program-related travel; Tuition and mandatory university fees; Monthly stipend for room, board, and other living expenses; Accident and sickness insurance during the program; Funds for educational materials and professional development; Attendance at a regional Scholarship Programs conference; and Accommodations during the application process and the duration of the grant for applicants with disabilities.

Eligibility

Interested applicants must meet the following criteria:

- Be a citizen of Myanmar
- Demonstrate maturity, flexibility and civil society leadership potential;
- Have a bachelor's degree awarded before July 15, 2017and an excellent academic record;
- Demonstrate professional experience in a relevant area;
- Demonstrate proficiency in the language of instruction (English, German or French) at a level required for admission by host universities;
- Be able to participate in an intensive pre-academic summer school in July or August 2018 and start their degree program in August or September 2018;
- Be able to receive and maintain a visa or study permit as required by the host country; and
- Demonstrate a clear commitment to return to their home country or region to continue supporting open society development.

Supported fields of study

* Communications, Journalism & Media
* Development Studies
* Education Management & Leadership
* Gender Studies
* Law (including Human Rights law)
* Public Health Policy & Health Management
* Social Work & Social Policy
* Culture, History & Society
* Economics
* Environment & Natural Resource
* Human Rights
* Politics & International Studies
* Public Policy & Administration

For details of the scholarship, including application instructions, please visit https://www.opensocietyfoundations.org/grants/civil-society-leadership-award-20160708

The deadline for application is 15 July 2017.

**" တိုက်ခန်း အမြန်ရောင်း/ငှါးမည် "** (ပွဲစားမလို)

| | | | | |
|---|---|---|---|---|
| ၁။ရွှေဂုဏ်သူကွန်ဒို | (1626Sqft) | Lift | M3,B1,A/C | 2600L |
| ၂။သမိုင်းဘူတာရုံလမ်း | (12½x50) | G/F | Hall,Ph,∠ခန်း | 1200L |
| ၃။အလုံနွယ်သာကီလမ်း | (25x50) | 3/F | M1,(တိုက်သစ်) | 900L |
| ၄။ကမရွမင်္ဂလာလမ်း | (25x50) | 4/F | B1,ပြင်ပြီး | 850L |
| ၅။ကမရွအင်းစိန်လမ်းမ | (16x60) | 3/F | B2,A/C2,ပြင်ပြီး | 830L |
| ၆။သဇင်မင်းအိမ်ရာ | (3350Sqft) | Lift | M4,B1,A/C,F-F | US2000 |
| ၇။တက္ကသိုလ်ရိပ်မွန်ကွန်ဒို | (1250Sqft) | Lift | M1,B1,A/C,furn | 13L |

**Ph: 01 510950, 09 5185539, 09 5012951**

Air.con ရေကျလို့လား?
Servicing လုပ်လိုက်ရင်
ကောင်းသွားမှာပါ။



**AAS Air.con Services**

Thingangyun branch
573 811,578 957
Kabaraye branch
09 505 4228
Myaynigone branch
09 86 14140
Lanmadaw branch
09 4200 33454

## ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက် အမှတ် – ၄၉၊ ဗိုလ်တိုက်ချွန်းလမ်း၊ အမှတ် – ၁၅၆၊ ဧရိယာ (၃.၄၀၉) ဧကရှိ မြေကွက်ကြီးအနက်မှ(၁.၅) ဧကခန့်ရှိ၊ မြေကွက် အစိတ် အပိုင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ လိပ်စာရှိ မြေကွက်အမှတ်-၁၅၆အား ပါမစ် အမည်ပေါက် ဦးသိန်းမြင့်ဌေးထံမှ ၁၅-၁၂-၂၀၁၅ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ထားသူ ဦးစံထွန်းအောင်ကျော် [၁၂/ဗဟန(နိုင်)၀၅၁၄၂၆]ထံမှ (၁. ၅) ဧကခန့် ရှိ မြေကွက်အစိတ် အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ဆဲ စက်ရုံအဆောက် အအုံတို့အား ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ရဲမင်း [၉/မထလ(ပြု)၀၀၀၀၁၃] မှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထား ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် တကွကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလွင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၇၆၅၂)**
**အမှတ်(၁၉၂)၊ ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာ**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

သစ် ပင် စိုက် ပါ ဒို့ က မ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

## ကြော်ငြာ


**ASIA DRAGON (အာရှနဂါး)**
ချောင်းသာ 12000 ပုဂံခရီးစဉ် (သောကြာ)
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000 မြဝတီခရီးစဉ်(သောကြာ)
09-30030030, 09-799100100, 09-797100100

**ကိုကျော်နိုင် CAR RENTAL**
မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အဲစာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှု ပေးပါသည်။
09 25 358 2510

**မြရတနာ ASIA KING** 09-43114301, 09-420051117, 09-420221257
+ရွှေတောင်ပြန်း-သီးသန့် (နေ့ချင်းပြန်)၊ မဟာမြတ်မုနိ 35000 1-8-17 ထွက်မည်
+ရွှေတောင်ပြန်း၊ မန္တလေး၊ စစ်ကိုင်း၊ ကျောက်စိမ်း(ထမင်းကျွေး) (၃)ရက် 40000 ပြင်ဦးလွင်ပါ 45000 ❖ Guest House တည်း 75000
+ရွှေတောင်ပြန်း-မန္တလေး၊ တောင်ကြီး၊ အင်းလေး (ထမင်းကျွေး) (၃)ရက် 75000 ❖ Guest House တည်း 90000

**နဂါးမင်း** တောင်ပြုံးမင်းနှစ်ပါးနှင့်ဘုရားဖူး(1.8.2017)
တောင်ပြုံးမင်းနှစ်ပါး၊မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊ကျောက်စိမ်းစေတီ၊ပလိပ်မြွေဘုရား၊နေပြည်တော်၊ ထမင်းကျွေး(3)ညအိပ်(4)ရက်၊40000၊(10)ဦးဝယ်၊(11)ဦးလိုက်ခွင့်ပေးပါသည်။
တောင်ပြုံးမင်းနှစ်ပါး၊မန္တလေး၊လွိုင်ကော်၊တောင်ကြီး၊အင်းလေး၊ပင်းတယ၊နေပြည်တော် ထမင်းကျွေး(5)ညအိပ်(6)ရက်ခရီးစဉ်-75000၊(10)ဦးဝယ်၊(11)ဦးလိုက်ခွင့်ပေးပါသည်။
Ph:09425888325.09425888365.09450623655

**သုံးရောင်သီ** ဓမ္မဒါန
တောင်ပြုံးမင်းနှစ်ပါးပွဲ
တောင်ပြုံး၊ တောင်ကြီး၊ အင်းလေး(၆၀၀၀၀/-)
တောင်ပြုံး၊ပုပ္ပါး၊ ပုပ္ပါး၊ ပခုက္ကူ(၆၀၀၀၀/-)
တောင်ပြုံး၊ မေမြို့၊ စစ်ကိုင်း(၄၀၀၀၀/-)
ကားအမျိုးမျိုးစီးလုံးငှားသည်။ 1-8-2017
420144148, 421153797

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊၃၃၊၂၄၊၁၈၊၁၄၊၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဥ်ပိုင်ရှင်များဆက်သွယ်ပါ)

**တရုတ်**
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

**ENGLISH Conversation Practice**
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန် TAMWE - 540714, 09 5183636, 09 420230133

**အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသူများအတွက်**

**GETC** building a better future




➲ Communicative English
➲ General English
➲ Business English ➲ IELTS

ယခုနှစ်တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများ 20% - 60% OFF

လစဉ်ကျောင်းအပ်လက်ခံနေပါပြီ

မြောက်ဥက္ကလာ ➲ 01-537895, 09263337702 | တာမွေ ➲ 01-549590, 09254148006

**NELC**
*Don't Worry, Just Speak!*




Communicative English Classes
- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

စသည့် English Language အတန်းများကို NELC တွင်တက်ရောက်နိုင်ပါသည်။

မြောက်ဥက္ကလာ - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
နေပြည်တော် - 09 782009390 ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

**Galaxy Software** GALAXY Software Co.,Ltd.

HotelPro® ဟိုတယ်လုပ်ငန်းသုံး ကွန်ပျူတာစနစ်
iStock® ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်
CaféPOS® စားသောက်ဆိုင်သုံး ကွန်ပျူတာစနစ်



QUALITY PRODUCTS, EXCELLENT SERVICES, REASONABLE PRICE

| | | |
|---|---|---|
| YANGON | No.29B, 1st Floor, New University Avenue Road, Bahan Township, Yangon. | 09 43 209 550, 09 79 5400 731 |
| MANDALAY | No.Da 11/49 A, 64 Street, (Between 39 St. x 40 St.), Mahar Aung Myae Township, Mandalay | 09 4400 67 577, 09 97 8030 881 |
| NAY PYI TAW | NO. 626, Padauk 3 Street, Thapyay Kone Ward, Zabuthiri Township, Nay Pyi Taw. | 09 257 333 214, 09 97 4432 762 |
| PATHEIN | No.1493, Tatargyitan Lanthit Street, No.3 Zone, Pathein, | 09 4550 424 99, 09 455 04 2500 |
| TAUNGGYI | NO. G 105, Mya Myintzu Thama Apartment, Nyaung Phyu Sa Kan Quarter, Taunggyi, | 09 444 200 771, 09 444 200 772 |

www.galaxy.com.mm HOT LINE 09 43 209 550 Copyright©Galaxy Software Co.,Ltd. All right reserved.


သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး


PREMIER
COFFEE
(၂)ထပ်ကွမ်းငွေလမ်းကံစမ်းမဲအစီအစဉ်ရဲ့...
ငွေကျပ်သိန်း (၁၀၀) ဆု (၂၀) ဆုကံထူးရှင်များ
ရန်ကုန်တိုင်းဒေသကြီးမှ
ဒေါ်သန်းမြ (တောင်ဥက္ကလာ)
ရန်ကုန်တိုင်းဒေသကြီးမှ
ဦးဝင်းမောင် (မြောက်ဒဂုံ)
ပဲခူးတိုင်းဒေသကြီးမှ
မကြည်ဖြူစင်လင်း (ညောင်လေးပင်)
မန္တလေးတိုင်းဒေသကြီးမှ
ဒေါ်ထူးထူး
ရန်ကုန်တိုင်းဒေသကြီးမှ
ဦးကျော်ဇင် (တာမွေ)
ရန်ကုန်တိုင်းဒေသကြီးမှ
မိုင်ဝင်နီထွန်းမြင့် (အင်းစိန်)
ရန်ကုန်တိုင်းဒေသကြီးမှ
ဦးထွန်းနိုင် (ပုဇွန်တောင်)
ရန်ကုန်တိုင်းဒေသကြီးမှ
မောင်ပြည့်စုံဝင်း
ပဲခူးတိုင်းဒေသကြီးမှ
ဒေါ်စမ်းစမ်းဦး
ရန်ကုန်တိုင်းဒေသကြီးမှ
ဦးဝင်းအောင် (ဒလမြို့)
ရန်ကုန်တိုင်းဒေသကြီးမှ
ဦးမျိုးဝင်း (မင်္ဂလာတောင်ညွန့်)
ရန်ကုန်တိုင်းဒေသကြီးမှ
ဦးကြည်ပိန် (ဒဂုံတောင်)
နေပြည်တော်တိုင်းဒေသကြီးမှ
ဦးမောင်သန်း (ပျဉ်းမနားမြို့)
ရန်ကုန်တိုင်းဒေသကြီးမှ
မမာမာဝင်း (စမ်းချောင်း)
ရန်ကုန်တိုင်းဒေသကြီးမှ
ဒေါ်ငြိမ်းငြိမ်းခိုင် (တာမွေ)
ရန်ကုန်တိုင်းဒေသကြီးမှ
ဦးကျော်လှိုင် (သဃ်န်းကျွန်း)
နေပြည်တော်တိုင်းဒေသကြီးမှ
ဦးဇော်လှိုင်ဌေး
ပဲခူးတိုင်းဒေသကြီးမှ
စောမင်းဝင်း (တောင်ငူ)
ရန်ကုန်တိုင်းဒေသကြီးမှ
မသဉ္ဇာလီနိုင် (မင်္ဂလာဒုံ)
နေပြည်တော်တိုင်းဒေသကြီးမှ
မဖြူပြာအိ
(၂)ထပ်ကွမ်းငွေလမ်းကံထူးရှင်များအား
ဆုပေးပွဲအခမ်းအနားကို
JULY 19 2017 Wednesday (ဗုဒ္ဓဟူးနေ့)
Pyay Ballroom
Novotel Hotel
Yangon
မှာကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

